ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## လောကဓမ္မတာစံကြရာ

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday, 8 December 2017 ၉၁၃၂

# ပြင်သစ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံ သံအမတ်ကြီးများအဖြစ် သွားရောက်တာဝန်ထမ်းဆောင်မည့်ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ဩဝါဒလမ်းညွှန်မှုခံယူ

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ဦးကျော်ဇေယျနှင့် ဘရာဇီး ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ဦးမျိုးတင့်တို့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သမ္မတရုံးခန်း၌ လာရောက်တွေ့ဆုံပြီး နိုင်ငံတော်သမ္မတ၏ ဩဝါဒနှင့် လမ်းညွှန်မှုခံယူခဲ့ကြသည်။

**သတင်းစဉ်**



## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ တိုကျိုမြို့တွင် ကျင်းပမည့် Universal Health Coverage(UHC) Forum 2017 သို့ တက်ရောက်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် မကြာမီကာလအတွင်း ဂျပန်နိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

**သတင်းစဉ်**

အစွရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိခိုက်စေမည့် အစီအမံမှန်သမျှ ကန့်ကွက်ဟု ကုလ အကြီးအကဲပြော

စာမျက်နှာ » ၄

ရန်ကုန်မြို့တွင် ဆဋ္ဌမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံကျင်းပ

စာမျက်နှာ » ၈

မကြာမီပြန်လည်ဖွင့်လှစ်တော့မည့် မောင်တောမြို့မ စည်ပင်သာယာဈေးကြီး၌ လုံခြုံရေးကင်မရာ (CCTV)များ စတင်တပ်ဆင်

စာမျက်နှာ » ၁၀

# ကုလသမဂ္ဂ ငြိမ်းချမ်းရေးခေါင်းလောင်းပုံစံငယ်တစ်လုံး ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းလှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၇

**ဂျပန်နိုင်ငံ Trust Fund for Restoration and Maintenance of the Peace Bell က လှူဒါန်းသည့် ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်းပုံစံငယ်တစ်လုံးကို ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းလှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ကုလသမဂ္ဂ ငြိမ်းချမ်းရေးခေါင်းလောင်းနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကုလသမဂ္ဂ ငြိမ်းချမ်းရေး ခေါင်းလောင်းသည် ဂျပန်နိုင်ငံသား Chiyoji Nakagawa က ငြိမ်ချမ်းရေးကို အမြဲအမှတ်ရနေစေရန် နိုင်ငံပေါင်း ၆၀ ကျော်မှ ဒင်္ဂါးများ၊ ကြေးတံဆိပ်များ၊ သတ္တုများကို စုဆောင်း၍ ငြိမ်းချမ်းရေးခေါင်းလောင်း စတင်သွန်းလုပ်ခဲ့ပြီး အဆိုပါခေါင်းလောင်းတွင် တစ်ကမ္ဘာလုံးငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲပါစေ ဟူသော ခန်းဂျီးစာလုံးရှစ်လုံးကို ရေးထိုးထားကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ ငြိမ်းချမ်းရေးခေါင်းလောင်းကို လွှဲပြောင်းလက်ခံရယူပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ထံ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ငြိမ်းချမ်းရေးခေါင်းလောင်း လွှဲပြောင်းပေးအပ်စဉ်။



# ကြေးမုံ

## စွက်ဖက်မှုမှန်သမျှ ဆန့်ကျင်ရှုတ်ချ

ကမ္ဘာပေါ်တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိပြီး အဆိုပါနိုင်ငံများ၏ အကျိုးစီးပွား၊ အဆိုပါနိုင်ငံများ၏ ဖြစ်ပေါ်နေသော အရေးအရာကိစ္စရပ်များကို ကမ္ဘာ့နိုင်ငံများကိုယ်စား ဦးဆောင်ဦးရွက် ပြုကြသောပုဂ္ဂိုလ်များက ဆောင်ရွက်ပေးကြရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံများအားလုံးအတွက် ပြဋ္ဌာန်းထားသော ကျင့်ဝတ်သိက္ခာဥပဒေတို့နှင့်အညီ ဘက်လိုက်ခြင်းမရှိ၊ သမာသမတ်ကျကျ တရားမျှတမှုရှိရှိဖြင့် စဉ်းစားချင့်ချိန် ဆောင်ရွက်ပေးကြရသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများအား ကိုယ်စားပြုသည့် အဖွဲ့အစည်းတို့သည် လူ့အခွင့်အရေးကို အကြောင်းပြု၍ မမှန်မကန်သုံးသပ်ဘက်လိုက်ဆုံးဖြတ်သည့် လုပ်ဆောင်မှုများ ပြုလုပ်လာကြသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် ပြဋ္ဌာန်းထားသောကျင့်ဝတ်များ၊ အခြေခံမူများမှ သွေဖည်သည့် အားထုတ်မှုများဖြစ်သလို ကမ္ဘာ့လူသားများအားလုံး၏ အကျိုးစီးပွားကို တရားမျှတပြီး မှန်ကန်မှုရှိစွာဖြင့် ချဉ်းကပ်ဆောင်ရွက်ရမည်ဆိုသည့် အစဉ်အလာကောင်းမှ လွဲချော်နေသည်ကို တွေ့ရသည်။

ဂျီနီဗာမြို့တွင် အခြေစိုက်သော ကုလသမဂ္ဂ အဆောက်အအုံရှိ လူ့အခွင့်အရေးကောင်စီတွင် ဒီဇင်ဘာလ ၅ ရက်က ပြုလုပ်ခဲ့သည့် အစ္စလာမ်မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအိုင်စီ)မှ မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အထူးအစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဦးဆောင်တင်သွင်းသည့် ရခိုင်ပြည်နယ်ရှိ လူနည်းစုနှင့် မူဆလင်အသိုက်အဝန်း၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ ဆုံးဖြတ်ချက် အဆိုမူကြမ်းကို အရေးယူဆောင်ရွက်ရန် အဆိုတင်သွင်းခဲ့သည်။

တရားမျှတမှု၊ ဓမ္မဓိဋ္ဌာန်ကျမှု မရှိသည့် ယင်းအဆိုမူကြမ်းကို လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် တရုတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့က မဲခွဲရန် တောင်းဆိုခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် အဖွဲ့ဝင် ၄၇ နိုင်ငံရှိပြီး ဆုံးဖြတ်ချက်အဆိုအား မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ ၃၃ မဲ၊ ကန့်ကွက်မဲ သုံးမဲ၊ ကြားနေမဲ ကိုးမဲဖြင့် အတည်ပြုခဲ့သည်။ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် နှစ်နိုင်ငံမှာ မဲပေးခြင်းမရှိဘဲ မဲခွဲရန်တောင်းဆိုပေးသည့် တရုတ်နိုင်ငံ၊ ၂၀၁၇ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် ဖိလစ်ပိုင်နိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံတို့က ကန့်ကွက်မဲ ပေးခဲ့ကြသည်။

ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ ဘက်ပေါင်းစုံ ဖိအားပေးနေသည့်ကြားမှ မဲခွဲရန် တောင်းဆိုပေးခြင်း၊ အဆို မူကြမ်းကို ကန့်ကွက်မဲပေးခြင်း သို့မဟုတ် ကြားနေမဲပေးခြင်း သို့မဟုတ် မဲပေးမှုတွင် မပါဝင်ခြင်းတို့သည် မြန်မာနိုင်ငံအပေါ်တွင် စာနာထောက်ထားနားလည်မှုရှိခြင်းကို ပြသရာရောက်သဖြင့် အဆိုပါ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် ၁၄ နိုင်ငံမှာ ကျေးဇူးတင်ထိုက်ပေသည်။ လူ့အခွင့်အရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံ ၄၇ နိုင်ငံရှိသည့်အနက် ၁၄ နိုင်ငံက ထောက်ခံခြင်းမရှိသဖြင့် ယင်းအဆိုမူကြမ်းကို တူညီဆန္ဒဖြင့် အတည်ပြုဖို့ ကြိုးပမ်းအားထုတ်မှုမှာ အချည်းနှီးဖြစ်ခဲ့သည်။

ရခိုင်ပြည်နယ်အရေးကိစ္စမှာ ပြည်တွင်းရေးကိစ္စဖြစ်ပြီး အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံအရေးကိစ္စလည်း ဖြစ်သည်။ ထိုအရေးကိစ္စကို ပြည်တွင်း၌ ပြေလည်အောင် ဆောင်ရွက်နေသလို ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လည်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ယင်းသို့သော ဖြစ်ပေါ်တိုးတက်မှု အခြေအနေတွင် အဆိုမူကြမ်း တင်သွင်းခြင်းသည် မြေပြင်အခြေအနေကို အထောက်အကူမပြုဘဲ ပိုမိုရှုပ်ထွေးလာစေနိုင်သည့် အချက်ကိုထောက်ပြပြီး မဲခွဲရန် တောင်းဆိုခဲ့ခြင်းသည် လျော်ကန်သင့်မြတ်ပေသည်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံ ရှိသည့်အနက် တစ်နိုင်ငံတည်းကိုသာ ရွေးချယ်ပြီး လူ့အခွင့်အရေးနှင့်ပတ်သက်သည့်ကိစ္စကို မြန်မာနိုင်ငံအပေါ်အကြောင်းရှာ၍ ဤသို့ မမှန်မကန် စွပ်စွဲပြစ်တင်၊ အရေးယူနိုင်ရန် အကြိမ်ကြိမ် ကြိုးပမ်းအားထုတ်နေခြင်းသည် သဘောရိုးဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်းမဟုတ်ဟု ရှုမြင်ပါသည်။ မြန်မာနိုင်ငံသည် လက်အောက်ခံနိုင်ငံလည်းမဟုတ်၊ လက်ဝေခံနိုင်ငံလည်းမဟုတ်၊ ခနသဟာယနိုင်ငံလည်း မဟုတ်ဘဲ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ရာ မြန်မာနိုင်ငံအပေါ် ဝင်ရောက်စွက်ဖက်ရန် ကြံစည်ကြိုးပမ်းအားထုတ်မှု မှန်သမျှတို့ကို တစ်သွေးတည်း၊ တစ်သံတည်း ဆန့်ကျင်ရှုတ်ချတုံ့ပြန်သွားနေမည်သာဖြစ်ကြောင်း မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏ ဆန္ဒအမှန်ကို သိစေအပ်ပါသည်။ ။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စက်တင်ဘာလ ငွေကြေးအမျိုးအစားအလိုက်(ပုံမှန်) ပို့ကုန်နှင့်သွင်းကုန်

(သန်းပေါင်း)

| စဉ် | ငွေကြေးအမျိုးအစား | ပို့ကုန် | သွင်းကုန် | ပိုငွေ/လိုငွေ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ယူရို | ၁၁. ၅၆ | ၀. ၀၀ | ၁၁. ၅၆ | ၁၁. ၅၆ |
| ၂။ | ယန်း | ၀. ၀၈ | ၀. ၀၀ | ၀. ၀၈ | ၀. ၀၈ |
| ၃။ | စင်ကာပူဒေါ်လာ | ၀. ၂၀ | ၀. ၀၀ | ၀. ၂၀ | ၀. ၂၀ |
| ၄။ | အမေရိကန်ဒေါ်လာ | ၁၁၇၈. ၅၆ | ၁၂၀၉. ၀၂ | -၃၀. ၄၆ | ၂၃၈၇. ၅၈ |
| ၅။ | ညီမျှအမေရိကန်ဒေါ်လာ | ၁၁၉၀. ၄၀ | ၁၂၀၉. ၀၂ | -၁၈. ၆၂ | ၂၃၉၉. ၄၂ |

**ဇာစ်မြစ်။ အကောက်ခွန်ဦးစီးဌာန**

**မှတ်ချက်။ ညီမျှအမေရိကန်ဒေါ်လာဆိုသည်မှာ ငွေကြေးအမျိုးအစားအလိုက် ပို့ကုန်၊ သွင်းကုန်တန်ဖိုးများနှင့် ညီမျှသော အမေရိကန်ဒေါ်လာဖြစ်ပါသည်။**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် ပုံမှန်သွင်းကုန်တွင် ရေနံထွက်ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများနှင့် သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းမှုတို့ ပိုမိုခဲ့ပြီး ပို့ကုန်တွင် ချုပ်ပြီးအထည်၊ ဆန်၊ သတ္တုနှင့် သတ္တုရိုင်း၊ သဘာဝဓာတ်ငွေ့နှင့် ဆန်ကွဲတို့ကို ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း သွင်းကုန်ပမာဏများပြားနေသဖြင့် ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်ခဲ့သည်။ **သတင်းစဉ်**

## HIV/ AIDS၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ အမေရိကန်ဒေါ်လာ သန်းသုံးရာကျော် ထောက်ပံ့

**ရန်ကုန် ဒီဇင်ဘာ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund) အဖွဲ့မှ ဒေါက်တာအာဘန်ဝက်ဘ်ဘာ ဦးဆောင်သောအဖွဲ့အား ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိစ္စ၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ အထောက်အပံ့ဖြင့် ဆောင်ရွက်သော ရောဂါကြီး သုံးမျိုး စီမံချက်လုပ်ငန်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်အား အကဲဖြတ်ခြင်းပြုလုပ်မည့် Office of Inspector General (OIG) အဖွဲ့ လာရောက်မည့်ကိစ္စ၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါ လုံးဝ ကင်းစင်ရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် "RAI2E" စီမံချက်၊ တီဘီနှင့် HIV/AIDS ရောဂါများ တိုက်ဖျက်ရေးအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ဆက်လက်ပံ့ပိုးသွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။

ထို့ပြင် မြန်မာနိုင်ငံအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ HIV/ AIDS၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် ရန်ပုံငွေများ ဆက်လက်ထောက်ပံ့ပေးရာတွင် တီဘီရောဂါ တိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၀၄သန်း၊ HIV/ AIDS ရောဂါ တိုက်ဖျက်ရေးအတွက် အမေရိကန် ဒေါ်လာ ၁၂၉ ဒသမ ၉၆ သန်းနှင့် ငှက်ဖျားရောဂါကင်းဝေးရေးအတွက် အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၄၄ သန်း စုစုပေါင်း အမေရိကန် ဒေါ်လာ ၃၂၁ ဒသမ ၄၄ သန်း ဆက်လက် ထောက်ပံ့လှူဒါန်းမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

## ကလေးစာပေပွဲတော်ကို မင်းတပ်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မင်းတပ် ဒီဇင်ဘာ ၇**

ချင်းပြည်နယ် မင်းတပ်မြို့တွင် ကလေးစာပေပွဲတော်ကို ယနေ့ နံနက်ပိုင်းက ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ထို့နောက် ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်မင်းထန်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချင်းပြည်နယ်ဦးစီးမှူးက ကလေးစာပေပွဲတော် ကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ယင်းနောက် ကဗျာရွတ်ဆိုခြင်း၊ ပုံပြောပြိုင်ခြင်း၊ စာဖတ်စွမ်းရည်ပြိုင်ခြင်းတို့ကို ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူများ၏ ရိုးရာအက၊ ပြည်မြန်မာသီချင်းတို့ဖြင့် တင်ဆက် ဖျော်ဖြေကြသည်။

ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်၊ အိမ်ဆောက်၊ ခုံဖိနပ်စီး၊ ပန်းချီရေးဆွဲ၊ ပန်းချီဆေးရောင်ခြယ်၊ ပိုက်ကွင်းစွပ်ခါးလှည့်၊ ဂုန်နီအိတ်စွပ်ကစားနည်းများ ကျင်းပရာ ပြည်နယ်ဝန်ကြီးက လိုက်လံကြည့်ရှု အားပေးသည်။

"ဒီလိုကလေးစာပေပွဲတော် ကျင်းပပေးတာ အလွန်ပျော်တယ်၊ ဗဟုသုတလည်း အများကြီးရပါတယ်၊ နှစ်စဉ်ကျင်းပပေးမယ်ဆိုရင် ကောင်းမှာပဲ"ဟု ထူးချွန်ဆုရကျောင်းသူ မကီးရှိန်းအွယ်က ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၇**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၂၅၀၀၀ | - | ၉၂၅၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၂၅၀၀၀ | - | ၉၂၅၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၀/၇၈၅ ကျပ်၊ | ၈၂၅/၈၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၅/၇၉၀ ကျပ်၊ | ၈၆၅/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၀/၇၀၈ ကျပ်၊ | ၈၄၅/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၀/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၉. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆. ၂၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၈၂၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၄. ၆၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၃၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၅. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၅၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၁. ၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၀. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

## ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် မွေးနေ့ပွဲ

**ဒီဇင်ဘာ ၇ ရက်က ဂျပန်နိုင်ငံ ဘုရင်မင်းမြတ်၏ မွေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၈၀) နတ်မောက်လမ်းရှိ ဂျပန်သံအမတ်ကြီး နေအိမ်၌ ကျင်းပရာ အခမ်းအနား တက်ရောက်လာသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်ဇနီး ဒေါက်တာနန်းခမ်းမိုင်တို့အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။**

သတင်းစဉ်



## မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၂/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်**
**(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)**

**မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ငွေးမြင့်အေး ကို မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပုလောမြို့နှင့် သရက်ချောင်းမြို့နယ်တို့တွင် လူထုငြိမ်းချမ်းရေးဟောပြောပွဲ တေးဂီတဖျော်ဖြေရေးနှင့် ငြိမ်းချမ်းရေး ကာတွန်းပန်းချီရေးဆွဲခြင်း အခမ်းအနားကျင်းပ

**သရက်ချောင်း ဒီဇင်ဘာ ၇**

လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(တနင်္သာရီတိုင်းဒေသကြီး)၏ လူထုငြိမ်းချမ်းရေးဟောပြောပွဲ၊ တေးဂီတဖျော်ဖြေရေးနှင့် ငြိမ်းချမ်းရေးကာတွန်း ပန်းချီရေးဆွဲခြင်းကို ဒီဇင်ဘာ ၆ ရက် ည ၇ နာရီက ပုလောမြို့နယ် မြို့မဘော်လီဘောကွင်း၌ ကျင်းပသည်။

ဦးစွာ ငြိမ်းချမ်းရေးတေးဂီတများဖြင့် ဖျော်ဖြေကြပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးကြကာ ငြိမ်းချမ်းရေး ကာတွန်းပန်းချီ ရေးဆွဲကြသည်။



ဆက်လက်၍ (၈၈) မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ငြိမ်းချမ်းရေးရရှိရေးအတွက် ပြည်သူများပါဝင်လက်တွဲ၍ ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းလက်တွဲကြရန် ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသည့် ဧည့်ပရိသတ်များနှင့်အတူ ငြိမ်းချမ်းရေးဖယောင်းတိုင်များ ထွန်းညှိကာ မြန်မာပြည်ကြီးငြိမ်းချမ်းပါစေ၊ (၂၁) ရာစုပင်လုံညီလာခံ အောင်မြင်ပါစေကြောင်း ဆုတောင်းခဲ့ကြသည်။

အလားတူ သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာ ဘုရားကိုးဆူတောင်ပေါ်ကျောင်း ဓမ္မာရုံ၌ လူထုငြိမ်းချမ်းရေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောခဲ့ကြသည်။

အဆိုပါ သရက်ချောင်းမြို့နယ် လူထုငြိမ်းချမ်းရေးဟောပြောပွဲသို့ ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ပုလော(ပြန်/ဆက်)**
**နိုင်ဝင်း (ပြန်/ဆက်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန မူဝါဒရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

❑ **ရွှေဖုံးမှ**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်သူ့လွှတ်တော်ရုံးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Grand Final ပွဲစဉ် ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ Level - I ပွဲစဉ်များကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီး ၁၁ မြို့၌လည်းကောင်း၊ Level - II နှင့် Level - III ပွဲစဉ်များကို မန္တလေးမြို့၊ နေပြည်တော်နှင့် ရန်ကုန်မြို့များ၌လည်းကောင်း ကျင်းပခဲ့ပြီး တိုက်ရိုက် (Live) ထုတ်လွှင့်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခုအခါ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Grand Final ပွဲစဉ်ကို ဒီဇင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး ဆန်ခါတင်အဆင့် ပြိုင်ပွဲဝင် ၁၁ ဦးနှင့်အတူ နိုင်ငံကျော်အဆိုတော်များ ပါဝင်သီဆိုမှုအား တိုက်ရိုက် ( Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




✻ **၂၀၁၇ ခုနှစ်မှ**

မကွေးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်း၊ ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဒုတိယ၊ မကွေးတိုင်းဒေသကြီးအသင်းက တတိယဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အဆိုပါ ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား အမျိုးသမီး စက်ဘီးပြိုင်ပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၈ ရက် နံနက် ၆ နာရီတွင် အမျိုးသမီးတာဝေး ကီလိုမီတာ ၆၀၊ နံနက် ၇ နာရီခွဲတွင် အမျိုးသားတာဝေး ကီလိုမီတာ ၁၀၀ ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်ရာ စက်ဘီးအားကစားနည်းကို စိတ်ပါဝင်စားသော ပြည်သူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

○ **မုန်တိုင်းငယ်မှ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

**ကြေးမုံ**

# အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိခိုက်စေမည့် အစီအမံမှန်သမျှ ကန့်ကွက်ဟု ကုလ အကြီးအကဲပြော



**ကုလသမဂ္ဂ ဒီဇင်ဘာ ၇**
အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေနိုင်မည့် အစီအမံများအား တစ်ဖက်သတ်ဆောင်ရွက်ခြင်းကို မိမိကန့်ကွက်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီရိုဂူတာရက်စ် ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

မိမိသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးတာဝန်ကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ငြိမ်းချမ်းရေးတည်ဆောက်မှု ပျက်ပြားစေနိုင်သော အစီအမံမှန်သမျှကို တစ်ဖက်သတ်လုပ်ဆောင်ခြင်းမပြုရန် ပွင့်ပွင့်လင်းလင်းပင် ပြောကြားခဲ့ကြောင်း ဂူတာရက်စ်က ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုသည် အစ္စရေးနိုင်ငံ၏မြို့တော်အဖြစ် ဂျေရုဆလင်အား တရားဝင် အသိအမှတ်ပြုသည်ဟု သမ္မတဒေါ်နယ်ထရန့်က နိုဝင်ဘာ ၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ပြီးနောက် မကြာခင်မှာပင် ဂူတာရက်စ်က သတင်းထောက်များအား ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ဂျေရုဆလင်အား အဆင့်အတန်းသတ်မှတ်ရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံတို့၏ သက်ဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ အစ္စရေးနှင့်ပါလက်စတိုင်းအကြား တိုက်ရိုက်ညှိနှိုင်းဆွေးနွေးကာ ဖြေရှင်းရမည့် ကိစ္စဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားသည်။

ဂျေရုဆလင်သည် များလှစွာသောလူတို့၏နှလုံးသားဝယ် အလေးအမြတ်ပြုသည့် နေရာတစ်နေရာအဖြစ် မိမိနားလည်သိရှိကြောင်း၊ ဂျေရုဆလင်ကို လူများက ရာစုနှစ်ပေါင်းများစွာ တလေးတစားအထွတ်အမြတ်ထားလာခဲ့ကြောင်း၊ အစ္စရေးနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူမှ သွေဖည်ခြင်းမပြုသင့်ကြောင်း ဂူတာရက်စ်က ပြောကြားသည်။

ဂျေရုဆလင်သည် အစ္စရေး၏မြို့တော်အဖြစ်သာမက အနာဂတ် ပါလက်စတိုင်းနိုင်ငံတော်၏ မြို့တော်အဖြစ်လည်း အပြန်အလှန်အသိအမှတ်ပြုမှု ရှိရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအကြီးအကဲက ပြောကြားသည်။

**ဆင်ဟွာ**

# အသံထက်မြန်သော လေယာဉ်ထုတ်လုပ်ရေး ဂျပန်လေကြောင်းလိုင်း ရင်းနှီးမြှုပ်နှံ

**တိုကျို ဒီဇင်ဘာ ၇**
ဂျပန်လေကြောင်းလိုင်း ကုမ္ပဏီလီမိတက်သည် အသံထက်မြန်သောလေယာဉ်ကို အသုံးပြု၍ ခရီးသည်များ ပို့ဆောင်ပေးနိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စု ဒန်ဗာမြို့အခြေစိုက် ဘွမ်းစူပါဆိုးနစ်ကုမ္ပဏီ၌ ဒေါ်လာ ၁၀ သန်းထက်မနည်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘွမ်းကုမ္ပဏီက ထုတ်လုပ်မည့် အသံထက်မြန်သော ဂျက်လေယာဉ်သည် တစ်နာရီလျှင် မိုင်ပေါင်း ၁၄၅၀ ကျော်အမြန်နှုန်းဖြင့် ပျံသန်းနိုင်မည်ဟု ယင်းကုမ္ပဏီက မျှော်လင့်သည်။

စူပါဆိုးနစ် ဂျက်လေယာဉ်တွင် ခရီးသည် ၅၅ ဦးလိုက်ပါနိုင်မည်ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုရှိ နယူးယောက်မြို့မှ ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ လေကြောင်းခရီးစဉ်ပျံသန်းမှုကို ၃ နာရီ ၁၅ မိနစ်မျှသာ ကြာမြင့်ချိန်အတွင်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ဘွမ်းကုမ္ပဏီတာဝန်ရှိသူများက ပြောကြားကြသည်။

စူပါဆိုးနစ် ခရီးသည်တင်ဂျက်လေယာဉ်ကို ၂၀၂၀ ပြည့်လွန်ဆယ်စုနှစ်၏ နှစ်လယ်ပိုင်းမှစ၍ ခရီးစဉ်ပြေးဆွဲနိုင်မည်ဟု မျှော်လင့်ရသည်။

**ရိုက်တာ**




# ငြိမ်းချမ်းရေးနိုဗယ်လ်ဆု ချီးမြှင့်ပွဲတွင် နျူကလီးယားဗုံးဒဏ်မှ ရှင်သန်လွတ်မြောက်သူ မိန့်ခွန်းပြောကြားမည်

**အော်စလို ဒီဇင်ဘာ ၇**
၁၉၄၅ ခုနှစ် ဟီရိုရှီးမားမြို့၌ နျူကလီးယားဗုံးဒဏ်ဘေးမှ ရှင်သန်လွတ်မြောက်ခဲ့သူတစ်ဦးသည် ငြိမ်းချမ်းရေးနိုဗယ်လ်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် နော်ဝေနိုင်ငံ အော်စလိုမြို့သို့ ရောက်ရှိပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယခုနှစ် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုကို နိုင်ငံတကာ နျူကလီယားလက်နက်ဖျက်သိမ်းပေးရေး တက်ကြွလှုပ်ရှားသည့်အဖွဲ့ကို ချီးမြှင့်မည်ဖြစ်သည်။ အဆိုပါအဖွဲ့သည် နျူကလီးယားလက်နက်ဖျက်သိမ်းရေး ကုလသမဂ္ဂသဘောတူညီမှုတစ်ရပ် ချမှတ်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ်ငြိမ်းချမ်းရေးနိုဗယ်လ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

နျူကလီးယားဗုံးဒဏ်မှ ရှင်သန်လွတ်မြောက်သူ ဆက်ဆုကိုသာလိုက ငြိမ်းချမ်းရေးနိုဗယ်လ်ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

ဒီဇင်ဘာ ၆ ရက်က ဆက်ဆုကိုသာလိုသည် နော်ဝေနိုင်ငံ အော်စလိုမြို့သို့ ရောက်ရှိခဲ့သည်။ အသက် ၈၅ နှစ်ရှိပြီဖြစ်သည့် ဆက်ဆုကိုသာလိုက




လူသားမျိုးနွယ်တစ်စုလုံး ရှင်သန်လွတ်မြောက်စေရေးအတွက် နျူကလီးယားလက်နက်များကို ဖျက်သိမ်းရန်လိုအပ်ကြောင်း သူ၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားမည်ဟု ၎င်းက မီဒီယာသို့ ပြောကြားခဲ့သည်။

ဇူလိုင်လတွင် နျူကလီးယားလက်နက်ဖျက်သိမ်းရေး ကုလသဘောတူညီချက်တစ်ရပ် ချမှတ်နိုင်စေရန် ဆက်ဆုကိုသာလိုက ကူညီပေးခဲ့ကြောင်း သိရသည်။

နျူစွမ်းအင် ပိုင်ဆိုင်ထားသည့် အင်အားကြီးနိုင်ငံများအပါအဝင် ဂျပန်နိုင်ငံကဲ့သို့ နျူကလီးယားလက်နက် ကွန်ရက်စက်ဝန်းအတွင်း ကျရောက်နေသည့် နိုင်ငံများက အဆိုပါ ကုလသမဂ္ဂ နျူကလီးယားလက်နက်ဖျက်သိမ်းရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခြင်းမရှိသေးပေ။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံလုပ် ကုန်း၊ ရေ နှစ်သွယ်သွား လေယာဉ်ခရီးစဉ် ပျံသန်းနိုင်ရေး နည်းပညာ ဆန်းစစ်ချက် အောင်မြင်

**ကျူဟိုင်း ဒီဇင်ဘာ ၇**
တရုတ်နိုင်ငံတွင် သုတေသနပြု တည်ဆောက်ထုတ်လုပ်ထားသည့် အေဂျီ-၆၀၀ အမည်ရှိ ကုန်း၊ ရေနှစ်သွယ်မောင်းနှင်နိုင်သော လေယာဉ်ကို ပထမဆုံးအကြိမ်ခရီးစဉ် စမ်းသပ်ပျံသန်းစေကာ နည်းပညာအဆင့်အတန်းနှင့် ကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးစမ်းသပ်ခဲ့ရာ အောင်မြင်မှုရရှိကြောင်း ယင်းလေယာဉ်အား တည်ဆောက်ထုတ်လုပ်သူများက ပြောကြားသည်။

အလျား ၃၇ မီတာရှိသည့် ကမ္ဘာ့အကြီးဆုံး ကုန်း၊ရေနှစ်သွယ်သွား လေယာဉ်၏ အတောင်ပံမှာ ၃၈ ဒသမ ၈ မီတာရှည်လျားပြီး အလေးချိန် ၅၃ ဒသမ ၅ တန်နှင့်အတူ ဝေဟင်အတွင်းသို့ ပျံတက်နိုင်သည်။

ယင်းလေယာဉ်အား တည်ဆောက်ထုတ်လုပ်ခဲ့သည့် တရုတ်မြို့ပြ စက်မှုလုပ်ငန်း ကော်ပိုရေးရှင်း (အေဗွီအိုင်စီ)၏ အဆိုအရ ယင်းလေယာဉ်အတွက် နည်းပညာဆိုင်ရာ အကဲဖြတ်မှုကို တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် ကျူပိုင်းမြို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကုန်း၊ ရေနှစ်သွယ်သွား လေယာဉ်ကို ပင်လယ်ရေကြောင်းဆိုင်ရာ ကယ်ဆယ်ရေး၊ တောမီးလောင်ကျွမ်းမှု ငြိမ်းသတ်ရေးနှင့် ပင်လယ်ရေကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

ယင်းလေယာဉ်သည် မီးငြိမ်းသတ်ရေးလုပ်ငန်း၌ အသုံးပြုရေးအတွက် ရေတန်ချိန် ၁၂ တန်ခန့်ကို စက္ကန့် ၂၀ အတွင်း စုပ်ယူစုဆောင်းနိုင်ပြီး တစ်ကြိမ်လျှင် ရေတန်ချိန် ၃၇၀ ခန့်အထိ သယ်ယူပို့ဆောင်ပေးနိုင်သည်ဟုဆို၏။

ယင်းလေယာဉ်ကို ခရီးစဉ် ပျံသန်းရန် အသင့်ရှိသည်ဟု ကျွမ်းကျင်သူများက အတည်ပြုပြောကြားသည်။

ယခုနှစ်အစောပိုင်းကာလအတွင်း ယင်းလေယာဉ် ထုတ်လုပ်ပေးရန် အမှာစာများ လက်ခံရရှိခဲ့ပြီး စုစုပေါင်း အစင်းရေမှာ ၁၇ စင်းဖြစ်ကြောင်း လေယာဉ်ထုတ်လုပ်သူများက ပြောကြားသည်။

**ဆင်ဟွာ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တွေ့ဆုံအားပေး



**နေပြည်တော် ဒီဇင်ဘာ ၇**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည် မိသားစုများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရှေ့တန်းစစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ၍ တစ်ဦးချင်းထိခိုက်ဒဏ်ရာရရှိခဲ့မှု၊ ဆေးဝါးကုသမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေကို မေးမြန်း၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် အမျိုးသမီးကုသဆောင်တွင် တက်ရောက်ကုသလျက်ရှိသည့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှု လျော့ကျရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၇**
ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဖွဲ့စည်းမှု ငါးနှစ်ပြည့် အခမ်းအနားနှင့် ငါးနှစ်အတွင်း ကျန်းမာရေးနှင့် ဆက်စပ်သည့် လုပ်ငန်းများဆောင်ရွက်မှု ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ အဆိုပါ ရုံးချုပ်နေရာ၌ကျင်းပရာ အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၏ ကျန်းမာရေးစောင့်ရှောက်မှု ရည်ရွယ်ချက်များနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှု လျော့ကျရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဓိကထား ဆွေးနွေးခဲ့ကြသည်။

"အဓိကရည်ရွယ်ချက်ကတော့ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီတဲ့ ပြည်သူတွေ ကျန်းမာရေးစောင့်ရှောက်မှုရရှိအောင် ဆောင်ရွက်တာဖြစ်ပါတယ်၊ လုပ်ငန်းတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်း ဆောင်ရွက်သလို တခြားဝန်ကြီးဌာနတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ပါတယ်၊ အထူးသဖြင့် ဆေးလိပ်နဲ့ ဆေးရွက်ကြီးသုံးစွဲမှု လျော့ကျရေးလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်၊ ဆေးလိပ်ငွေ့ကင်းစင်ရေး နယ်မြေတွေ ဖော်ထုတ်ရေးနဲ့ သတ်မှတ်နေရာတွေ ၂၀ ရှိပါတယ်၊ ဆေးလိပ်မသောက်ရမယ့်နေရာတွေက အများပြည်သူဝင်ထွက်သွားလာတဲ့ နေရာတွေဖြစ်တယ်၊ ဆေးလိပ်သောက်ခြင်းက သောက်တဲ့လူအတွက် အန္တရာယ်ရှိသလို အငွေ့ကိုရှူရှိုက်မိတဲ့သူအတွက်လည်း အန္တရာယ်ရှိပါတယ်" ဟု ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ပြောသည်။



ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းပြီး ငါးနှစ်အတွင်း ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့ရာ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု လျော့ကျရေးလုပ်ငန်းများအပြင် ကွမ်းယာနှင့်ပတ်သက်သည့် တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ဆေးလိပ်နဲ့ဆေးရွက်ကြီး တိုက်ဖျက်ရေးလုပ်တဲ့နေရာမှာ ကွမ်းတိုက်ဖျက်ရေးကိုလည်း လုပ်လာတယ်၊ ဘာလို့လဲဆိုတော့ ကွမ်းစားတာ ဆေးရွက်ကြီး စားနေတာပါ၊ ကွမ်းစားသုံးမှုမှာ ၉၉ ဒသမ ၉ ရာခိုင်နှုန်းမှာ ဆေးရွက်ကြီးပါတယ်၊ ဆေးရွက်ကြီးဟာ ရိုးရိုးဆေးရွက်ကြီး မဟုတ်ဘဲ ပစ္စည်းမျိုးစုံပါတယ်၊ ဆေးရွက်ကြီးအကြမ်းပါသလို ပြုပြင်ထားတဲ့ နှပ်ဆေး၊ ပေါင်းဆေးတွေလည်း ပါတယ်၊ ဒါကြောင့် ဒီဆေးရွက်ကြီးတွေစားလို့ ဒုက္ခဖြစ်တာကို ပြောချင်တာပါ၊ ဒီနေ့ ကွမ်းယာဟာ ရိုးရာကွမ်းယာမဟုတ်ပါဘူး၊ ဆေးရွက်ကြီးအမျိုးမျိုး၊ ကွမ်းသီးကအစ ဓာတုဗေဒပစ္စည်းမျိုးစုံနဲ့ ပြုလုပ်ထားတဲ့အတွက် စားရင်ဒုက္ခဖြစ်စေပါတယ်။

"ဒါကြောင့် ကွမ်းမစားဖို့ တိုက်ဖျက်ရေးလုပ်တာပါ၊ ကွမ်းစားခြင်းကြောင့် ပါးစောင်ကင်ဆာတွေ၊ လည်ချောင်းကင်ဆာတွေ ဖြစ်နိုင်တယ်ဆိုတာကို ပညာပေးတာပါ၊ ကွမ်းယာစားတဲ့လူက တစ်နေ့ ကျပ်တစ်ထောင်ကုန်တယ်၊ မြန်မာပြည်မှာ ကွမ်းယာစားသုံးသူ ၁၂ သန်းရှိတယ်၊ ငွေနဲ့တွက်ရင် ငွေကျပ် ၁၂ ဘီလီယံရှိတယ်၊ အဲဒီလို သုံးလိုက်တဲ့ ငွေကို မိသားစုဝင်ငွေတွေမှာ ထည့်ပြီးသုံးမယ်ဆိုရင် အများကြီးအကျိုးရှိမှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု လျော့ကျရေးလုပ်ငန်းတွင် ပါဝင်သည့် စီးကရက်အစားထိုး အီးစီးကရက် သောက်သုံးခြင်းနှင့် ဆေးရွက်ကြီးကို မီးရှို့သောက်သုံးသည့် ရေပြောင်းသုံးစွဲမှုကို ထိန်းချုပ်နိုင်မည့် စီမံဆောင်ရွက်မှုဆွေးနွေးပွဲတစ်ရပ်ကို ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် အဆိုပါရုံးချုပ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမင်းသူ**

# ရန်ကုန်တိုင်းဒေသကြီး အရပ်ဘက် အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲ ပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၇**
ပြည်သူလူထု၏အသံကို စုစည်းပြီး အမျိုးသား သွင်ပြင်လက္ခဏာ တည်ဆောက်ရေး ပြည်သူလူထုရင်ဆိုင်နေရသော အခက်အခဲ အကျပ်အတည်းများနှင့် စိန်ခေါ်မှုများကို သက်ဆိုင်ရာလူမှုအဖွဲ့အစည်းများမှ စုစည်းပြီး ကဏ္ဍအသီးသီးကို ဖော်ဆောင်နေသော အစိုးရ၊ တပ်မတော်၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးအဖွဲ့အစည်းများနှင့် အတူ မူဝါဒအကြံပြုချက်များ ထွက်ပေါ်လာအောင် ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက် အထိကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး အရပ်ဘက် အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေ ၅ နာရီတွင် အောင်မြင်စွာ ပြီးစီးကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာသည့် အရပ်ဘက်အဖွဲ့အစည်းများမှ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ ပညာရေး၊ အလုပ်သမား၊ ဥပဒေ၊ တရားဥပဒေစိုးမိုးရေး၊ လူမှုရေးနှင့်ဖွံ့ဖြိုးရေး၊ မသန်စွမ်းနှင့် လူ့အခွင့်အရေး၊ လယ်သမားနှင့် သဘာဝပတ်ဝန်းကျင်၊ တိုင်းရင်းသား၊ အမျိုးသမီး၊ ကလေးလူငယ်များနှင့်ဆိုင်ရာ စသည့် အကြောင်းအရာများကို ဆွေးနွေးကြကြောင်း သိရသည်။



"ဆွေးနွေးပွဲကထွက်လာတဲ့ အသံတွေကို ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းတွေ တွေ့ဆုံဆွေးနွေးပွဲကို တင်မယ်၊ အဲဒီကနေ ငြိမ်းချမ်းရေး ညီလာခံကိုတင်မယ်၊ ဘယ်လို အကျိုးရလဒ်ဖြစ်လာမယ်ဆိုတာ လက်ခံတဲ့အပေါ်မှာ မူတည်တယ်၊ ကျွန်တော်တို့ရဲ့အကြံပြုချက် အချက်အလက်တွေကို သူတို့အနေနဲ့ ထည့်သွင်းစဉ်းစားမယ်ဆိုရင်တော့ ရလဒ်ကတော့ ကောင်းလာတဲ့ဟာမျိုး ဖြစ်လာနိုင်တယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေး ဦးဆောင်ကော်မတီအဖွဲ့ဝင် ကိုဘိုဘိုက ပြောသည်။

ယနေ့ကျင်းပသည့် ဆွေးနွေးပွဲမှ ထွက်ရှိလာသောအကြောင်းအရာများ၊ ရလဒ်များကို ဒီဇင်ဘာ ၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ Orchid Hotel ၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇာနည်မောင်**



# ဝေါမြို့၌ စိုက်ပျိုးရေးအသိပညာပေး ဟောပြော

**ဝေါ ဒီဇင်ဘာ ၇**
ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးအသိပညာများတိုးပွား၍ လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဝေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေးအသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက်က ဝေါမြို့နယ် ကြာလဟာကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ဝေါမြို့နယ် ကျေးလက်ဦးစီးမှူး ဦးခင်မောင်အေးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျေးရွာများအတွင်း ရေရရှိရေး၊ မီးလင်းရေးနှင့် မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မိုးလွင်က လယ်ယာစိုက်ပျိုးရေးနှင့်ပက်သက်၍လည်းကောင်း အသေးစိတ် ရှင်းလင်းဟောပြောကြသည်။ ဆက်လက်၍တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

ဟောပြောပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် လယ်ယာလုပ်ကိုင်နေကြသည့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# ဖွံ့ဖြိုးမှုက ငြိမ်းချမ်းရေးကို စောင့်နေတယ်

စောနိုင်(အသုံးချဘောဂဗေဒ)

ဖွံ့ဖြိုးမှုဟာ ဖြစ်ထွန်းတိုးတက်မှုတွေ၊ အသစ်ဖန်တီးမှုတွေနဲ့ စည်စည်ကားကား ရှိနေပေမယ့် စစ်ပွဲတွေကတော့ အရာအားလုံးကို ဖျက်ဆီးပစ်ဖို့ကိုပဲ ဦးတည်နေပြီး တွေ့သမျှမြင်ကွင်းကို အနိဋ္ဌာရုံတွေနဲ့ပြည့်နေစေတာ လက်တွေ့ ကျကျ အားလုံးမျက်မြင် ကြုံနေခဲ့ရတာကြာပါပြီ။ စစ်နဲ့ကြုံလိုက်ရင် ရုပ်ဝတ္ထု မှန်သမျှဟာ ပျက်စီးသွားနိုင်တယ်။ လူအပါအဝင် သက်ရှိအရာမှန်သမျှကို အပြင်ဒဏ်ရာတွေ များစွာဖြစ်သွားစေနိုင်သလို၊ တစ်ခါတလေမှာ ကုသရခက်တဲ့ နက်နက်ရှိုင်းရှိုင်း ကြေကွဲစရာဝေဒနာတွေကိုပါ ဖြစ်သွားစေပါတယ်။

စစ်ဟာ လူ့အသိုက်အဝန်းတစ်ခုအပေါ် ဘယ်လောက်တောင် သက်ရောက်စေပါသလဲ။ တကယ့်ပြောကြစတမ်းဆိုရင် ပြောပြလို့ကုန်နိုင်မယ်မထင်ပါဘူး။ ၁၉ ရာစု ဘောဂဗေဒပညာရှင် ဂျွန်မေနတ်စ်ကိန်းကတော့ သူရဲ့ ငြိမ်းချမ်းရေး၏ စီးပွားရေးအကျိုးဆက်များ (The Economic Consequences of the Peace)စာအုပ်ထဲမှာ "စစ်ဆိုသောအရာသည် မည်သူပင်နိုင်သည်ဖြစ်စေ ကျွန်ုပ်တို့၏ပြောင်းလဲဖြစ်ထွန်းမှုနှင့် မျိုးဆက်တို့၏ အနာဂတ်ကို ဖျက်ဆီးပစ်တတ်သည်" လို့ ရေးထားခဲ့သတဲ့။ တကယ်ပါပဲ၊ စစ်ပွဲတွေဟာ ပစ္စုပ္ပန်သာမက အနာဂတ်ကိုပါ တစ်ပြိုင်နက်ဖျက်ဆီးပစ်နိုင်တဲ့ နာကြည်းစရာကောင်းတဲ့အဖြစ်အပျက်တွေပါ။ စစ်ပွဲအတွင်းမှာရော စစ်ပွဲ အလွန်ကာလတွေမှာပါ သက်မဲ့အရာဝတ္ထုကို အပျက်အစီးတွေ ဖြစ်သွားစေသလို လူသားအပါအဝင် သက်ရှိသတ္တဝါမှန်သမျှကို ဒဏ်ရာဒဏ်ချက် ဝေဒနာတွေ စုံနေအောင်ကို ဖြစ်သွားစေပါတယ်။

စစ်ပွဲတစ်ခုရဲ့မြင်ကွင်းကို မှန်းဆမြင်ယောင်ကြည့်ပါ။ သေနတ်သံ၊ ဗုံးသံတွေကြားမှာ ကြောက်လန့်တကြားနဲ့ ပြေးလွှားနေတာတွေ၊ ထိခိုက် ဒဏ်ရာရ ခံစားမှုဝေဒနာတွေ၊ သက်မဲ့ရုပ်အလောင်းတွေ၊ စစ်နဲ့ဘယ်လိုမှ မပတ်သက်တဲ့ ကလေးငယ်တွေ၊ သားသယ်မိခင်တွေ၊ အမျိုးသမီးတွေ သက်ကြီးရွယ်အိုတွေရဲ့ စိုးရိမ်ထိတ်လန့်နေတဲ့မျက်နှာတွေ မြင်ကွင်းထဲ ရောက်လာပါလိမ့်မယ်။ စစ်ဖြစ်ပြီးခဲ့တဲ့ ဒေသတစ်ခုကိုကြည့်ရင်လည်း သုသာန် တစပြင်လိုပဲ တွေ့ရပါလိမ့်မယ်။ စစ်ပွဲတွေပြီးသွားခဲ့ရင်တောင် အဲသည့် မြင်ကွင်းတွေက ချက်ချင်းပျောက်မသွားနိုင်ဘူး။ တကယ်လို့ အဲသည့်မြင်ကွင်း တွေကို ဖျောက်ပစ်နိုင်ခဲ့တာတောင် စစ်ပွဲတွေကြောင့်ရခဲ့တဲ့ ဝေဒနာတွေ အချိန်တိုအတွင်း သက်သာရာရဖို့ကတော့ တော်တော့်ကိုခက်ခဲပါလိမ့်မယ်။ အပြင်ဒဏ်ရာတွေ ကျက်သွားနိုင်ပေမယ့် စိတ်ဒဏ်ရာတွေကတော့ မူလ အနေအထားကို ပြန်ရောက်ဖို့ ဖြစ်နိုင်မယ်သိပ်မထင်ဘူး။

စစ်ကြောင့် တစ်စုံတစ်ယောက်ဟာ သေကျေပျက်စီးသွားတယ်၊ ဒါမှ မဟုတ် ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခု ထိခိုက်သွားရတယ်ဆိုပါတော့၊ အကျိုးဆက်ဟာ အဲသည့်တစ်ယောက်မှာပဲ ပြီးဆုံးမသွားဘူး။ သူနဲ့ပတ်သက် နေတဲ့ လူမှုအသိုက်အဝန်း၊ သူ့ကို မှီခိုနေတဲ့ဘဝတွေ အားလုံးအပေါ် ဆက်တိုက်ကို သက်ရောက်သွားစေပါတယ်။ ကျန်တဲ့ဘဝတွေ အားကိုးမဲ့သွား တယ်။ ဖြစ်တည်နေတဲ့ မိသားစုအနွောင်အဖွဲ့လေး ပြိုကွဲပျက်စီးသွားပြီး သောကတွေ ပင်လယ်ဝေသွားမယ်။ စစ်ကြောင့် သေတဲ့သူတွေ သေကျေ ပျက်စီးခဲ့ပြီးပြီ။ ကျန်ခဲ့တဲ့လူတွေ ကျန်ခဲ့တဲ့ဘဝတွေကို ဘယ်လိုဖြတ်သန်း ကြမလဲ။ သူတို့အနာဂတ်တွေဆိုတာ ဘယ်မှာလဲ။ လူမှုရေး၊ စီးပွားရေး မတည်ငြိမ်မှုတွေအောက်မှာ အနာဂတ်မျှော်လင့်ချက်နည်းပါးစွာနဲ့ မရေရာတဲ့ အသက်ရှင်ရပ်တည်မှုမျိုးတွေနဲ့လည်း ရှိနေတတ်ပါသေးတယ်။ စစ်ရဲ့ အဆိုးဟာ အကျိုးဆက် သိပ်ကိုရှည်လွန်းပါတယ်လေ။

လူ့အသိုက်အဝန်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံနဲ့ချိုပြီးပြောရရင် စစ်ဟာ နိုင်ငံ တစ်နိုင်ငံ၊ လူ့အသိုက်အဝန်းတစ်ခုရဲ့ နိုင်ငံရေး၊ စီးပွားရေးအခြေအနေတွေ၊ အရင်းအမြစ်ခွဲဝေမှုတွေနဲ့ ဝင်ငွေခွဲဝေမှုတွေကို မတည်မငြိမ်ဖြစ်စေပြီး အပြောင်းအလဲတွေ အများကြီးဖြစ်သွားစေတယ်။ ကုန်ထုတ်စွမ်းအားစုတွေ ရဲ့တန်ဖိုးတွေ ပြောင်းလဲသွားစေတယ်၊ ကုန်စည်ဈေးနှုန်းတွေလည်း အပြောင်း အလဲ ပိုမြန်လာနိုင်ပြီး အခြေအနေကို မှန်းဆလို့မရတဲ့ ဈေးကွက်တွေကိုပါ ကြုံတွေ့လာရနိုင်ပါတယ်။ ဒါတင် မကသေးပါဘူး။ စစ်ဟာ ဒီမိုကရေစီတို့ ဈေးကွက်စနစ်တို့ဆိုတဲ့ ပြည်သူလူထုလိုလားနေတဲ့ နိုင်ငံရေး၊ စီးပွားရေး ပတ်ဝန်းကျင်ကောင်းတွေဖြစ်လာစေဖို့လည်း ဘာကိုမှအထောက်အကူပေးနိုင် စွမ်းမရှိဘူး။ ဒါပေမယ့် ဥပဒေမဲ့ လှုပ်ရှားတတ်တဲ့ မြေအောက်စီးပွားရေးတို့ မှောင်ခိုစီးပွားရေးတို့ တွင်ကျယ်လာနိုင်တယ်။ မရိုးမသား စီးပွားရှာဖွေမှုတွေ အလုပ်ပိုဖြစ်လာစေတယ်။ ဒါနဲ့တင် မပြီးသေးပါဘူး။ "နွားကွဲရင်ကျား ဆွဲခံရမယ်"ဆိုတဲ့ စကားလိုပဲ မညီမညွတ်တဲ့အခြေအနေ၊ စစ်ဖြစ်နေတဲ့နိုင်ငံ တစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခုရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အရေးကိစ္စ တွေမှာ ကျားဆွဲခံရတဲ့အဖြစ်မျိုးလို အကျိုးစီးပွား အနိုင်ကျင့်ခံရတာမျိုး၊ လူလည်ကျခံရတာမျိုးတွေလည်း ရှိနေတတ်တာတွေ့ရပါသေးတယ်။ ဆိုလို တာက စာနာသလိုလို၊ ကူညီသလိုလိုနဲ့ စစ်ဒဏ်သင့်နေတဲ့ ဒေသက စီးပွားရေးအခွင့်အလမ်းတွေကို အချောင်လာနှိုက်တာမျိုး၊ လူမှုရေးကိစ္စတွေမှာ အနိုင်လာကျင့်တာမျိုးတွေ ရှိလာသလို၊ နိုင်ငံရေးတွေမှာလည်း သိသိသာသာ ရော မသိမသာပါ ဝင်ရောက်ပတ်သက်ပြီး သွေးထိုးသပ်လျှိုမှုတွေလည်း ရှိလာပါတယ်။

ဒီတော့ အားလုံးအတွက် မကောင်းတဲ့စစ်ဆိုတာကို လူတွေဟာ ကြိုက်ကို မကြိုက်ပါဘူး။ ဒီတော့ ဖန်တီးဖို့တော့မပြောနဲ့ စိတ်ကူးထဲမှာတောင် ရှိမှာ မဟုတ်ဘူးလို့တော့ လုံးလုံးထင်မထားလိုက်ပါနဲ့။ လူတချို့က စစ်ကို မက်မက်မောမောနဲ့ ဖန်တီးနေကြတယ်ဆိုရင် ယုံတောင် ယုံချင်ကြမှာ မဟုတ်ဘူး။ လူတိုင်းမကြိုက်တဲ့စစ်ကို ကိုယ်ကျိုးစီးပွား၊ ကိုယ့်အတ္တအတွက် နှစ်နှစ်ခြိုက်ခြိုက် ဖန်တီးနေသူတွေ ဒီကမ္ဘာပေါ်မှာ ရှိနေတယ်ဆိုတာ ပုံပြင် မဟုတ်ပါဘူး။ ဘာကြောင့် ဖန်တီးနေကြပါသလဲ။ တစ်ဦးတစ်ယောက် ဒါမှမဟုတ် အုပ်စုတစ်စု၊ အဖွဲ့တစ်ဖွဲ့ရဲ့ ကိုယ်ကျိုးစီးပွားတွေကြောင့်ပဲပေါ့။ အဲသည့်စစ်ပွဲတွေမှာ ထုထည်ကြီးမားတဲ့ လောဘ၊ ဒေါသတွေ ထပ်ထည့်လိုက် တဲ့အခါမှာတော့ ပိုပြီး ပြင်းပြင်းထန်ထန် ဖြစ်သွားရပါတော့တယ်။ တချို့စစ်ပွဲ တွေမှာဆို ရှုပ်ယှက်ခတ်အောင်ပါနေတဲ့ ပယောဂမျိုးစုံက သေနတ်တွေ၊ အမြောက်တွေ၊ ကျည်ဆန်၊ ဗုံးဆန်တွေကို ထပ်တိုးအင်အားဖြည့်ပေးသလို ဖြစ်နေပြီး စစ်ပွဲတွေကို ပိုပိုပြီး အားကောင်းအောင် လုပ်နေသလိုပါပဲ။

ကမ္ဘာကရော ဖျက်ဆီးတတ်တဲ့ သဘာဝရှိတဲ့စစ်ကို ဘယ်လိုလုပ်နှစ်သက် နိုင်မလဲ။ တစ်ကမ္ဘာလုံး လိုလိုလားလားအားထုတ်နေတဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်း၊ တခြားစီပါပဲ။ ကုလသမဂ္ဂအဖွဲ့ကြီး ကိုယ်တိုင်က ၂၀၁၅ ခုနှစ်မှာ ချမှတ်ထားပြီးဖြစ်တဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုရည်မှန်းချက်ပန်းတိုင် ၁၇ ချက်မှာဆိုရင် ငြိမ်းချမ်းရေးနဲ့ ပတ်သက် တဲ့အချက်ကို ပန်းတိုင်အဖြစ် ထည့်သွင်းထားတာကို တွေ့ကြရပါလိမ့်မယ်။ ဒီတော့ စစ်ရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ ငြိမ်းချမ်းရေးဆိုတာ တစ်ကမ္ဘာလုံးက လိုချင်နေတဲ့အရာဆိုတာ သိသိသာသာ ထင်ထင်ရှားရှားကြီးပါပဲ။

ဒီလိုဆိုရင် အားလုံးလိုချင်နေတဲ့ ငြိမ်းချမ်းရေးဆိုတာကို ရအောင် အားထုတ်နေကြသလို နားလည်အောင်လည်း ကြိုးစားနေကြတာ ကြာပါပြီ။ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ပညာရှင်တွေ၊ သုတေသီတွေကတော့ အဓိပ္ပာယ် အမျိုးမျိုးဖွင့်ဆိုရှင်းပြထားပေမယ့် ရိုးရိုးရှင်းရှင်းနားလည်ရုံနဲ့တင် လူ့အဖွဲ့အစည်း တစ်ခုအတွက် ကောင်းကျိုးဖြစ်ထွန်းမှု ရှိစေပါတယ်။ ဒီတော့ ငြိမ်းချမ်းရေးဆိုတာ ဘယ်လိုအရာကို ဆိုပါသလဲ။ အေးအေးချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်နဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေအရပ်ရပ်ဖြစ်ပေါ်နေတယ် ဆိုတာ ကိုပဲ အားလုံးလက်လှမ်းမီ တွေးဆနိုင်တဲ့ ငြိမ်းချမ်းရေးလို့ ဆိုရမှာပါ။ ဒါပေမယ့် သတိပြုစရာရှိပါတယ်။ လက်နက်ကိုင်တိုက်ခိုက်မှုတွေမရှိတာနဲ့ ငြိမ်းချမ်းပြီ လို့ဆိုနိုင်ပေမယ့် ကာလရှည် ငြိမ်ငြိမ်းချမ်းချမ်းဖြစ်ဖို့ကတော့ မသေချာပြန်ပါဘူး။ ရေရှည်တည်တံ့မယ့် စစ်မှန်တဲ့ငြိမ်းချမ်းရေးဖြစ်ဖို့ လိုလာပါတယ်။ အဲသည်လို

> "ကျွန်တော်တို့တွေ သူများတွေလိုပဲ ဖွံ့ဖြိုးတိုးတက်ချင်တယ်။ ဝေးဝေး သွားမကြည့်ပါနဲ့။ အိမ်နီးချင်းနိုင်ငံတွေနဲ့ပဲ နှိုင်းယှဉ်ကြည့်ပေးပါ။ အဲသည့်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို နည်းနည်းလောက် အကဲဖြတ်ကြည့်ပါ။ ဘယ်လိုတွေ ကွာခြားနေပြီလဲ။ ဒေသတွင်းက နိုင်ငံများထဲမှာဆိုရင်လည်း ကျွန်တော်တို့ အများကြီး နောက်ကျကျန်ခဲ့ပြီဆိုတာ သိသာလွန်းတဲ့ အခြေအနေတွေ. . ."

ခိုင်ခံ့တဲ့ငြိမ်းချမ်းရေးကိုရဖို့ ဆွေးနွေးပွဲတွေ၊ ညှိနှိုင်းမှုတွေ၊ နားလည်မှုတွေ၊ သဘောတူစာချုပ်စာတမ်းတွေ အများကြီးနဲ့ အချိန်ယူတည်ဆောက်ကြရ သတဲ့။ ဒါပေမယ့် ဘယ်လိုပဲအားထုတ်ကြပါစေ အချိန်အကြာကြီး တည်တံ့ မယ့် စစ်မှန်တဲ့ ငြိမ်းချမ်းရေးဆိုတာကို ကိုယ်ချင်းစာတတ်တဲ့ နှလုံးသား၊ အမြော်အမြင်ရှိတဲ့ စိတ်ထားတွေ အားကောင်းကောင်းနဲ့ အကောင်အထည် ဖော်မှသာ သေချာပေါက်ဖြစ်ထွန်းလာနိုင်မှာ ဖြစ်ပါတယ်။

စစ်မှန်တဲ့ငြိမ်းချမ်းရေးရမှ ကျွန်တော်တို့နိုင်ငံ ကျွန်တော်တို့လူ့အဖွဲ့ အစည်း အစစအရာရာဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိတ်ချလက်ချအကောင် အထည်ဖော် ဆောင်ရွက်နိုင်မှာပါ။ ဒီတော့ ကျွန်တော်တို့တစ်တွေ ငြိမ်းချမ်းရေး ဆိုတာကို မဖြစ်မနေလိုချင်ဆိုတာ လွန်မယ်မထင်ပါဘူး။ ကျွန်တော်တို့တွေ သူများတွေလိုပဲ ဖွံ့ဖြိုးတိုးတက်ချင်တယ်။ ဝေးဝေးသွားမကြည့်ပါနဲ့။ အိမ်နီး ချင်းနိုင်ငံတွေနဲ့ပဲ နှိုင်းယှဉ်ကြည့်ပေးပါ။ အဲသည့်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို နည်းနည်းလောက် အကဲဖြတ်ကြည့်ပါ။ ဘယ်လိုတွေ ကွာခြားနေပြီလဲ။ ဒေသတွင်းက နိုင်ငံများထဲမှာဆိုရင်လည်း ကျွန်တော်တို့ အများကြီးနောက်ကျ ကျန်ခဲ့ပြီဆိုတာ သိသာလွန်းတဲ့ အခြေအနေတွေက ပြနေပါပြီ။ လွတ်လပ်ရေး ရပြီးကတည်းက ပဋိပက္ခတွေ၊ လက်နက်ကိုင်တိုက်ခိုက်မှုတွေနဲ့ နိုင်ငံသားတွေရဲ့ ကျီးလန့်စာစားဘဝတွေဟာ ၁၉၆၂ ကနေ ၁၉၇၄ အထိ တော်လှန်ရေး ကောင်စီက တာဝန်ယူပြီး ၁၉၇၄ နောက်ပိုင်းမှာတော့ ထွန်းသစ်စ နိုင်ငံများ ပေါ်ထွက်လာနေချိန်မှာ နိုင်ငံဟာ တံခါးပိတ်စီးပွားရေးစနစ်နဲ့ ဖြတ်သန်း ခဲ့တယ်။ တံခါးပိတ်လို့ မှောင်မိုက်နေတဲ့ အခန်းငယ်လေးထဲမှာ တိတ်ဆိတ် ငြိမ်သက်၊ အမြင်အာရုံချို့တဲ့၊ နှုတ်ဆွံ့အတဲ့ဘဝတွေလို နေခဲ့ကြရင်း ၁၉၈၇ ခုနှစ်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံအဖြစ်ကို ကြေကွဲစွာ ရောက်သွားခဲ့ရ တယ်။ အဲသည့်ကာလအလွန် တပ်မတော်ရဲ့ ထိန်းကျောင်းမှုအောက်မှာ နိုင်ငံရေးပဋိပက္ခမျိုးစုံကို ထပ်မံရင်ဆိုင်ဖြေရှင်းရင်း ဖွံ့ဖြိုးဖို့နေနေသာသာ၊ ပုံမှန်စီးပွားရေးအခြေအနေရောက်ဖို့ကိုပဲ မနည်းအားထုတ်ခဲ့ကြရတယ်။

အခု ကျွန်တော်တို့တွေ နှလုံးသွေး မရပ်သေးဘူး။ ဆက်လက်ရှင်သန် နေကြဆဲပဲ။ ကျန်နေသေးတဲ့အချိန်လေးမှာ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ သားသမီးမြေးမြစ် အနာဂတ်မျိုးဆက်တွေအတွက် အမွေကောင်းတွေ ချန်ထား နိုင်ဖို့ အားထုတ်ခွင့်ရချင်တယ်။ ရလာနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကိုလည်း ကိုယ်တိုင်ခံစားချင်သေးသလို၊ မျိုးဆက်သစ်တွေအတွက်လည်း ကောင်းမွေ အဖြစ် ပေးထားခဲ့ချင်တယ်။ ဝါရင့် သမ္မာရင့် ဂျာမန် နိုင်ငံရေးသမား ဝီလီဘရန်းဒ် ပြောခဲ့ဖူးတဲ့ "ငြိမ်းချမ်းရေးဟာ အရာရာတိုင်းကို မလုပ်ပေးနိုင် ပေမယ့် ငြိမ်းချမ်းရေးမရှိရင်တော့ ဘာမှမဖြစ်နိုင်ဘူး"ဆိုတဲ့စကားကို ပြန်စဉ်းစားမိလာရင်း ငြိမ်းချမ်းရေးဆိုတာကို မဖြစ်ဖြစ်တဲ့နည်းနဲ့ရအောင် လိုချင်နေမိတယ်။

ဒီကနေ့ နိုင်ငံဟာ ဒီမိုကရေစီယန္တရားသစ်နဲ့ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းကို စတင်လျှောက်လှမ်းနေပါပြီ။ တစ်ဖက်မှာလည်း ငြိမ်းချမ်းရေး အတွက်လည်း အားသွန်ခွန်စိုက်အားထုတ်နေကြပါတယ်။ ရည်ရွယ်ချက်ကို အားလုံး သိစေချင်တယ်။ သိအောင်လည်း အားထုတ်နေကြတယ်။ လက်နက် ကိုင် ဖြေရှင်းနေတာကနေ စားပွဲဝိုင်းထိုင်ဖြေရှင်းနိုင်ဖို့အတွက် တစ်ဆင့်ပြီး တစ်ဆင့် ကြိုးစားနေကြတာကိုလည်း (၂၁) ရာစု ပင်လုံညီလာခံကြီးက အားလုံးအတွက် မျက်မြင်သက်သေပါပဲ။ နိုင်ငံ့အနာဂတ်အတွက် အရေးကြီး တဲ့ အလှည့်အပြောင်းတစ်ရပ်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်သာ အပင်ပန်းခံဦးဆောင်ပြီး ပစ္စုပ္ပန်ကာလ လက်ရုံးရည်၊ နှလုံးရည် ခွန်အားတွေနဲ့ အနာဂတ်မျိုးဆက်တွေအတွက် အားထုတ်နေပါပြီ။

ငြိမ်းချမ်းရေးကို ပိုင်ဆိုင်ဖို့ဆိုတာ အပြောလွယ်သလောက် လက်တွေ့ မှာတော့ တကယ့်တကယ်ကို မလွယ်လှဘူး။ ငြိမ်းချမ်းရေးမျက်နှာကို အားလုံး မျက်တောင်မခတ်ဘဲ စိတ်ဝင်တစားကြည့်နေကြပါတယ်။ ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့ကို ဘာကြောင့် လွယ်လင့်တကူ မပြုံးပြနိုင် ရတာလဲ။ မာန်မာနသိပ်ကြီးပြီး ခမ်းနားကြီးကျယ်ပြနေလေသလား။ ငြိမ်းချမ်း ရေးချိုးငှက်ဟာ လွတ်လပ်စွာပျံသန်းပြီး တေးသီကျူးချင်ပေမယ့် စစ်ဆိုတဲ့ အရာက အနိုင်ကျင့်ချုပ်နှောင်ထားဆဲဖြစ်သတဲ့။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။ ကျွန်တော်တို့ညီအစ်ကို မောင်နှမတွေ သန္နိဋ္ဌာန် အခိုင်အမာချခဲ့ပြီးပါပြီ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် (၂၁) ရာစု ပင်လုံ ဒုတိယအစည်းအဝေး နောက်ဆုံးနေ့ ကျေးဇူးတင်စကားထဲမှာ "ကျွန်မတို့အားလုံးမှာ အတိတ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေ ကိုယ်စီရှိကြပါတယ်၊ ဒါပေမယ့် ဒီကနေ့မှာတော့ ကျွန်မတို့အားလုံးဟာ ဒီဒဏ်ရာဒဏ်ချက်တွေကို နောင်လာမယ့် မျိုးဆက်သစ်တွေဆီ လက်ဆင့်ကမ်းလိုခြင်း မရှိတော့ဘဲ ကုစားနိုင်မယ့်နည်းလမ်းကို ရှာဖွေမှုစတင်ခဲ့ပါပြီ"လို့လည်း ထည့်သွင်း ပြောကြားခဲ့တာတွေ၊ "ငြိမ်းချမ်းရေးခရီးလမ်းမှာ ရှေ့ကိုမျှော် အနာဂတ်ကို အာရုံပြုလို့ သွက်သွက်လက်လက် ဆက်လက်လျှောက်လှမ်းကြပါစို့"ဆိုတဲ့ စကားတွေကို အားပြုရင်း ကျွန်တော်တို့အားလုံး အားကြိုးမာန်တက်နဲ့ ငြိမ်းချမ်းရေးပန်းတိုင်ဆီကို သွက်သွက်လက်လက်လျှောက်လှမ်းနေကြပါပြီ။

အမိနိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက ရေတွက်ရင် ပြန်လည် ထူထောင်ရေးလုပ်ငန်းတွေနဲ့ ဖွံ့ဖြိုးမှုအလုပ်တွေစခဲ့တာ နှစ်ပေါင်း ၇၀ နီးပါး ရှိတော့မယ်။ အချိန်တွေ အများကြီးကုန်ခဲ့တာတောင် နိုင်ငံတကာနဲ့ တန်းမဝင်နိုင်၊ အိမ်နီးချင်းနိုင်ငံလေးတွေနဲ့တောင် မယှဉ်နိုင်သေးဘဲ ကျွန်တော် တို့နိုင်ငံရဲ့ဖွံ့ဖြိုးမှုဟာ ဘယ်လိုဖြစ်နေပါသလဲ။ စစ်မှန်တဲ့ငြိမ်းချမ်းရေးမရှိတာက အဓိကအကြောင်းတစ်ရပ်ဖြစ်နေခဲ့တယ်ဆိုတာ အားလုံးသတိပြုမိမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့တစ်တွေ ငြိမ်းချမ်းရေးကို "တို့ကနန်း ဆိတ်ကနန်း" နဲ့ အပေါ်ယံမလိုချင်တော့ဘူး။ ရင်ထဲက နှစ်နှစ်ကာကာလာတဲ့ တကယ့် စစ်မှန်တဲ့ငြိမ်းချမ်းရေးပဲ ရပါစေတော့။

အနာဂတ်မျိုးဆက်တွေအတွက် စဉ်းစားပြီး မျက်စိတဆုံးထက် ကျော်လွန်မြင်နိုင်စွမ်းရှိတဲ့ စိတ်ထားတွေနဲ့ ငြိမ်းချမ်းရေးဖန်တီးပေးလှည့် ကြပါတော့။ ကျွန်တော်တို့အားလုံးဟာ မမြဲခြင်း အနိစ္စတရားကပ်လျက်နဲ့ အသက်ရှင်ရတဲ့ လူသားတွေပါ။ နှလုံးသွေးလည်ပတ်မှုရပ်လို့ ရှင်သန်မှု ရပ်တန့်သွားခဲ့တဲ့အခါ ဖြတ်သန်းသွားရဦးမယ့် တမလွန်ဘဝဆီကို ကျွန်တော် တို့နဲ့အတူ ရုပ်ဝတ္ထုပိုင်ဆိုင်မှုတွေကို ယူသွားလို့မရပါဘူး။ ကိုယ်ပြုမူ လုပ်ဆောင်ခဲ့တဲ့ အဆိုး အကောင်း အပြုအမူတွေရဲ့ အကျိုးဆက်တွေ၊ စိတ်ထားတွေပဲ သံသရာမဆုံးသရွေ့ ပါသွားမှာပါ။ စိတ်ကောင်း နှလုံးကောင်း တွေနဲ့ လုပ်ခဲ့တာတွေကတော့ ကောင်းမှုအဖြစ်နဲ့ နောင်သံသရာအထိ ပါသွား မှာဖြစ်သလို ကျန်ရစ်ခဲ့တဲ့ ကာယကံရှင်ရဲ့အသိုင်းအဝိုင်း၊ အနာဂတ်မျိုးဆက် တွေပါ ဂုဏ်ယူရမယ့်၊ တင့်တယ်မှုဖြစ်စေမယ့် အမွေကောင်းတွေအဖြစ် ကျန်ရစ်ခဲ့မှာပါ။

တကယ်ပါပဲ စစ်ဆိုတာကို ကြားကို မကြားချင်တော့ဘူး။ ဖွံ့ဖြိုးတိုးတက်မှု တွေကိုပဲ ကြားချင် မြင်ချင်လှပါပြီ။ မဝေးတော့တဲ့ အချိန်မှာ ငြိမ်းချမ်းရေးသတင်း ကောင်းတွေကြားရလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်တွေကလည်း ခိုင်ခိုင်မာမာနဲ့။ ဘာကြောင့်လဲဆိုတော့ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုး၊ တန်ဖိုးထားတဲ့ အဖြူရောင် နှလုံးသားပိုင်ရှင် သွေးရင်းသားချင်း ညီအစ်ကို မောင်နှမတွေအားလုံး ငြိမ်းချမ်းရေးပန်းတိုင်ဆီကို လှံ့လ၊ ဝီရိယတွေနဲ့ အားထုတ်လျှောက်လှမ်း နေကြသလို ဖွံ့နပဲကြီးကြီး၊ မျှော်လင့်ချက်ကြီးကြီးနဲ့ ဆက်ပြီး စောင့်မျှော် နေကြလို့ပါပဲ။ ။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(၂၅) **အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ**ဆိုသည်မှာ ဤဥပဒေအရ ဖြစ်စေ၊ ရုပ်သိမ်းခဲ့ပြီးသော ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်း တည်ထောင်ထားသည့် ကုမ္ပဏီတစ်ခုကိုဆိုလိုပြီး ယင်းသည် အောက်ပါကန့်သတ်ချက်များကို လိုက်နာရမည်-

(ကက) ကုမ္ပဏီ၏ ဝန်ထမ်းအဖြစ်ခန့်ထားသူများ ပါဝင်ခြင်း မရှိသော ပါဝင်သူ ဦးရေ ၅၀ ဦးထက်မပိုစေရ။

(ခခ) ကုမ္ပဏီ၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များကို အများ ပြည်သူမှ ဝယ်ယူနိုင်ရန်အတွက် ကမ်းလှမ်းခြင်း တစ်စုံ တစ်ရာ မပြုလုပ်ရ။

(ဂဂ) အစုရှယ်ယာများအားလွှဲပြောင်းခြင်းကို ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းနှင့်အညီ ကန့်သတ်နိုင်သည်။

ဤအပိုဒ်ခွဲပါ ဖော်ပြချက်အရ လူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို သောသူများက ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာတစ်ခု သို့မဟုတ် အစုရှယ်ယာများကို ပူးတွဲပိုင်ဆိုင်ကြလျှင် ၎င်းတို့အား ပါဝင်သူ ဦးရေ တစ်ဦးအဖြစ်သာ မှတ်ယူရမည်။

(၂၆) **ကမကထပြုသူ** ဆိုသည်မှာ ပုဒ်မ ၂၁၄ ပါကိစ္စရပ်များအတွက် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တစ်ခုလုံး တွင်ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းတွင် ဖြစ်စေ မှားယွင်းတင်ပြသော သို့မဟုတ် မှန်ကန်မှုမရှိသော ရေးသားဖော်ပြချက်များ ပြုစု ဆောင်ရွက်ရာတွင်ပါရှိသော သူတစ်ဦးဦးကိုဆိုသည်။ သို့ရာတွင် ယင်းစကားရပ်၌ ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ရာတွင် ပါဝင် ဆောင်ရွက်သော ပုဂ္ဂိုလ်များအတွက် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်သူများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(၂၇) **ကုမ္ပဏီ၏အလားအလာညွှန်းတမ်း** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေ ချေး သက်သေခံလက်မှတ်များကို ပေးချေဝယ်ယူရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းသည့် ကုမ္ပဏီ၏ အလားအလာ ဖော်ပြချက် သို့မဟုတ် အကြောင်းကြားစာ သို့မဟုတ် ဖြန့်ဝေစာ သို့မဟုတ် ကြေညာချက် သို့မဟုတ် အခြားဖိတ်ခေါ်ချက် တစ်ရပ် ရပ်ကို ဆိုသည်။ သို့သော် ယင်းတွင် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်းကို တရားဝင်ပြုစုဆောင်ရွက်ထားသည့် အကြောင်း သာဖော်ပြထားသော ကြေညာချက်တစ်ရပ်ရပ် ပါဝင်ခြင်းမရှိစေ ရ။

(၂၈) **အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ**ဆိုသည်မှာ ဤဥပဒေအရ ဖြစ်စေ သို့မဟုတ် ရုပ်သိမ်းခဲ့ပြီးသော ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်းထားသော အများနှင့် မသက်ဆိုင်သောကုမ္ပဏီ မဟုတ် သည့် ကုမ္ပဏီကိုဆိုသည်။

(၂၉) **မှတ်ပုံတင်ထားသောအကျိုးခံစားခွင့်များ**ဆိုသည်မှာ အခန်း (၁၃) ပါပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်စာရင်းတစ်ခုဖြင့် ကုမ္ပဏီ မှ ရေးသွင်းပြုစုထားသည့် ငွေချေးသက်သေခံလက်မှတ် တစ်ရပ် ရပ်ကို ဆိုသည်။

(၃၀) **မှတ်ပုံတင်ထားသောရုံး** ဆိုသည်မှာ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် စီရင်ပိုင်ခွင့်ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန် အတွက် လျှောက်လွှာမတင်မီ တစ်ဆက်တည်းဖြစ်သောခြောက်လ ကာလအတွင်း ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးအဖြစ် ကာလ အကြာရှည်ဆုံးရှိသည့် နေရာကိုဆိုသည်။

(၃၁) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ ကုမ္ပဏီများအား မှတ်ပုံတင်ဆောင်ရွက်ခြင်းတာဝန်ကို ထမ်းဆောင်ရန်နှင့် ဤ ဥပဒေ သို့မဟုတ် အခြား သက်ဆိုင်သော ဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်အရာရှိသို့ အပ်နှင်းထားသည့် အခြားလုပ်ပိုင်ခွင့်များကို ကျင့်သုံးရန်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန သို့မဟုတ် ယင်းကို ဆက်ခံသည့်ဌာန သို့မဟုတ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ် အဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုသည်။

(၃၂) **အဖွဲ့အစည်း (ကုမ္ပဏီအပါအဝင်)တစ်ခု၏ ဆက်စပ်သည့် အဖွဲ့ အစည်း** ဆိုသည်မှာ-

(ကက) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုခု သို့မဟုတ်

(ခခ) အဖွဲ့အစည်း၏လက်အောက်ခံကုမ္ပဏီတစ်ခုခု သို့မဟုတ်

(ဂဂ) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၃၃) **ဆက်နွှယ်သည့်ပုဂ္ဂိုလ်** ဆိုသည်မှာ -

(ကက) ကုမ္ပဏီအပါအဝင် အဖွဲ့အစည်းတစ်ခုနှင့် သက်ဆိုင်သည့် အခါ အဖွဲ့အစည်းကို ထိန်းချုပ်သည့် ပုဂ္ဂိုလ်နှင့်

(ခခ) အဖွဲ့အစည်းအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦးနှင့်သက်ဆိုင် သည့်အခါ -

(၁) ပုဂ္ဂိုလ်တစ်ဦး၏ ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခု မှအပ ထိုပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးဦး၊

(၂) ထိုပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦး၏ အိမ်ထောင်ဖက် သို့မဟုတ် မိဘ သို့မဟုတ် ကလေး တစ်ဦးဦး၊

(၃) အထက်ပုဒ်မခွဲငယ်စိတ် (ကက) သို့မဟုတ် (ခခ)၊ (၁) နှင့် (၂) တို့တွင် ရည်ညွှန်းဖော်ပြထားသော ပုဂ္ဂိုလ် တစ်ဦးဦးက ထိန်းချုပ်သည့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ဆိုသည်။

(၃၄) **သတ်မှတ်စီစဉ်ထားသည့်ဘဏ်**ဆိုသည်မှာ သက်ဆိုင်ရာလုပ်ငန်း နှင့်ဆောင်ရွက်မှုများကို ပြုလုပ်ရန်အတွက် ငွေရေးကြေးရေးအဖွဲ့ အစည်းများဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ အသိအမှတ်ပြုထားသည့် သို့မဟုတ် လုပ်ပိုင်ခွင့် ပေးထားသည့် ဘဏ်တစ်ခုခုကို ဆိုသည်။

(၃၅) **အာမခံအကျိုးခံစားခွင့်** ဆိုသည်မှာ ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်အရ သတ်မှတ်ဖော်ပြထားသည့် သို့မဟုတ် အသိအမှတ်ပြုထားသော ကြွေးမြီပေးချေရန် အာမခံ ချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်၊ အပေါင်စာချုပ် ပေါင်နှံ ခြင်း သို့မဟုတ် အာမခံအကျိုးခံစားခွင့်ဆိုင်ရာ အခြားပုံစံ တစ်ရပ်ရပ်ကို ဆိုသည်။

(၃၆) **အစုရှယ်ယာ**ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာမတည် ငွေရင်းတွင် ပါဝင်သော အစုရှယ်ယာကို ဆိုသည်။

(၃၇) **ထိုးမြဲလက်မှတ်**ဆိုသည်မှာ မှတ်ပုံတင်အရာရှိထံ တင်ပြသော သို့မဟုတ် ထုတ်ပေးသော မည်သည့်စာရွက်စာတမ်းပေါ်တွင်မဆို အသိအမှတ်ပြုကြောင်း သေချာစေသည့် အမှတ်အသားကို ဆို သည်။ ယင်းသည် စာရွက်ပေါ်တွင် မူရင်းမင်ဖြင့် လက်မှတ်ရေးထိုး ရန် မလိုအပ်ဘဲ မှတ်ပုံတင်အရာရှိမှ လက်ခံသည့် နည်းလမ်းဖြင့် အီလက်ထရောနစ်ပုံစံပေါ်တွင် လက်မှတ်ရေးထိုးသူ၏ အမည် ပါရှိနိုင်သည်။ ဤဥပဒေတွင်ပါရှိသော မှတ်ပုံတင်အရာရှိထံ တင်ပြသော သို့မဟုတ် ထုတ်ပေးသော မည်သည့် စာရွက်စာတမ်း ပေါ်တွင်မဆို လက်မှတ် ရေးထိုးရန်ဆိုသည်မှာ ထိုးမြဲလက်မှတ်ကို ဆိုသည်။

(၃၈) **အသေးစားကုမ္ပဏီ**ဆိုသည်မှာ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီမှအပ အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် ညီညွတ် မှုရှိသော ကုမ္ပဏီကိုဆိုသည် -

(ကက) ယင်းကုမ္ပဏီနှင့် ယင်း၏လက်အောက်ခံ ကုမ္ပဏီများတွင် ၃၀ ထက်မပိုသော ဝန်ထမ်းဦးရေရှိခြင်း သို့မဟုတ် ဤ ဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ဝန်ထမ်းအရေ အတွက်အောက်တွင်ရှိခြင်း၊

(ခခ) ယင်းကုမ္ပဏီနှင့် ယင်း၏ လက်အောက်ခံ ကုမ္ပဏီများတွင် ယခင်နှစ်၏ တစ်နှစ်တာဝင်ငွေစုစုပေါင်းသည် ကျပ် သန်း ၅၀ အောက်တွင်ရှိခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ် ဖော်ပြထားသည့် ငွေပမာဏ အောက်တွင် ရှိခြင်း။

(၃၉) **ကြွေးမြီစစ်ဆေးချက်**ဆိုသည်မှာ အောက်ပါကိစ္စရပ်တစ်ခုစီတွင် အဆိုပါ ကုမ္ပဏီများနှင့် သက်ဆိုင်သည့် သို့မဟုတ် အခါအား လျော်စွာ သတ်မှတ်ဖော်ပြထားသည့် စာရင်းကိုင်စံနှုန်းများနှင့်အညီ ဖြစ်စေရမည်-

(ကက) ကုမ္ပဏီသည် သာမန်စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများ တွင်ပေးချေရမည်ဖြစ်သော ကြွေးမြီများကို ပေးချေနိုင် စွမ်းရှိခြင်းနှင့်

(ခခ) ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များသည် ယင်း၏ပေးရန် တာဝန် ရှိမှုများထက် ပိုနေခြင်း။

(၄၀) **အထူးဆုံးဖြတ်ချက်**ဆိုသည်မှာ အထူးဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နည်းလမ်းတကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင်တက်ရောက်၍ဖြစ်စေ၊ ခွင့်ပြုခန့်ထားသည့် ကိုယ်စားလှယ် တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီ တွင် ပါဝင်သူများ၏ လေးပုံသုံးပုံထက်မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်ကို ဆိုသည်။

(၄၁) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ-

(ကက) ကုမ္ပဏီတစ်ခုသည် အောက်ပါအခြေအနေတစ်ခုခုနှင့် ကိုက်ညီလျှင် အခြားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သည်-

(၁) အခြားကုမ္ပဏီသည် အဆိုပါကုမ္ပဏီ၏ ဘုတ်အဖွဲ့ ဖွဲ့စည်းမှုအား ထိန်းချုပ်ထားခြင်း သို့မဟုတ်

(၂) အခြားကုမ္ပဏီသည် အဆိုပါကုမ္ပဏီ၏ အစည်း အဝေးတွင် အသုံးပြုနိုင်သည့် မဲအရေအတွက် အများဆုံးအနက်မှ တစ်ဝက်ထက်ပိုသည့် မဲများကို အသုံးပြုနိုင်ခြင်း သို့မဟုတ် အသုံးပြုမှုအား ထိန်းချုပ် နိုင်ခြင်း သို့မဟုတ်

(၃) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်းသော် လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထား သည့် ပမာဏထက်ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိ သည့် အခွင့်အရေးမရရှိသော အစုရှယ်ယာများ မှတစ်ပါး အဆိုပါကုမ္ပဏီ၏ ထုတ်ဝေထားသော အစုရှယ်ယာများ၏ တစ်ဝက်ထက်ကျော်လွန်သည့် အစုရှယ်ယာများကို အခြားကုမ္ပဏီမှ ပိုင်ဆိုင်ထား ခြင်း သို့မဟုတ်

(၄) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်း သော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏထက်ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါကုမ္ပဏီမှ ထုတ်ဝေထားသော အစုရှယ်ယာများအပေါ် ခွဲဝေပေးရမည့် အမြတ်ဝေစုတိုင်း၏ ထက်ဝက် ကျော်ကို ရထိုက်ခွင့်ရှိခြင်း။

(ခခ) အထက်ပုဒ်မခွဲငယ်စိတ် (ကက) ပါအခြေအနေ တစ်ခုခုနှင့် ကိုက်ညီသည့် လက်အောက်ခံကုမ္ပဏီမှ ထပ်မံဖွဲ့စည်း သည့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီသည်လည်း အဆိုပါ အခြား ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သည်။

(၄၂) **ကူးပြောင်းကာလ**ဆိုသည်မှာ ဤဥပဒေ စတင်အာဏာသက် ရောက်သည့်နေ့မှ စတင်၍ ၁၂ လ ဖြစ်သောကာလကို ဆိုသည်။

(၄၃) **ကုမ္ပဏီတစ်ခုနှင့်ဆက်နွှယ်နေသည့် မူရင်းအစုများပိုင်ဆိုင် သည့်ကုမ္ပဏီ**ဆိုသည်မှာ ဆက်နွှယ်နေသော ကုမ္ပဏီ၏ အစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုကိုဆိုလိုပြီး ယင်းကုမ္ပဏီ ကိုယ်တိုင် ကုမ္ပဏီတစ်ခုခု၏ လက်အောက်ခံမဟုတ်သော ကုမ္ပဏီ တစ်ခုခု ကို ဆိုသည်။

(၄၄) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(၄၅) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများ ပြုလုပ်ရန်နှင့် မှတ်ပုံတင်အရာရှိကိုကြီးကြပ်ရန် တာဝန်ရှိသည့် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ပြည်ထောင်စုဝန်ကြီး အဆင့်ရှိ သူ အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(၄၆) **ရောင်းချသူ**ဆိုသည်မှာ ပုဒ်မ ၂၀၅ တွင်ဖော်ပြပါရှိသည့် ကိစ္စ ရပ်များအတွက် အောက်ပါအခြေအနေများတွင် အရောင်းအဝယ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ရွေးချယ်ဝယ်ယူခြင်း ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ကိုဖြစ်စေ ချုပ်ဆိုဆောင်ရွက်သည့် ပုဂ္ဂိုလ်အားလုံးကို ဆိုသည်-

(ကက) ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ထုတ်ဝေသည့် နေ့ရက်တွင် ကုမ္ပဏီက ရယူမည့်ပစ္စည်း တစ်စုံတစ်ရာအတွက် ပေးချေရမည့်ငွေကို အပြည့်အဝ ပေးချေထားမှု မရှိသေးခြင်း သို့မဟုတ်

(ခခ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ဖြင့် ငွေကြေးထည့်ဝင်စေရန် ကမ်းလှမ်း၍ ရရှိသည့် အကျိုးအမြတ်မှ ပေးချေရမည့် ငွေအား အပြည့်အဝဖြစ် စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပေးချေထားခြင်း သို့မဟုတ် ပေးချေရန် လက်ခံထားခြင်း သို့မဟုတ်

(ဂဂ) အဆိုပါ ပဋိညာဉ်စာချုပ်သည် ယင်း၏ တရားဝင်မှု သို့မဟုတ် အပြည့်အဝ အကောင်အထည်ဖော် ဆောင် ရွက်ပေးနိုင်မှုတို့သည် အလားအလာ ညွှန်းတမ်း (Prospectus) ဖြင့် ကမ်းလှမ်း၍ရရှိသည့် အကျိုး အမြတ် ရလဒ်အပေါ်တွင် တည်မှီနေခြင်း။

## အပိုင်း (၂)
## ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၊ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် အခွင့်အာဏာများ

## အခန်း (၂)
## ကုမ္ပဏီများနှင့်အဖွဲ့အစည်းများ

**ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်နိုင်သော ကုမ္ပဏီများနှင့်အဖွဲ့အစည်းများ**

၂။ အောက်ပါကုမ္ပဏီများကို ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်နိုင်သည်-

(က) အောက်ပါအစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ အမျိုးအစားနှစ်ခုအနက်မှ တစ်ခု -

(၁) ကုမ္ပဏီ၏ဝန်ထမ်းအဖြစ်ခန့်ထားသူများ ပါဝင်ခြင်းမရှိသော ပါဝင်သူဦးရေ ၅၀ ဦးထက် မပိုသည့်သူများ ပါရှိနိုင်သော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ်

(၂) ကုမ္ပဏီတွင် ပါဝင်သူဦးရေ အကန့်အသတ်မရှိ ပါရှိနိုင် သော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ။

(ခ) ကုမ္ပဏီတွင် ပါဝင်သူဦးရေ အကန့်အသတ်မရှိသည့် ခံဝန်ချက် အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ၊

(ဂ) ကုမ္ပဏီတွင် ပါဝင်သူဦးရေအကန့်အသတ်မရှိသည့် တာဝန် ကန့်သတ်မထားသည့် ကုမ္ပဏီ။

**ဤဥပဒေအရ မှတ်ပုံတင်နိုင်သော အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းများ**

၃။ အခန်း (၉) ပါပြဋ္ဌာန်းချက်များနှင့်အညီ ဤဥပဒေအရသော်လည်း ကောင်း၊ အခြားသော ဥပဒေများအရသော်လည်းကောင်း ဖွဲ့စည်းတည်ထောင် ထားသည့် အောက်ပါအခြားကော်ပိုရေးရှင်း အဖွဲ့အစည်းများသည် ဤ ဥပဒေအရ မှတ်ပုံတင်နိုင်သည်-

(က) စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့၊

(ခ) ပြည်ပကော်ပိုရေးရှင်း၊

(ဂ) ဤဥပဒေအရသော်လည်းကောင်း၊ အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း ကုမ္ပဏီတစ်ခုအဖြစ် မှတ်ပုံတင်ခွင့်ရှိသည့် အခြားကော်ပိုရေးရှင်း တစ်ရပ်ရပ်နှင့်

(ဃ) အခါအားလျော်စွာ ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထား သည့် အခြားသော အဖွဲ့အစည်းများ။

ဆက်လက်ဖော်ပြပါမည်။

# ရန်ကုန်မြို့တွင် ဆဋ္ဌမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေး၊ မဟာဗျူဟာများနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆဋ္ဌမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။

(၆)ကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ၏ အဓိက Theme မှာ Myanmar's Media Development:Strategies & way forward ဟူ၍ဖြစ်သည်။

အဆိုပါ ညီလာခံတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ယူနက်စကိုမှ Head of Office Ms. Min Jeong Kim၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးသီဟစောနှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှ တွဲဖက်ပါမောက္ခတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မီဒီယာဆိုင်ရာဗဟုဝါဒ(Pluralism)နှင့် ရေရှည်တည်တံ့ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် MJA နာယက ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး တနင်္သာရီဂျာနယ်နှင့် Dawei Watch တည်ထောင်သူ ဒေါ်အေးအေးဇင်၊ The Voice အယ်ဒီတာချုပ် ဦးကျော်မင်းဆွေ၊ Myanmar Internews မှ Country Director မိုက်ကယ်ပန်တို့က ပါဝင်ဆွေးနွေးကြသည်။

ကျင့်ဝတ်စောင့်ထိန်းလိုက်နာပြီး ပရော်ဖက်ရှင်နယ်ပီသမှုကို ထိန်းသိမ်းခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် MJI Training Director ဦးစိန်ဝင်းက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး မြစ်မခမီဒီယာ စီအီးအို မေသကြၣ်နှ်ဟိန်၊ မော်ကွန်းမဂ္ဂဇင်း အယ်ဒီတာချုပ် ဦးဇေယျာလှိုင်၊ Indonesia Press Council မှ Mr.Bangbang Harymurti တို့က ပါဝင်ဆွေးနွေးကြသည်။



မီဒီယာဆိုင်ရာ ဗဟုဝါဒ (Pluralism)နှင့် ရေရှည်တည်တံ့ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

သတင်းအချက်အလက်ရရှိရေးနှင့် သတင်းအချက်အလက်ရောက်ရှိရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် Mizzima Media Group ဒါရိုက်တာ ဒေါ်သင်းသင်းအောင်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ပြည်ကြီးခင် အမှုဆောင် ဒါရိုက်တာ ဒေါ်နွယ်ဇင်ဝင်း၊ ဧရာဝတီသတင်းထောက် Lawi Weng နှင့် Centre for Law and Democracy အမှုဆောင် ဒါရိုက်တာ Toby Mendel တို့က ပါဝင်ဆွေးနွေးကြသည်။

သတင်းသမားများ ဘေးကင်းလုံခြုံရေးနှင့် ပြစ်ဒဏ်ကင်းလွတ်မှုရရှိရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဦးမြင့်ကျော်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး DVB TV News မှ Broadcast Journalist ဦးအောင်ကိုကို (ခ) ကိုအောင်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်နှင့် IMS မှ Regional Advisor Asia Dr. RangaKalansooriya တို့က ပါဝင်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မီဒီယာနှင့်ဆက်နွယ်သောဥပဒေများ၊ ဒစ်ဂျစ်တယ်ဆိုင်ရာ အခွင့်အရေးနှင့် အွန်လိုင်းဥပဒေရေးရာ အုပ်ချုပ်ရေးစနစ်ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် Democratic Voice of Burma မှ Bureau Chief ဦးတိုးဇော်လတ်က ဆွေးနွေးပွဲ ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး Freedom Expression Myanmar မှ ပရိုဂရမ်မန်နေဂျာ ဒေါ်ယဉ်ရတနာသိန်း၊ MLN အတွင်းရေးမှူး ဦးသန်းဇော်အောင်နှင့် DWAkademie မှ ပရောဂျက်မန်နေဂျာ Thomas Baerthlein နှင့် Internews မှ မီဒီယာအကြံပေး ဦးမျိုးသာထက်တို့က ပါဝင်ဆွေးနွေးကြသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် တိုင်းရင်းသားမီဒီယာ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် Peace Commission မှ Facilitator ဦးကျော်လင်းဦးက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး မားနဂါးသတင်းဂျာနယ် အယ်ဒီတာချုပ် ဦးမိုင်းနိုင်နိုင်ဦး၊ ကရင်သတင်းဌာန အယ်ဒီတာချုပ် ဒေါ်နန်းဖောဂေး၊ Root Investigate Agency တည်ထောင်သူ ကိုနေမင်းအောင်နှင့် သံလွင်တိုင်းမ်စ်မှ ဦးကိုကိုဇော်တို့က ပါဝင်ဆွေးနွေးကြသည်။

သတင်းအတု ပြဿနာ၊ ဆိုရှယ်မီဒီယာနှင့် အချက်အလက်များ စစ်ဆေးခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး MIDO မှ အမှုဆောင်အရာရှိ ဒေါ်ထိုက်ထိုက်အောင်၊ ကမာရွတ်မီဒီယာ အယ်ဒီတာ ဦးဟန်သာငြိမ်းနှင့် Article 19 မှ Senior Legal Officer Pierre Francois နှင့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံရှိ စာနယ်ဇင်းကောင်စီ၏ အမှုဆောင် ဒါရိုက်တာ Ms.Ljiljana Zurovac တို့က ပါဝင်ဆွေးနွေးကြသည်။

အဆိုပါခေါင်းစဉ်များဖြင့် ဆွေးနွေးမှုများအပြီးတွင် ညီလာခံသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းကြပြီး ပြန်လည်ဆွေးနွေးကြသည်။

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ၂၀၁၂ ခုနှစ်မှ စတင်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ယူနက်စကိုနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များက ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ဆဋ္ဌမအကြိမ်မြောက်တွင် မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေး၊ မဟာဗျူဟာများနှင့် ရှေ့လုပ်ငန်းစဉ်များခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# နယ်စပ်ဒေသတိုင်းရင်းသားလေ့လာရေးအဖွဲ့များ နေပြည်တော်အတွင်း ဆက်လက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၇**

နေပြည်တော်သို့ ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား လူငယ်များသည် လေ့လာရေးအစီအစဉ် ဒုတိယနေ့အဖြစ် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ ဗိမာန်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း လေ့လာရာ တာဝန်ရှိသူများက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့် တပ်မတော်သမိုင်းကို Video Projector ဖြင့် ပြသပေးခဲ့ပြီး ပြတိုက်အတွင်းရှိ ခင်းကျင်းပြသထားသော ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်စစ်ဆင်ရေး မှတ်တမ်းဓာတ်ပုံများ၊ ဗမာ့ကာကွယ်ရေးတပ်မတော်သုံးပစ္စည်းများနှင့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြခန်းများသို့ ကြည့်ရှုလေ့လာခဲ့ကာ ညနေပိုင်းတွင် မဟာသကျရံသီ ဘုရားအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

တိုင်းရင်းသား လေ့လာရေးအဖွဲ့များသည် တတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် ဗုဒ္ဓဂယာသို့ သွားရောက်ဖူးမြော်ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)ရှိ သတင်းရိုက်ကူးခြင်း၊ သတင်းတည်းဖြတ်ခြင်း၊ သတင်းတင်ဆက်ခြင်း၊ ရုပ်သံထုတ်လွှင့်ခြင်းနှင့် တိုင်းရင်းသားရုပ်သံလိုင်း (NRC) ထုတ်လွှင့်မှု၊ ရေဒီယိုထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များက ယဉ်ကျေးမှုဖလှယ်သည့်အနေဖြင့် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ထို့အပြင် နယ်စပ်ဒေသတိုင်းရင်းသား လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့် ဆာဖာရီဥယျာဉ်များသို့ သွားရောက် လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ဖိလစ်ပိုင်နိုင်ငံသမ္မတ ကင်းထောက်ချုပ်ကြီး၏ ဂုဏ်ပြုဆုကို လက်ခံရယူခဲ့သည့် မြန်မာနိုင်ငံကင်းထောက်ချုပ် ပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံ သမ္မတ ကင်းထောက်ချုပ်ကြီး၏ ဂုဏ်ပြုဆုကို လက်ခံရယူခဲ့သည့် မြန်မာနိုင်ငံကင်းထောက်ချုပ် ဒေါက်တာတင်ညိုသည် ဒီဇင်ဘာ ၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

နိုဝင်ဘာ ၂၇ ရက်တွင် တဂွန်းမြို့ Energy Park ၌ ကျင်းပသည့် (၆)ကြိမ်မြောက် အာဆီယံကင်းထောက်ဂျန်ဘူရီဖွင့်ပွဲ အခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့၏ ကင်းထောက်ချုပ်ကြီးဖြစ်သူ ဖိလစ်ပိုင်နိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးက ချီးမြှင့်ခဲ့သည့် Chief Scout Award ဂုဏ်ပြုဆုကို မြန်မာနိုင်ငံကင်းထောက်ချုပ် ဒေါက်တာတင်ညိုက လက်ခံခဲ့ပြီး အာဆီယံကင်းထောက် ဂျန်ဘူရီသို့ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့မှ ခေါင်းဆောင်များနှင့် အခြားနိုင်ငံ ၂၀ မှ ကင်းထောက်ခေါင်းဆောင်များ၊ ကင်းထောက်ကိုယ်စားလှယ် ၂၉၆၀၀ ပါဝင်တက်ရောက်ကြသည်။

နိုဝင်ဘာ ၂၆ ရက်ကလည်း ဖိလစ်ပိုင်နိုင်ငံ တဂွန်းမြို့တွင် ကျင်းပသော (၉)ကြိမ်မြောက် ဒေသအတွင်းပူးပေါင်းဆောင်ရွက်ရေး အာဆီယံကင်းထောက်အသင်း (9th ASEAN Scout Association for Regional Co-operation)၊ အစည်းအဝေးတွင် အာဆီယံကိုးနိုင်ငံ၏ ကင်းထောက်အဖွဲ့များမှ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ အာဆီယံအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူးတို့နှင့်အတူ မြန်မာနိုင်ငံ ကင်းထောက်လှုပ်ရှားမှုအစီအစဉ်များနှင့် အာဆီယံနိုင်ငံများရှိ ကင်းထောက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းစံနှုန်းများ ဖော်ထုတ်ရေး ကွန်ဖရင့် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**
မြန်မာနိုင်ငံ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းစံနှုန်းများ ဖော်ထုတ်ရေးကွန်ဖရင့်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ရေး၊ လည်ပတ်စရာနေရာများ ပိုမိုဖန်တီးခြင်းဖြင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်၍ ရက်ကြာကြာ နေထိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ရိုးရာဓလေ့စရိုက်နှင့် နေရာဒေသအလှအပများသည် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ရေးအတွက် ကောင်းမွန်သော အရည်အချင်းကောင်းများ ရှိပါကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ရပ်ရွာလူထုအခြေပြုခရီးသွား လုပ်ငန်းစံနှုန်းများ ဖော်ထုတ်ခြင်းအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Community Based Tourism ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ရာတွင် ရှိသင့်ရှိထိုက်သော အခြေခံစံနှုန်းများ ပေါ်ထွက်လာမည်ဖြစ်ပြီး ယင်းစံနှုန်းများကိုအခြေခံ၍ အရည်အသွေးပြည့်ဝစနစ်ကျသော ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများပေါ်ထွက်လာပြီး ဒေသခံပြည်သူလူထုအတွက် တိုက်ရိုက်လူမှုစီးပွားအကျိုးခံစားခွင့် ရရှိမည်ဖြစ်၍ ကောင်းမွန်ပါကြောင်း၊ ဤအစီအစဉ်ဖြစ်ပေါ်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ကြသော LUX DEV၊ GIZ ၊CBI ၊ CBT Network မှ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့်ကိုက်ညီသော ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းစံနှုန်းတစ်ခုထွက်ပေါ်လာမှုအတွက် အားလုံးက ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ပေးကြပါရန် ပြောကြားသည်။

အဆိုပါကွန်ဖရင့်သို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်နေသောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါကွန်ဖရင့်ကို ဒီဇင်ဘာ ၈ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# စက်တပ်ဆင်လျက် ဖမ်းမိထားသော လင်းယုန်ငှက်ကြီးကို မင်းကင်းသစ်တောဌာနတွင် စောင့်ရှောက်ထိန်းသိမ်းထား

**မင်းကင်း ဒီဇင်ဘာ ၇**
စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် သာစည်ရွာတွင် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ဖမ်းမိသော လင်းယုန်ဟုယူဆရသော ငှက်ကြီးကို မင်းကင်းမြို့နယ် သစ်တောဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ကာ မန္တလေးမြို့ ရတနာပုံတိရစ္ဆာန်ဥယျာဉ်မှ တိ/မွေး/ကုဆရာဝန်က စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တပ်ထားတဲ့စက်မှာ မွန်ဂိုလီးယားလို့ရေးတာပါတယ်၊ ဖမ်းမိထားတဲ့လင်းယုန်လို့ ယူဆရတဲ့အကောင်ကို မန္တလေး ရတနာပုံတိရစ္ဆာန်ဥယျာဉ်က ဆရာဝန်က



မင်းကင်းသစ်တောဦးစီးဌာနမှာ သွားရောက်ဆေးစစ်မှာဖြစ်ပါတယ်၊ ဆေးစစ်လို့ကျန်းမာရေးကုသဖို့လိုမယ်ဆိုရင် ဆေးကုသပေးပြီး ရတနာပုံတိရစ္ဆာန်ဥယာဉ်ကို ခေါ်သွားပြီး ထိန်းသိမ်းဖို့စီစဉ်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းက ပြောသည်။

"အဲဒီရောက်မှပဲ တပ်ထားတဲ့စက်ကိုစစ်ဆေးပြီး ဆက်သွယ်ဆောင်ရွက်စရာတွေ ဆက်လုပ်သွားမှာပါ၊ အကြမ်းဖျင်းယူဆရတာက သုတေသနလုပ်ဖို့ စက်တပ်ပေးလိုက်တဲ့ အကောင်ဖြစ်မှာပါ၊ လက်ရှိမင်းကင်းသစ်တောဦးစီးဌာနမှာထိန်းသိမ်းထားတာ ကျန်းမာရေးအခြေအနေကတော့ ကောင်းပါတယ်၊ မွန်ဂိုလီးယားလို့ရေးထားပေမယ့် ဘယ်နိုင်ငံဘယ်အဖွဲ့ကလို့ တိတိကျကျမသိရသေးပါဘူး၊ အားလုံးစစ်ပြီးမှ တိတိကျကျသိရပြီဆိုရင် ဆက်သွယ်ပေးပို့သွားမှာပါ၊ အခုချိန်ထိတော့ ဒီငှက်ကြီးနဲ့ပတ်သက်ပြီး ဘယ်ကမှ ဆက်သွယ်လာတာမရှိသေးပါဘူး"ဟု ဦးခင်မောင်ဝင်းက ဆက်ရှင်းပြသည်။

"မနေ့မနက်က ရွာနားကကောက်ရိုးပုံမှာလာနားတုန်း ရွာသားတစ်ဦးက လေးခွနဲ့ ပစ်ဖမ်းလိုက်တာပါ၊ ဘာကြောင့်စက်တပ်ထားတယ်၊ ဘာစက်ဆိုတာကိုတော့ မသိပါဘူး"မင်းကင်းဒေသခံ ကိုကျော်မျိုးလင်းက ဆိုသည်။

သုတေသနလုပ်ဖို့အတွက်တပ်လိုက်တဲ့စက်ဆိုတာကတော့သေချာပါတယ်၊ စိုးရိမ်စရာမရှိပါဘူး၊ ဘယ်နိုင်ငံကဘာအတွက်ဆိုတာကိုတော့ နေပြည်တော်က သားငှက်ထိန်းသိမ်းရေးဌာန တာဝန်ရှိသူတွေနဲ့ဆက်လက်ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်"ဟု ဦးခင်မောင်ဝင်းက ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




# ပြည်သူ့ဆေးရုံများတွင် ပဋိဇီဝဆေးယဉ်ပါးမှု ထိန်းချုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန မြန်မာနိုင်ငံအဓိကဆေးဝါးစီမံချက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ပြည်သူ့ဆေးရုံများတွင် ပဋိဇီဝဆေးယဉ်ပါးမှု ထိန်းချုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(Workshop on Antimicrobial Resistance Controlling in Hospitals )အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပဋိဇီဝဆေးယဉ်ပါးမှုကို ဖြစ်စေသော အကြောင်းအချက်များစွာထဲတွင် ကြောင်းကျိုးညီညွတ်စွာ ပဋိဇီဝဆေးဝါးများမသုံးစွဲခြင်း၊ လူနာကိုယ်တိုင် ကုသမှုပြီးဆုံးတိုင်အောင် မပြုလုပ်ခြင်းနှင့် ဆေးပတ်လည်အောင်မသောက်ခြင်းတို့ပါဝင်သည်ကို ထောက်ပြထားပါကြောင်း။

ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာကို ရင်ဆိုင်ဖြေရှင်းရန်အတွက် Global Action Plan (GAP) ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရေးဆွဲထားပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း National Action Plan (AMR) ကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် adop လုပ်နိုင်ခဲ့ပါကြောင်း၊ ပဋိဇီဝဆေးများသည် Precious Resanse များဖြစ်သည့်အတွက် ယခုအချိန်မှစ၍ immediate action များပြုလုပ်ရန်လိုကြောင်း၊ ကျန်းမာရေးကဏ္ဍအတွက် အရေးကြီးသော ပြည်သူ့ဆေးရုံများတွင် AMR Controlling နည်းလမ်းများ ပေါ်ထွက်လာခြင်းဖြင့် ပြည်သူ့ဆေးရုံကြီးများတွင်သာမက ပုဂ္ဂလိကကျန်းမာရေးကဏ္ဍအတွက်ပါ အကျိုးကျေးဇူးမျာ ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး Essential Medicines Concept ၊ Rational use of Medicines ၊ Irrational use of Medicines ၏ consequences များ Update AMR information and future plan များ၊ AMR ကို One health Approach ရှုထောင့်မှ ရှင်းလင်းတင်ပြခြင်း၊ ဆေးရုံတချို့၏ Antibiotic Procurement အခြေအနေ၊ Adverse Drug Reaction (ADR) အခြေအနေတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လူထု စည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

**ဘီးလင်း ဒီဇင်ဘာ ၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုစည်းရုံးရေးမှူးများ တတိယနှစ် စက်ဝန်းအတွက် သင်တန်းအပိုင်း(၂)ကို ဒီဇင်ဘာ ၄ ရက် နံနက်က မွန်ပြည်နယ် ဘီးလင်း မြို့နယ် လူထုဗဟိုပြု စီမံကိန်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ် DRD Counterpart များ၊ မြို့နယ်နည်းပညာအကြံပေးအဖွဲ့များ၊ လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများ တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းပြီးဆုံးသွားပါက ဘီးလင်းမြို့နယ်အတွင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာအုပ်စု ၅၁ အုပ်စု (ကျေးရွာပေါင်း ၂၁၆ ရွာ)အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်သတင်း

✱ ကျောဖုံးမှ

ဦးဆောင်၍ ရှင်းလင်းအသိပေးသည့် အစည်းအဝေး တစ်ရပ်ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကားပြောကြားရာတွင် UEHRD စီမံကိန်းကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌတာဝန်ယူ၍ ဖွဲ့စည်းထားရှိမှု၊ စီမံကိန်း၏ ရည်ရွယ်ချက်များ၊ UEHRD ကော်မတီမှ အထူးလုပ်ငန်းအဖွဲ့ ကိုးဖွဲ့ ဖွဲ့စည်းထားရှိပြီး ယင်းကိုးဖွဲ့တွင် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ စီးပွားရေးဇုန်ထူထောင်ရေး၊ သတင်းအချက်အလက်နှင့်မီဒီယာ၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရေးနှင့် သက်မွေးပညာသင်တန်းပေးရေး၊ ကျန်းမာရေး၊ အသေးစားချေးငွေလုပ်ငန်း၊ ဘဏ္ဍာငွေစုဆောင်းရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ မြှင့်တင်ရေးတို့ပါဝင်မှု၊ ၎င်းလုပ်ငန်းများကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်မှုအင်အားဖြင့် ဆောင်ရွက်မည့်အစီအစဉ်များ၊ ၎င်းလုပ်ငန်းများတွင် မိတ်ဆွေနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ အကူအညီများလည်း ရယူဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသူများ ပြန်လည်လက်ခံရေးအတွက် ပြန်လည်လက်ခံရေးစခန်းနှင့် ယာယီစခန်းများ တည်ဆောက်မှု အခြေအနေနှင့် နိုဝင်ဘာ ၂၃ ရက်တွင် မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအတွက် ဆောင်ရွက်မည့်အစီအစဉ် သဘောတူညီမှု လက်မှတ်ရေးထိုးပြီးစီးမှု အခြေအနေ၊ လက်ရှိရခိုင်ပြည်နယ်အရေးကိစ္စကို ဖြေရှင်းဆောင်ရွက်ရေးနှင့် ရေရှည်အတွက် မစ္စတာကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ၎င်းလုပ်ငန်းများသည် UEHRD ၏ လုပ်ငန်းစဉ်၌လည်း ပါဝင်အထောက်အကူဖြစ်မှု၊ UEHRD စီမံကိန်းအတွက် ပြည်တွင်းနှင့်နိုင်ငံတကာအသိုင်းအဝိုင်းမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုနှင့် ၎င်းအတွက် UEHRD သည် ပူးပေါင်းဆောင်ရွက်မှု ပုံစံအသစ်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံအစိုးရအနေဖြင့် ရှုပ်ထွေးလှသည့် ရခိုင်ပြည်နယ်၏ ပြဿနာ ဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပြီး နိုင်ငံတကာ၏ ဝိုင်းဝန်းကူညီမှုလိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ UEHRD ကော်မတီ ညှိနှိုင်းရေးမှူးချုပ်ဖြစ်သူ ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က UEHRD စီမံကိန်းအကြောင်း ရှင်းလင်းတင်ပြရာတွင် ဤစီမံချက်သည် ပြည်ထောင်စုအဆင့် စီမံချက်ဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များ ဖော်ထုတ်နိုင်မည်ဖြစ်ပြီး အဓိကတာဝန်သုံးရပ်မှာ ဒုက္ခသည်များ ပြန်လည်လက်ခံရေးနှင့် လူသားချင်းစာနာမှုအကူအညီပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့်ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ ဖြစ်ပါကြောင်း၊ ဤစီမံကိန်းအရ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီ၏ ဆောင်ရွက်မှုများနှင့် ရခိုင်ပြည်နယ်အစိုးရ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ပါဝင်နေပါကြောင်း၊ နိုင်ငံတော်အစိုးရက ဦးဆောင်၍ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်ပြီး ထိရောက်သော Public Private Partnership ပုံစံဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အခြေခံမူများမှာ တီထွင်ဆန်းသစ်ဆောင်ရွက်ခြင်း၊ မခွဲခြားမချန်ခြင်း၊ အားလုံးပါဝင်ဆောင်ရွက်နိုင်ခြင်း၊ တာဝန်ယူမှုရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိစေခြင်းတို့ဖြစ်ပါကြောင်းနှင့် UEHRD ကော်မတီ၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းအဖွဲ့ကိုးဖွဲ့ ဖွဲ့စည်းမှုနှင့် UEHRD ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌက ဦးဆောင်၍ ညှိနှိုင်းရေးမှူးချုပ်၏ စီမံခန့်ခွဲမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အဖွဲ့များ၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုယန္တရားထူထောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိမည့်သူများ ပြန်လည်လက်ခံရေး အစီအစဉ်များ သိလိုပါကြောင်းနှင့် ပြန်လည်လက်ခံရေးစခန်းများသို့ ကြည့်ရှုလိုပါကြောင်း၊ UEHRD လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် နည်းပညာလုပ်ငန်းအဖွဲ့၊ လုပ်ငန်းစီမံချက်နှင့် အချိန်ကာလသတ်မှတ်ချက်များပါထည့်သွင်းဆောင်ရွက်စေလိုကြောင်း၊ ရခိုင်ပြည်နယ်မှ ဒေသခံတို့၏ ကုလသမဂ္ဂအဖွဲ့များအပေါ် ထားရှိသည့် အမြင်များ ပြောင်းလဲလာစေရန် အစိုးရက မည်သို့သော မူဝါဒဖြင့် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် UEHRD သည် နိုင်ငံတကာအသိုင်းအဝိုင်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ပုံစံသစ်ဖြစ်ပြီး ယင်းပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂအဖွဲ့ကြီးမှ ချမှတ်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအကောင်အထည်ဖော်မှုများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရခိုင်ပြည်နယ် ပဋိပက္ခဖြစ်ရခြင်း၏ အကြောင်းရင်းများကို ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားသွားမည်ဖြစ်ပြီး ၎င်းရည်မှန်းချက်အတွက် UEHRD သည် ပထမခြေလှမ်းတစ်ရပ် ဖြစ်ပါကြောင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထောက်ပံ့ကူညီမှုများကို တန်ဖိုးထားပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအခြေစိုက်သံရုံး ၂၉ ရုံးမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မကြာမီပြန်လည်ဖွင့်လှစ်တော့မည့် မောင်တောမြို့မစည်ပင်သာယာဈေးကြီး၌ လုံခြုံရေးကင်မရာ (CCTV) များ စတင်တပ်ဆင်

**မောင်တော ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ် မောင်တောမြို့၏ အထင်ကရဈေးကြီးဖြစ်သော မြို့မစည်ပင်သာယာဈေးကြီးကို မောင်တောစည်ပင်သာယာရေးကော်မတီက လုံခြုံရေးကင်မရာ(CCTV)များ စတင်တပ်ဆင်ပေးလျက်ရှိပြီး မကြာမီရက်ပိုင်းအတွင်း ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း မောင်တောမြို့ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။



ပြန်လည်ဖွင့်လှစ်တော့မည့် မောင်တောမြို့မစည်ပင်သာယာဈေးကြီးကို တွေ့ရစဉ်။

ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ယာယီပိတ်ထားခဲ့သော မောင်တောမြို့မစည်ပင်သာယာဈေးကြီးကို လုံခြုံရေးပိုင်းဆိုင်ရာရှုထောင့်အရ ပြည်သူများ အေးချမ်းစွာ ဝယ်ယူရောင်းချနိုင်ရန်ရည်ရွယ်၍ လုံခြုံရေးကင်မရာ(CCTV)များကို မောင်တောစည်ပင်သာယာရေးကော်မတီက တပ်ဆင်ပေးလျက်ရှိပြီး မကြာမီ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်လျက်ရှိသည်။ မောင်တောမြို့မစည်ပင်သာယာဈေးကြီး၌ အတွင်း၊ အပြင် လုံခြုံရေးကင်မရာ (CCTV) ၂၄ လုံး တပ်ဆင်ပေးသွားမည်ဖြစ်ပြီး သား၊ ငါးဈေးပိုင်းဘက်တွင်လည်း ထပ်မံတိုးချဲ့ကာ CCTV ရှစ်လုံးတပ်ဆင်ပေးသွားမည်ဖြစ်၍ စုစုပေါင်း CCTV ၃၂ လုံး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်နဲ့ ပတ်သက်ပြီး မောင်တောဒေသမှာ ဈေးတွေကို ယာယီပိတ်ထားရတာတွေရှိတယ်၊ အဲဒီဈေးတွေမှာ တချို့ကို ပြန်လည်ဖွင့်လှစ်ထားပြီး မြို့မစည်ပင်ဈေးကြီးကိုတော့ အဖျက်သမားတွေ အပတန့်အတားတစ်ခုဖြစ်အောင် လုံခြုံရေးကင်မရာ(CCTV) တွေတပ်ဆင်ဖို့ စီစဉ်ခဲ့တာပါ၊ ဒီရက်ပိုင်းအတွင်းမှာပဲ အားလုံးတပ်ဆင်ပြီးမှာပါ၊ သားငါးဈေးကလည်း ဖွင့်ပြီးသားဖြစ်နေတယ်၊ အဲဒီဈေးမှာလည်း တပ်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်၊ တပ်ပြီးတာနဲ့ ရက်ပိုင်းအတွင်းမှာ ကျွန်တော်တို့ မောင်တောမြို့မစည်ပင်သာယာဈေးကြီးကို ဖွင့်ဖို့စီစဉ်ထားပါတယ်၊ CCTV တပ်ဖြစ်တဲ့ ရည်ရွယ်ချက်က အဓိကလုံခြုံရေးအပိုင်း၊ ဈေးထဲမှာ ဗုံးခွဲတာ၊ ဗုံးထောင်တာ၊ ခါးပိုက်နှိုက်တာကအစ အခုလိုတပ်လိုက်ရင် အတားအဆီးတစ်ခုအနေနဲ့ ဖြစ်သွားမယ်၊ ရခိုင်ပြည်နယ်ထဲမှာ ဘယ်ဈေးမှ အခုလို CCTV တပ်ဆင်ထားတာ မရှိသေးပါဘူး"ဟု မောင်တောမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က ပြောသည်။

မောင်တောမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် လတ်တလောတပ်ဆင်ပေးလျက်ရှိသော CCTV များမှာ စည်ပင်လျာထားဘတ်ဂျက်မှ သုံးစွဲခြင်းပြုမည်မဟုတ်ဘဲ အရေးပေါ်အခြေအနေအရ စိုက်ထုတ်သုံးစွဲခြင်းဖြစ်ပြီး ယခုတပ်ဆင်ပေးမည့် CCTV ၃၂ လုံးကို ဆိုလာစနစ်ဖြင့် အသုံးပြုတပ်ဆင်သွားမည်ဖြစ်ကာ လျာထားကုန်ကျငွေမှာ ကျပ်သိန်း ၅၀ ဖြစ်ကြောင်း သိရသည်။ ယင်းမောင်တောမြို့မစည်ပင်သာယာဈေးကြီးကို ၁၉၉၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ဆိုင်ခန်းပေါင်း ၄၅၀ ကျော် ပါဝင်သည်။ ဆိုင်ခန်းအများစုမှာ အဝတ်အစား၊ ဓောင်၊ အလှကုန်၊ လျှပ်စစ်ပစ္စည်း၊ အိုးခွက်ပန်းကန်နှင့် အိမ်သုံးပစ္စည်း အရောင်းဆိုင်အများစုပါဝင်ပြီး စားသောက်ဆိုင်များလည်း ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

မောင်တောမြို့မ စည်ပင်သာယာဈေးသည် နှစ်စဉ်အခွန်ငွေကျပ်သိန်း ၁၅၀ ကျော် ရရှိလျက်ရှိပြီး ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်ဖြစ်စဉ်ကြောင့် အခွန်ဝင်ငွေထိခိုက်မှုမရှိသော်လည်း ဈေးဆိုင်များအနေဖြင့် လာမည့်ဘဏ္ဍာနှစ်တွင် အခွန်ဝင်ငွေထိခိုက်လာနိုင်ကြောင်း မောင်တောမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက ပြောသည်။

မောင်တောမြို့ စည်ပင်သာယာရေးကော်မတီအနေဖြင့် ယခုကဲ့သို့ ပြည်သူများလုံခြုံအေးချမ်းစွာ ရောင်းဝယ်ဖောက်ကားနိုင်ရန် လုံခြုံရေးကင်မရာ(CCTV)များ တပ်ဆင်သကဲ့သို့ ဈေးအဆင့်မြှင့် ပြုပြင်မွမ်းမံမှုများ ပြုလုပ်သွားမည်ဖြစ်ကာ လမ်းပန်းဆက်သွယ်ရေးအတွက် ယခင်မြေသားလမ်းများကိုလည်း ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်မှုလုပ်ငန်းများကိုလည်း မြို့တွင်းလမ်းပိုင်းများတွင် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းအဖွဲ့၊ မင်းထက်**

## ရခိုင်ရိုးရာဓလေ့ ဝတ်စားဆင်ယင်မှုပြိုင်ပွဲမှ Miss Rakhine ရွေးချယ်ပွဲ ကျင်းပသွားမည်

**စစ်တွေ ဒီဇင်ဘာ ၇**

ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် (၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် ရခိုင်ရိုးရာဓလေ့ဝတ်စားဆင်ယင်မှုပြိုင်ပွဲမှ Miss Rakhine ရွေးချယ်ပွဲကို စစ်တွေမြို့ဧည့ဝတီအားကစားကွင်း၌ ည ၇ နာရီမှ ၁၁ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာရှိတဲ့ ပြည်သူတွေဟာ မောင်တောဒေသဖြစ်စဉ်များဖြစ်ပွားပြီးနောက် ဒီဖြစ်စဉ်အပေါ်မှာပဲ စိတ်ထိခိုက်မှုတွေ၊ စိတ်ခံစားမှုတွေနဲ့ မွန်းကျပ်နေကြတယ်၊ ဒ့ါအပြင် ပျော်ရွှင်မှုတွေပျောက်ကွယ်နေတာကိုလည်း တွေ့နေရပါတယ်၊ ဒီစိတ်ထိခိုက်မှုတွေကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးတဲ့အနေနဲ့ ဒီရခိုင်ပြည်နယ်နေ့အခမ်းအနားကို စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ကျင်းပနိုင်ဖို့ စီစဉ်ခြင်းဖြစ်ပါတယ်၊ ဒ့ါအပြင် ပြိုင်ပွဲဝင်တွေ အနေနဲ့လည်း ဆုကိုထိုက်ထိုက်တန်တန် ရရှိအောင် Miss Rakhine ဆုကို ၁၀ သိန်း၊ $1^{st}$ Runner Up ကို ခုနစ်သိန်း၊ $2^{st}$ Runner Up ကို ငါးသိန်း၊ Miss Popular ကို တစ်သိန်း၊ Miss Best Style ကို တစ်သိန်းနဲ့ Miss Photogenic ကို တစ်သိန်းဆိုပြီးတော့ ပေးဖို့စီစဉ်ထားပါတယ်"ဟု ရခိုင်ပြည်နယ်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ပြောသည်။

အဆိုပါ ပြိုင်ပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူများပူးပေါင်းကာ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များ၊ ရခိုင်အဆိုတော်များ၊ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များ၊ ရခိုင်တိုင်းရင်းသားအကများ၊ ရခိုင်မျိုးနွယ်စုဝင်များ၏ ယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်သတင်း

## နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(NV Card) ထုတ်ပေးခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ကြရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးမှ အသိပေးချက်ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ဒီဇင်ဘာ ၃ ရက်စွဲဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် အစ္စလာမ်ဘာသာရေးအသင်းအဖွဲ့အားလုံးသို့ အသိပေးချက်တစ်ရပ် ထုတ်ပြန်ထားကြောင်း သိရှိရသည်။

အဆိုပါ အသိပေးထုတ်ပြန်ချက်တွင် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(NV Card)ထုတ်ပေးခြင်းကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေး အဖွဲ့ကြီးအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးရန်ရှိသဖြင့် ဆွေးနွေးမှုရလဒ် ထွက်ပေါ်လာပြီးမှသာ အစ္စလာမ်ဘာသာဝင်များ ဆက်လက်ဆောင်ရွက်ကြပါရန် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် စာဖြင့် အသိပေးအကြောင်းကြားခဲ့ကြောင်း။

၎င်းကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးမှ တာဝန်ရှိသူများသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်အား ဒီဇင်ဘာ ၁၀ ရက်တွင် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးအား ဒီဇင်ဘာ ၂၁ ရက်တွင် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် အစ္စလာမ်ဘာသာဝင်များ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမှု၊ အိမ်ထောင်စုစာရင်းရွှေ့ပြောင်းမှု၊ မွေးတိုးဆောင်ရွက်မှုတို့၌ ကြုံတွေ့ရသည့် လုပ်ငန်းအခက်အခဲများကိုတင်ပြပြီး NV Card ထုတ်ပေးခြင်းကိစ္စကို မဖြစ်မနေဆောင်ရွက်မည်ဆိုပါက အများပြည်သူ သိရှိနိုင်ရန် ရှင်းလင်းတိကျသည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ စာထုတ်ပြန်ပေးရန် တင်ပြခဲ့ကြောင်း ဖော်ပြထားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးဌာနက အစ္စလာမ်ဘာသာရေးအဖွဲ့ ငါးဖွဲ့အား နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တွင် အခြေခံအကျဆုံးလုပ်ငန်းဖြစ်သော နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(NV Card) ထုတ်ပေးသည့် လုပ်ငန်းအား အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသဖြင့် တိုက်တွန်းနှိုးဆော်ကူညီပေးရန်၊ အခြားဘာသာရေးအဖွဲ့အစည်းများသို့ ဖြန့်ဝေရှင်းလင်းအသိပေးရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင် NV Card ကိုင်ဆောင်ရမည့်သူများမှာ -

- ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ-၆၅ အရ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် ဗဟိုအဖွဲ့၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားသူများ(အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား ကိုင်ဆောင်ထားသူဖြစ်ပါက NV Card ထုတ်ပေးရန် မလိုပါ။)
- သက်တမ်းကုန် ယာယီသက်သေခံလက်မှတ်အပ်နှံသူများနှင့် ယာယီသက်သေခံလက်မှတ် ပျောက်ဆုံး/ပျက်စီးကြောင်း သတင်းပို့ထားသူများအနက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အရ နိုင်ငံသားစိစစ်မှုခံယူရန် လိုအပ်သူများ၊
- ယခင်က နိုင်ငံသားစိစစ်ရေးကတ်ပြားအပါအဝင် မှတ်ပုံတင်တစ်မျိုးမျိုး ရရှိကိုင်ဆောင်ခဲ့ပြီး နိုင်ငံသားအရည်အချင်း ပြည့်စုံခိုင်လုံမှုမရှိသဖြင့် ကိုင်ဆောင်မှတ်ပုံတင်လက်မှတ်အား ပြန်လည်သိမ်းဆည်း ပယ်ဖျက်/ဖျက်သိမ်းခြင်း ခံရသူများ၊
- မြန်မာနိုင်ငံအတွင်း အစဉ်အဆက် နေထိုင်သူမှန်ကန်သော်လည်း အိမ်ထောင်စု လူဦးရေစာရင်းဖြစ်စေ၊ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုးဖြစ်စေ၊ နှစ်မျိုးလုံးဖြစ်စေ ရရှိကိုင်ဆောင်ထားခြင်းမရှိသည့် နိုင်ငံသားစိစစ်ခံယူရန် လိုအပ်သူများ(နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားသည့် မိဘနှစ်ပါးက မွေးဖွားလာသော သားသမီးများသည်လည်းကောင်း၊ အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား ကိုင်ဆောင်ထားသော်လည်း ဥပဒေအရ နိုင်ငံသားအရည်အချင်းရှိသူဟု သတ်မှတ်နိုင်သော မိဘနှစ်ပါးက မွေးဖွားလာသော သားသမီးများသည်လည်းကောင်း NV Card ကိုင်ဆောင်ရန်မလိုဘဲ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တွင် တိုက်ရိုက်လျှောက်ထားနိုင်သည်)ဖြစ်ကြောင်း ရှင်းလင်းဖော်ပြခဲ့ကြောင်း ပါရှိသည်။

သို့ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားခြင်းနှင့်စပ်လျဉ်းသော ဖော်ပြပါအချက်များကို အစ္စလာမ်ဘာသာဝင်များ သိရှိဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်၏ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း အစ္စလာမ်ဘာသာရေးအသင်းအဖွဲ့များမှတစ်ဆင့် ရှင်းလင်းဖော်ပြအပ်ပါသည်ဟု ဖော်ပြပါရှိပြီး ဒုတိယဥက္ကဋ္ဌ အိုလမာ-အစ္စလာမ် သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ အတွင်းရေးမှူးချုပ် အစ္စလာမ်သာသနာရေးရာ ကောင်စီဌာနချုပ်၊ ဥက္ကဋ္ဌ မြန်မာမွတ်စလင်လူငယ်များ(ဘာသာရေး)အဖွဲ့ မ-မ-လ ဌာနချုပ်နှင့် အထွေထွေအတွင်းရေးမှူး မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ်(မ-အ-ဖ)ဌာနချုပ်တို့မှ လက်မှတ်ရေးထိုး၍ အစ္စလာမ်ဘာသာရေးအသင်းအဖွဲ့များအားလုံးသို့ ဖြန့်ဝေထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

❒

## ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၇**



ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၆ ရက်ထိ စုစုပေါင်း ၅၇၁၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၆ ရက်ထိ စုစုပေါင်း ၃၉၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်စျေး၊ တိမ်ညိုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ စုစုပေါင်း ဧက ၅၀၀ ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက် ငပုကွ၊ ဝင်းဇားကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ စုစုပေါင်း ၂၅၃ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ စုစုပေါင်း ၃၅၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာတို့တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ စုစုပေါင်း ၂၈၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆောင်းသီးနှံ၊ သီးထပ်၊ သီးညှပ် စိုက်ပျိုးဆောင်ရွက်

**ကျောက်ဖြူ ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် လိက္ခမော်ကျေးရွာအုပ်စု မလကျွန်း ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ၌ မိုးစပါးအပြီး ဆီမုံညင်းသီးထပ် ၁၀ ဧက၊ နေကြာ သီးထပ် ၁၀ ဧက၊ နေကြာသီးညှပ် ငါးဧက၊ ပဲတီစိမ်းသီးထပ် ငါးဧက၊ မြေပဲသီးထပ် တစ်ဧက စိုက်ပျိုးခြင်းကို ဒီဇင်ဘာ ၆ ရက်က ဆောင်ရွက်သည်။

စိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံးမှ ဒု-ဦးစီးမှူး ဒေါ်မြင့်မြင့်သိန်းက သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းဖြင့် ရာသီကုန်ထိစောင့်စရာမလိုဘဲ တစ်ရာသီအတွင်း နှစ်သီးစားထုတ်လုပ်ရရှိနိုင်သည့်အတွက် စိုက်ပျိုးမြေအသုံးပြုမှု လျှော့ချနိုင်ခြင်း၊ ပေါင်းမြက်နှိမ်နင်းမှုအတွက် စရိတ်သက်သာခြင်း၊ နှစ်သီးစားဝင်ငွေရရှိခြင်း၊ သွင်းအားစု စရိတ်သက်သာခြင်းတို့ကြောင့် တောင်သူများ စိတ်ဝင်စားမှုရရှိစေရန်ရည်ရွယ်ပြီး စိုက်ပျိုးပြသခြင်းဖြစ်ကြောင်း ပြောကြားသည်။ စိုက်ပျိုးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**



မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ငွေတောင်(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ မြို့သစ်(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးခဲ့သည်။ စုစုပေါင်းစခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့အား ကာကွယ်ဆေး ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၂၁ ကောင်တို့အား ကာကွယ်ကုသဆေး ထိုးနှံပေးပြီး ဆိတ် ၆၈၄ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြောက်ဦးမြို့ ထမ္မရာင်ရပ်ကွက် တောင်ဖြူတံတား၌ ဒေသန္တရ မိုင်းနှစ်လုံးတွေ့ရှိ

**မြောက်ဦး ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက်ရှိ ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်း မိုင်တိုင်အမှတ် (၁၁၂/၆) နှင့် (၁၁၂/၇) ကြား မြောက်ဦးမြို့အဝင်လမ်းမှ ကျောက်တော်မြို့အထွက် ဆီဆိုင်အနီးရှိ တောင်ဖြူတံတား၌ ဒီဇင်ဘာ ၇ ရက် နံနက် ၁၁ နာရီခွဲက မိုင်းနှစ်လုံးတွေ့ရှိခဲ့ကြောင်း သိရသည်။



အဆိုပါ မိုင်းထောင်ထားသောနေရာသို့ ခမရ(၅၄၀)တပ်ရင်းမှ တပ်ရင်းမှူး သက်အောင်၊ မြို့နယ်မှူး ဒုရဲမှူး ဦးဌေးအောင်တို့ပါဝင်သော အဖွဲ့သည် တံတားအရှည် ပေ ၂၀၊ အကျယ် ၁၂ ပေရှိ တောင်ဖြူ သစ်သားခင်းတံတားသို့ သွားရောက် စစ်ဆေးရာ တံတားအောက်ညာဘက်ခြမ်း၌ မိုင်းနှစ်လုံးအား ဝါယာကြိုး ဘက်ထရီအိုးတပ်ဆင်လျက် တွေ့ရှိရာ ယာဉ်ဖြတ်သန်းသွားလာမှုအား ခေတ္တပိတ်ထားပြီး လမ်းလွှဲနေရာမှ ယာဉ်များအား ဖြတ်သန်းခွင့်ပေးခဲ့သည်။

ထို့နောက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဗိုလ်စောထက်အောင်ပါ တပ်မတော်သားများက မိုင်းအား ရှင်းလင်းမှုများပြုလုပ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ပြီးဆုံးခဲ့ပြီး အဆိုပါမိုင်းနှစ်လုံးမှာ သံပုံး အလျား ၁၂ လက်မ၊ အနံ ၁၀ လက်မနှင့် အမြင့် ရှစ်လက်မခွဲရှိပြီး သံပုံးဖြင့် ဘက်ထရီလျှပ်စစ်ကြိုး တပ်ဆင်ထားသည့် ဒေသန္တရလုပ်မိုင်း အမျိုးအစားဖြစ်ကြောင်း သိရသည်။ ယင်းမိုင်းနှစ်လုံးအား ဗိုလ်စိုးထက်အောင် ဦးစီးအဖွဲ့က ကျောက်တော်သို့ ဆက်လက်သယ်ဆောင်သွားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကြိမ်နီပြင်ကယ်ဆယ်ရေးစခန်းတွင် မီးလောင်မှုဖြစ်

**ပေါက်တော ဒီဇင်ဘာ ၇**

ပေါက်တောမြို့နယ် ပိန္နဲချောင်းကျွန်း ကြိမ်နီပြင်အုပ်စု ကြိမ်နီပြင်ကယ်ဆယ်ရေးစခန်းတွင် ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကြိမ်နီပြင်ကျေးရွာနေ မာမောက်ဒူယု နေအိမ်တွင် ထမင်းချက်ရာမှ စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှုဖြစ်ပွားရာတွင် ရှစ်ခန်းတွဲ အဆောက်အအုံလေးလုံး၊ လုံးချင်းအိမ် ၁၀ လုံး မီးလောင်ခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ ပေါက်တောမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇော်ညွန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်တို့က သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း (ပြန်/ဆက်)**

# ငဖဲမြို့နယ်၌ ဘိန်းစိုက်ခင်း ၅၃ ဧက ဖျက်ဆီးနိုင်ခဲ့

**ငဖဲ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် နတ်ရေကန်ဒေသဝန်းကျင်၌ တပ်မတော်၊ ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော ဘိန်းစစ်ကြောင်းတစ်ခု ဆောင်ရွက်လျက်ရှိပြီး သုံးရက်တာကာလအတွင်း ဘိန်းစိုက်ခင်း ၅၃ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း ဂုတ်ကြီးရဲစခန်းမှ သိရသည်။

ဒီဇင်ဘာ ၅ ရက်တွင် ဘိန်းစိုက်ခင်း ၁၁ ဧက၊ ဒီဇင်ဘာ ၆ ရက်တွင် ဧက ၂၀၊ ဒီဇင်ဘာ ၇ ရက်တွင် ၂၁ ဧက စုစုပေါင်း ၅၃ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းစိုက်ခင်းများကို ဒီဇင်ဘာ ၁၀ ရက်ထိ နေ့စဉ်ရှာဖွေဖျက်ဆီးသွားမည်ဖြစ်ကြောင်း ဂုတ်ကြီးရဲစခန်းမှူး ရဲအုပ်ကျော်မျိုးက ပြောကြားသည်။

"အမြင့် နှစ်လက်မခွဲကနေ တစ်ပေခွဲလောက်ရှိတဲ့ ဘိန်းပင်တွေကို တောင်စောင်း၊ ချိုင့်ဝှမ်းတွေ ထဲထိ ရှာဖွေဖျက်ဆီးခဲ့ရတာပါ၊ ဖျက်ဆီးတဲ့နေရာမှာ အပင်ကြီးတွေကို တုတ်ရိုက်ဖျက်ဆီးပြီး အပင်ငယ်တွေကို ပေါင်းသတ်ဆေးဖျန်းပြီး ဖျက်ဆီးပါတယ်၊ တောတိုးလမ်းထွင်ပြီး ရှာဖွေသွားရတာတွေ ရှိပေမယ့် ဘိန်းစိုက်တာကိုမလိုလားတဲ့ ဒေသခံပြည်သူတွေ ပူးပေါင်းပါဝင်တာကြောင့် အဆင်ပြေပါတယ်" ဟု ရဲအုပ်ကျော်မျိုးက ပြောသည်။

ဘိန်းခင်းများရှာဖွေဖျက်ဆီးရေးလုပ်ငန်းတွင် ငဖဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလွင်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဒေသအခြေပြုအမြောက်တပ်မှ ဗိုလ်ကြီးကျော်ကျော်ထွေး ဦးဆောင်သော တပ်မတော်သားများ၊ မူးယစ်တပ်ဖွဲ့၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး၊ သစ်တောစသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံအုပ်ချုပ်ရေးနှင့် ဒေသခံပြည်သူများ ပါဝင်လျက်ရှိကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# ဆူဇူကီးပစ်ကပ် ယာဉ်ငယ်ပေါ် သို့ဝှက်သယ်ဆောင်လာသော တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ ရက်က ဆူဇူကီးပစ်ကပ် ယာဉ်တစ်စီးပေါ်တွင် စောင်စဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားမဝင်သစ်များ သယ်ဆောင်လာမှုကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက မန္တလေးနှင့် မူဆယ်မြို့သို့ သွားရောက်မည့် ယာဉ်များကို စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၁/၇)အနီး တောလမ်းကြားတွင် မသင်္ကာဖွယ် ရပ်တန့်ထားသော ဆူဇူကီးပစ်ကပ်ယာဉ်တစ်စီးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ စောင်စများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသားရွေ့သစ် ၁၉ တုံး (သုည ဒသမ ၄၇၆၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၉၂၈ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၇၇၉ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၄၃၈ သန်းခန့်)စုစုပေါင်းတားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၂၁၇ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒီဇင်ဘာ ၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၉၅ စီး၊ သွင်းကုန် ၁၀၅၄ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၀၊ သွင်းကုန် ၁၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**ဝဝ၁**



# သံလမ်းကို မဆင်မခြင်ဖြတ်သည့်ကား ရထားနှင့် ချိတ်ပါသွား

**မြို့သစ် ဒီဇင်ဘာ ၇**

မြို့သစ်မြို့နယ် ဆတုံကံကြီးအုပ်စု ကံကြီးကျေးရွာအနီးတွင်ရှိသော တောင်တွင်း-မြို့သစ်-နတ်မောက်သွားကားလမ်းအနီး ကံကြီးရွာသို့သွားသော လမ်းတွင် ရထားသံလမ်းကိုဖြတ်ကာ သွားရသဖြင့် မဆင်မခြင်မောင်းသော ကားသမားက ဖြတ်ကူးချိန်တွင် ရထားဥဩသံကြားလျက် နောက်သို့ပြန်ဆုတ်ရာတွင် မရသဖြင့် ရထားနှင့် တိုက်မိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ကံကြီးကျေးရွာမှ တောင်တွင်းသို့အပြန် လမ်းအရှေ့မှ အနောက်သို့ ရထားသံလမ်းဖြတ်ကူးရာတွင် မိုင်တိုင်အမှတ်(၂၉၆/၂၂) (၁၁/၁၂)အရောက် အမှတ်(၁၀၇)အဆန် နေပြည်တော်-ပခုက္ကူ RBE အမြန်ရထားသည် ဥဩဆွဲ၍ ဖြတ်သန်းမောင်းလာနေစဉ် မွန်းလွဲ ၁ နာရီတွင် တောင်တွင်းကြီးမြို့နေ ယာဉ်မောင်း ဦးစိန်ရွှေ မောင်းနှင်လာသောယာဉ်မှာ ရထားဥဩသံကြားသဖြင့် နောက်သို့ ပြန်ဆုတ်ရာတွင် ဆုတ်မရဖြစ်ကာ ရထားနှင့်တိုက်မိခဲ့သည်။

ရထားစက်ခေါင်းအမှတ် (RBE-2527)စက်ခေါင်းမောင်း ဦးမောင်စိုးမှာ အရေးပေါ် ဘရိတ်ဆွဲခဲ့ရပြီး ချိတ်ပါသွားသည့် ကားပေါ်တွင်ပါလာသော ယာဉ်မောင်းဦးစိန်ရွှေမှာ ခါးအောက်ပိုင်း ပြင်းထန်ဒဏ်ရာရရှိပြီး ဘေးမှလိုက်ပါလာသူမှာ ထိတ်လန့်မှုဖြစ်ခဲ့ကြောင်း၊ ယာဉ်မောင်းအား တောင်တွင်းကြီးဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြို့သစ်မြို့နယ် ဒန့်ဒလွန်ပင် ရဲစခန်းပိုင်မှ တောင်တွင်းကြီးမီးရထားရဲထံသို့ ပို့အပ်ကာ မီးရထားဘက်ဆိုင်ရာ ရဲစခန်းမှ ဆက်လက်အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဇော် (မြို့သစ်)**

# နိုင်ငံခြားသူတစ်ဦးက ပိုင်ရှင်မဲ့တွေ့ရှိသည့် ပိုက်ဆံအိတ်အား ပိုင်ရှင်ရှာဖွေ၍ ပြန်လည်ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(ပုဂံ)သို့ ပုဂံမြို့သစ် Ostello Bello Hotel တွင် ယမန်နေ့နံနက် ၇ နာရီက တည်းခိုနေထိုင်နေသော နိုင်ငံခြားသူတစ်ဦးက ရွှေဆံတော်ဘုရားအနီး ဘုရားပစ္စယံပေါ်မှ နီညိုရောင်သားရေပိုက်ဆံအိတ်တစ်လုံးအား ကောက်ရ၍ လာရောက်အပ်နှံထားရှိကြောင်း ဆက်သွယ်အကြောင်းကြားလာသဖြင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဖွင့်ကြည့်စစ်ဆေးရာ အိတ်အတွင်းမှ Mr. Chu Shing Kit Daniel အမည်ပါ Passport တစ်ခု၊ ငွေကျပ် ၄၃၀၀၀ တို့အား တွေ့ရှိရသောကြောင့် ပိုင်ရှင်အား ပြန်လည်ပေးအပ်နိုင်ရေးအတွက် နယ်မြေအတွင်း လိုက်လံစုံစမ်းရှာဖွေနေစဉ် ပုဂံနယ်မြေရဲစခန်းသို့ ပိုက်ဆံအိတ်ပိုင်ရှင်ဖြစ်သူ ပုဂံမြို့သစ် ရတနာပုံဟိုတယ်တွင် တည်းခိုနေထိုင်သော တရုတ်နိုင်ငံသား Mr. Chu Shing Kit Daniel က ဆက်သွယ်အကြောင်းကြားလာခဲ့သဖြင့် ည ၉ နာရီခွဲတွင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# အင်္ဂလန်အသင်းတွေ အောင်ပွဲခံခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ

ချန်ပီယံလိဂ်အုပ်စုနောက်ဆုံးပွဲစဉ်တွေကို ဒီဇင်ဘာ ၇ ရက် နံနက်( မြန်မာစံတော်ချိန်) ယှဉ်ပြိုင်ခဲ့ပြီး နောက် ပြိုင်ပွဲဝင်ခွင့်ရ အင်္ဂလန်ကလပ်အသင်း ငါးသင်းလုံးဟာ နောက်တစ်ဆင့်ကို တက်ရောက်သွားနိုင်ခဲ့ပြီး အဲဒီထဲကမှ လေးသင်းဟာ အုပ်စုဗိုလ်အဖြစ် အောင်ပွဲခံခဲ့တာပါ။ ဒါဟာ ပြီးခဲ့တဲ့နှစ်ကနဲ့ အခြေအနေ လုံးဝပြောင်းလဲသွားခဲ့တာဖြစ်ပြီး ချန်ပီယံလိဂ်ကို အင်္ဂလန်အသင်းတွေ လွှမ်းမိုးခဲ့တဲ့ ၂၀၀၅ ကနေ ၂၀၁၂ ကြားကာလကို ပြန်လည်ရောက်ရှိလာနိုင်မယ့် လမ်းစလည်း ဖြစ်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေမှာ စပိန်အသင်းတွေ တောက်လျှောက်လွှမ်းမိုးလာရာကနေ ယခုတော့ အင်္ဂလန်အသင်းတွေအလှည့် တစ်ကျော့ပြန်ရောက်လာတာဆိုတာလည်း ရလဒ်တွေက သက်သေခံလို့နေပါတယ်။ ယခုလို အင်္ဂလန်ကလပ်ငါးသင်း ချန်ပီယံလိဂ်ပြိုင်ပွဲကို ဝင်ရောက်ဆင်နွှဲနိုင်တာ သမိုင်းတစ်လျှောက် ပထမဦးဆုံးအကြိမ်ဖြစ်သလို အသင်းတိုင်းကလည်း အကောင်းဆုံး စွမ်းဆောင်ရည် ပြသနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါတောင် ကွန်တီရဲ့ ချယ်လ်ဆီးက ထိပ်တိုက်တွေ့ဆုံမှုအရ ရိုးမားရဲ့ နောက်ကောက်ချခံရပြီး ဒုတိယနေရာ ရရှိခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် အုပ်စုဗိုလ်ဖြစ်ခဲ့တဲ့ အင်္ဂလန်ကလပ်အသင်းတွေအနေနဲ့ အုပ်စုဒုတိယနေရာသာ ရရှိကြတဲ့ ဘိုင်ယန်၊ ရီးယဲလ်၊ ဂျူဗင်တပ်တို့လို အသင်းကြီးတွေနဲ့တော့ တွေ့ဆုံနိုင်ခြေရှိနေဆဲပါပဲ။ ရီးယဲလ်နဲ့ တစ်အုပ်စုတည်းကျခဲ့တဲ့ စပါးကတော့ အုပ်စု ဒုတိယရတဲ့ ဘိုင်ယန်၊ ဂျူဗင်တပ်တို့လို အသင်းတွေနဲ့ ထိပ်တိုက်မတွေ့ဆုံရဖို့ မျှော်လင့်ရမှာဖြစ်သလို အုပ်စုဒုတိယနေရာ ရရှိခဲ့တဲ့ ချယ်လ်ဆီးကတော့ ပီအက်စ်ဂျီ၊ ဘာစီလိုနာတို့လို အသင်းတွေနဲ့ စောစောစီးစီး မတွေ့ဆုံရဖို့ ကံတရားရဲ့ ဖေးမမှုလိုအပ်ပါတယ်။

**ဂိုးအများဆုံးသွင်းယူခဲ့တဲ့ အသင်းနဲ့ ရမှတ်အများဆုံးရအသင်း**

အသင်းတစ်သင်းစီက အုပ်စု ခြောက်ပွဲစီ ယှဉ်ပြိုင်ပြီးခဲ့ပြီးနောက်မှာ သွင်းဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ အသင်းက သွင်းဂိုး ၂၅ ဂိုးအထိ ရယူနိုင်ခဲ့တဲ့ ပီအက်စ်ဂျီဖြစ်ပြီး ရမှတ်အများဆုံးရအသင်းက စပါး ( ရမှတ် ၁၆ မှတ်)တို့ ဖြစ်ပါတယ်။ စပါးဟာ ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီက ချန်ပီယံလိဂ် အုပ်စုအဆင့်ကပဲ ထွက်ခွာခဲ့ရပေမယ့် ဒီနှစ်မှာတော့ ရီးယဲလ်လို လက်ရှိချန်ပီယံလည်းဖြစ်၊ ချန်ပီယံလိဂ် သမ္မာအရင့်ဆုံး အသင်းပါဝင်တဲ့ အုပ်စုမှာတောင် ဦးဆောင်နေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် စပါးရဲ့ ခြေလှမ်းတွေ ဘယ်လောက်အထိ ရှေ့ဆက်လှမ်းနိုင်မလဲဆိုတာတော့ စိတ်ဝင်စားစရာ ကောင်းပါတယ်။

**၂၀၀၆-၀၇ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ်**

အင်္ဂလန်ကလပ် မန်ယူ၊ မန်စီးတီး၊ လီဗာပူးနဲ့ စပါးတို့ဟာ အုပ်စုဗိုလ်အဖြစ် နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခြင်းက ၂၀၀၆-၀၇ ဘောလုံးရာသီ နောက်ပိုင်း ပထမဦးဆုံးအကြိမ် ဖြစ်ပါတယ်။ ဒါ့အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင် အင်္ဂလန်အသင်း ငါးသင်းဟာ အုပ်စုပွဲစဉ် ၃၀ ကစားပြီးနောက်မှာ နိုင်ပွဲ ၂၁ ပွဲ၊ သရေ ခြောက်ပွဲ၊ ရှုံးပွဲ သုံးပွဲရရှိထားတာကြောင့် တစ်နည်းအားဖြင့် ၇၀ ရာခိုင်နှုန်း အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခြင်းလို့ ဆိုရပါမယ်။ ဒီနှုန်းဟာ အခြားထိပ်တန်းဥရောပလိဂ်တွေဖြစ်တဲ့ စပိန်လာလီဂါရဲ့ ၄၅ ဒသမ ၈ ရာခိုင်နှုန်း၊ အီတလီစီးရီးအေရဲ့ ၄၄ ဒသမ ၄ ရာခိုင်နှုန်းနဲ့ ဂျာမန်ဘွန်ဒက်စ်လီဂါရဲ့ ၃၈ ဒသမ ၈ ရာခိုင်နှုန်းထက် သိသိသာသာ ကျော်လွန်နေခဲ့တာ ဖြစ်ပါတယ်။

**မဲခွဲမှု**

၁၆ သင်းရှုံးထွက်ပွဲစဉ် မဲခွဲရွေးချယ်မှုကို လာမယ့် ဒီဇင်ဘာ ၁၁ ရက် (တနင်္လာနေ့) ဆွစ်ဇာလန်နိုင်ငံ နိုင်ယွန်မြို့မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်မဲခွဲမှုကို ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ကျင်းပပြီး နောက်တစ်နာရီအကြာ နေ့လည် ၁၂ နာရီမှာတော့ ယူရိုပါလိဂ် မဲခွဲမှုတွေ ဆက်လက်ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဘယ်အသင်းတွေက ဘယ်လိုအသင်းတွေနဲ့ ထိပ်တိုက်တွေ့ဆုံရမလဲဆိုတာ ဆက်လက်စောင့်ကြည့်ဖွယ် ကောင်းနေပါတယ်။

မေလဲ့သင်း - ရေးသားသည်

# အုပ်စုပွဲစဉ်တိုင်း ဂိုးသွင်းနိုင်သည့် စံချိန်ကို စီရိုနယ်လ်ဒို ရရှိ




တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဒေါ့မွန်အသင်းဘက်ကို ကိုက် ၂၀ အကွာမှ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တိုင်းတွင်း ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားဖြစ်လာခဲ့သည်။ စီရိုနယ်လ်ဒိုသည် ပွဲကစားချိန် ၁၂ မိနစ်တွင် ကိုဗာဆစ်၏ ပေးပို့မှုကို အကောင်းဆုံး အဆုံးသတ်ခဲ့ပြီးနောက် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တိုင်း ဂိုးသွင်းယူနိုင်သည်ဆိုသော မှတ်တမ်းသစ်တစ်ရပ်ကို ပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။ စီရိုနယ်လ်ဒိုသည် ယခုသွင်းဂိုးအပါအဝင် ချန်ပီယံလိဂ်သွင်းဂိုးအရေအတွက် ၁၁၄ ဂိုးအထိ ရောက်ရှိလာပြီဖြစ်သည့်အတွက် အနီးဆုံးပြိုင်ဘက် ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီထက် ၁၇ ဂိုး များပြားနေသည်။

စီရိုနယ်လ်ဒို ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းက အုပ်စုဒုတိယနေရာဖြင့်သာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ရာ ရီးယဲလ်အနေဖြင့် အုပ်စုပထမရ ပရီမီယာလိဂ်အသင်းသုံးသင်းထဲမှ တစ်သင်းနှင့် တွေ့ဆုံရန် ၅၀ ရာခိုင်နှုန်း အလားအလာရှိလာခဲ့ရပြီဖြစ်သည်။ ရီးယဲလ်သည် စပါး၊ ဒေါ့မွန်၊ အေပိုရယ်အသင်းတို့နှင့် တွေ့ဆုံခဲ့သော်လည်း စပါးက အုပ်စုနေရာကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရီးယဲလ်အသင်း သည် ၁၆ သင်း ရှုံးထွက်အဆင့်တွင် ရိုးမား၊ ဘီဆီတပ်စ်၊ ပီအက်စ်ဂျီ၊ မန်စီးတီး၊ လီဗာပူးတို့ထဲမှ တစ်သင်းနှင့်တွေ့ဆုံရန် ရှိနေခြင်းဖြစ်သည်။

**ချန်ပီယံလိဂ်သွင်းဂိုးအများဆုံး ကစားသမားများ**

| | |
|---|---|
| အမည် | သွင်းဂိုး |
| စီရိုနယ်လ်ဒို | ၁၁၄ |
| မက်ဆီ | ၉၇ |
| ရာအူးလ် | ၇၁ |
| ရူဗန်နစ္စတယ်ရွိုင်း | ၅၆ |
| ကာရင် ဘင်ဇီမာ | ၅၃ |

## ဒါဘီပွဲများနဲ့ စိတ်ဝင်စားဖွယ် ပရီမီယာလိဂ်ပွဲစဉ်(၁၆)

**၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ - ၁၆**

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ် ၁၆ ကို လာမယ့်ဒီဇင်ဘာ ၉၊ ၁၀ ရက်တွေမှာကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မန်ယူနဲ့ မန်စီးတီး၊ လီဗာပူးနဲ့ အဲဗာတန်တို့ ဆုံတဲ့ပွဲတွေ ပါနေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပြီး စပါး၊ အာဆင်နယ်တို့ နိုင်ပွဲပြန်လည်ရယူနိုင်မလားဆိုတာကို စောင့်ကြည့်ရမယ်။

**ဝက်စ်ဟမ်း - ချယ်လ်ဆီး ည ၇း၀၀ (၉-၁၂-၁၇)**

ချယ်လ်ဆီးရဲ့အသင်းလိုက် ခြေစွမ်းပိုင်းကောင်းမွန်ပေမယ့်လည်း တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမတည်ငြိမ်တာကို သတိပြုရမှာဖြစ်ပါတယ်။ အခုပွဲမှာလည်းရင်ဆိုင်ရမယ့် ဝက်စ်ဟမ်းက ခြေပျက်နေတဲ့အသင်းဖြစ်ပေမယ့် အမှတ်လိုအပ်နေတာကြောင့် အိမ်ကွင်းမှာ ခံကစားလာရင် ချယ်လ်ဆီးဂိုးရဖို့ အခက်တွေ့နိုင်ပါတယ်။ လန်ဒန်ဒါဘီလည်းဖြစ်လို့ ချယ်လ်ဆီး အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ ခက်တယ်။

**ဘန်လေ - ဝက်ဖို့ဒ် ည ၉း၃၀ (၉-၁၂-၁၇)**

ဝက်ဖို့ဒ်ခြေစွမ်းပိုင်းက မဆိုးဘူးဆိုပေမယ့်လည်း ဒီပွဲကဘန်လေရဲ့ အိမ်ကွင်းဖြစ်နေပါတယ်။ အထူးသဖြင့် ဘန်လေကအိမ်ကွင်းပွဲတွေ မှာ ကစားပုံကောင်းမွန်တတ်သလို ခံစစ်ကစားပုံလည်း တည်ငြိမ်မှုရှိတာကြောင့် ဝက်ဖို့ဒ်ရဲ့ တိုက်စစ်အားကိုထိန်းချုပ်နိုင်ဖို့ရှိပါတယ်။ ဝက်ဖို့ဒ်ရဲ့တိုက်စစ်ကစားပုံကောင်းမွန်နေပေမယ့်လည်း ဒီပွဲမှာဘန်လေ အနိမ့်ဆုံးသရေလောက်ရမယ်။

**ဆွမ်ဆီး - ဝက်စ်ဘရွန်း ည ၉း၃၀ (၉-၁၂-၁၇)**

အခုနောက်ပိုင်းမှာ ဆွမ်ဆီးခြေက ကောင်းမွန်မှုရှိလာတယ်လို့ ဆိုနိုင်ပါတယ်။ တိုက်စစ်ပိုင်းက အဆုံးသတ်မသေချာပေမယ့် အသင်းလိုက်ကစားပုံကတော့ ကောင်းမွန်မှုရှိလာကာ ချယ်လ်ဆီးကိုတောင် အကောင်းဆုံး ခံကစားနိုင်ခဲ့ပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ ဆွမ်ဆီးတို့ အားစိုက်လာမှာလည်း သေချာတယ်။ ဝက်စ်ဘရွန်းကတော့ ခြေစွမ်းအရမဆိုးပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေအနည်းငယ် ကျတတ်ပါတယ်။ ဆွမ်ဆီးအနိမ့်ဆုံး သရေလောက်ရမယ်။

**စပါး - စတုတ် ည ၉း၃၀ (၉-၁၂-၁၇)**

အခုနောက်ပိုင်းမှာ စပါးတို့ခြေစွမ်းပိုင်း အားနည်းမှုတွေရှိလာပါတယ်။ ဒါပေမယ့်လည်းရှေ့ပွဲတွေမှာ အမှတ်အချို့ဆုံးရှုံးခဲ့ရတာကြောင့် ဒီအိမ်ကွင်းပွဲမှာတော့ နိုင်ပွဲရယူနိုင်ရေးအားစိုက်ကစားလာမှာ သေချာနေပါတယ်။ စတုတ်ကတော့ ခြေစွမ်းပိုင်းမဆိုးပေမယ့် အဝေးကွင်းပွဲတွေမှာ တုံ့ပြန်ကစားပုံကျဆင်းတတ်ပါတယ်။ မန်ယူနဲ့ မန်စီးတီးဆုံတွေ့နေချိန်မှာနိုင်ပွဲရအောင်ကစားမယ့် စပါးကသာအိမ်ကွင်းမှာ နိုင်ပွဲရယူသွားဖို့ ရှိနေပါတယ်။

**နယူးကာဆယ် - လက်စတာ နံနက် ၀၀း၀၀ (၁၀-၁၂-၁၇)**

ကာဆယ်က အိမ်ကွင်းဖြစ်သလို အမှတ်ဆုံးရှုံးမှုတွေရှိခဲ့တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ ဒီအိမ်ကွင်းပွဲမှာ အားစိုက်ကစားလာဖို့ ရှိနေပါတယ်။ ဒါပေမယ့် လက်စတာခြေကလည်း ကောင်းမွန်မှုရှိနေတာကြောင့် ကာဆယ်တို့ လွယ်လွယ်နဲ့ အသာမရနိုင်ပါဘူး။ အထူးသဖြင့် လက်စတာဟာ အဝေးကွင်းမှာ ခြေစွမ်းအနည်းငယ်ကျဆင်းတတ်ပေမယ့် ဒီပွဲမှာတော့ ကာဆယ်တို့ အမြင့်ဆုံးသရေလောက်ပဲရမယ်။

**ဆောက်သမ်တန် - အာဆင်နယ် ည ၆း၃၀ (၁၀-၁၂-၁၇)**

အခုနောက်ပိုင်းမှာ ဆောက်သမ်တန်ရဲ့ ခြေစွမ်းပိုင်းကောင်းမွန်လာတာကိုတွေ့ရပါတယ်။ မန်စီးတီးကိုတောင် အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့တာကိုသတိပြုရမှာပါ။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဆောက်သမ်တန်တို့ အားစိုက်ကစားလာရင် အာဆင်နယ်ကစားရခက်ခဲနိုင်ပါတယ်။ ဒါပေမယ့် အာဆင်နယ်ကလည်း မန်ယူနဲ့ မန်စီးတီး ဆုံနေချိန်မှာနိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပါတယ်။ အာဆင်နယ် ဂိုးပြတ်အနိုင်ရဖို့ခက်ပေမယ့် ဒီပွဲမှာတော့ အဝေးကွင်းဖြစ်ပေမယ့် နိုင်ပွဲကပ်ရသွားဖို့ ရှိပါတယ်။

**လီဗာပူး - အဲဗာတန် ည ၈း၄၅ (၁၀-၁၂-၁၇)**

နောက်ဆုံးနှစ်ပွဲမှာနိုင်ပွဲဆက်တိုက်ရယူခဲ့တဲ့ အဲဗာတန်ရဲ့အသင်းလိုက်ကစားပုံရော တိုက်စစ်ပိုင်းကစားပုံပါကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် အခုရင်ဆိုင်ရမယ့် လီဗာပူးက ဝက်စ်ဟမ်းထက် အစစပိုမိုအားကောင်းတဲ့အသင်းဖြစ်သလို လီဗာပူးအတွက် အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါဘီပွဲဖြစ်လို့ အဲဗာတန်ခြေကုန်ထုတ်လာနိုင်ပေမယ့် လီဗာပူးပဲ အနိုင်ရမယ်။

**မန်ယူ - မန်စီးတီး ည ၁၁း၀၀ (၁၀-၁၂-၁၇)**

ဒီပွဲမှာသာ မန်ယူတို့အရေးနိမ့်ခဲ့ရင် မန်စီးတီးနဲ့ အမှတ်ပိုကွာသွားမှာဖြစ်တာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ မန်စီးတီးကတော့ အခုနောက်ပိုင်းမှာ ခြေစွမ်းအနည်းငယ် ယိမ်းယိုင်လာပြီး ဂိုးပြတ်နိုင်ပွဲတွေ ပျောက်ဆုံးနေပါတယ်။ မန်စီးတီးရဲ့ ကွင်းလယ်ကစားပုံက မန်ယူထက်ပိုကောင်းပေမယ့်လည်း မန်ယူခံစစ်ကစားပုံကလည်း အိမ်ကွင်းပွဲတွေမှာကောင်းမွန်တတ်ပါတယ်။ မန်ယူအနိမ့်ဆုံး သရေကစားနိုင်မယ်။

ရှိုင်းမင်းမင်း

# ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၁ အသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဒီဇင်ဘာ ၇**

ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်ကျင်းပမည့် ၂၀၁၇ ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၁ အသင်းသည် အပြီးသတ်ကစားသမား ၂၀ ရွေးချယ်လိုက်ပြီဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ပြိုင်ပွဲယှဉ်ပြိုင်ရန် ဒီဇင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာမည်ဖြစ်သည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Thanh Nien သတင်းစာ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်ဗီယက်နမ် ယူ-၂၁ အသင်း၊ ယူ-၁၉ အသင်း၊ မြန်မာ ယူ-၂၁ အသင်း၊ ထိုင်း ယူ-၂၁ အသင်းနှင့် ဂျပန်ကလပ် ယိုကိုဟားမား ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဗီယက်နမ် ယူ-၁၉ အသင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် ထိုင်း ယူ-၂၁ အသင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် ဗီယက်နမ် ယူ-၂၁ အသင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ယိုကိုဟားမားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၁ အသင်းတွင် အုပ်ချုပ်သူ - ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဦးကြည်လွင်၊ လက်ထောက်နည်းပြ-ဦးကျော်လွင်၊ ဦးချစ်နိုင်၊ ဂိုး-နည်းပြ-ဦးမျိုးကျော်အောင်၊ ဂိုးသမား-ဘုန်းသစ္စာမင်း၊ ထွန်းနန္ဒာဦး၊ နောက်တန်း-ကျော်သူထွန်း၊ ရဲရင့်အောင်၊ ဝင်းမိုးကျော်၊ သန်းထိုက်ဇင်၊ သက်ပိုင်ထွေး၊ ဟိန်းထက်စည်သူ၊ သူရိန်စိုး၊ အလယ်တန်း-ဇေယျာနိုင်၊ မြတ်ကောင်းခန့်၊ မြတ်ထွန်းသစ်၊ ကျော်မြင့်ဝင်း၊ စိုးလွင်လွင်၊ ဇွဲသက်ပိုင်၊ ဟိန်းထက်အောင်၊ ရွှေ့တန်း-ရွှေကို၊ အီစိုး၊ တည်ငြိမ်မင်းနှင့် ဇင်မင်းထွန်းတို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၁ အသင်းသည် ပဏာမကစားသမား ၃၀ မှ ၁၀ ဦး လျှော့ချကာ အပြီးသတ် လူရွေးချယ်ခဲ့ခြင်းဖြစ်ပြီး အမာခံကစားသမားများ အစုံအလင်ပါဝင်ခဲ့သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



**မြန်မာ ယူ-၂၁ အသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။**

# ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အခွန်ကောက်ခံရရှိမှု ရှင်းလင်းပွဲကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်အခွန်များဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပြည်နယ်အဆင့် အခွန်ကောက်ခံရရှိမှုရှင်းလင်းပွဲကို ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီက မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် အခွန်ကောက်ခံရရှိမှုကို ရှင်းလင်းတင်ပြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ မေးမြန်းဆွေးနွေးချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က ပြန်လည်ရှင်းလင်း ပြောကြားသည်။

ပြည်နယ်အဆင့် အခွန်ကောက်ခံရရှိမှု ရှင်းလင်းပွဲသို့ ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်း၊ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်၊ မြို့နယ်အဆင့် အခွန်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# KBZ Bank Women League ပြိုင်ပွဲ

## ပထမအကျော့ပွဲစဉ်များ ဒီဇင်ဘာ ၂၇ ရက် စတင်မည်

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီ KBZ Bank Women League ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပထမအကြိမ် ယှဉ်ပြိုင်ခဲ့သည့် အသင်းခုနစ်သင်းဖြင့် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းအရေအတွက် ထပ်တိုးလာခြင်းမရှိပေ။ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီ KBZ Bank Women League ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်းအပါအဝင် သစ္စာအားမာန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အား/ကာသိပ္ပံ၊ ဂန္ဓမာ၊ YREO နှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပထမအကျော့ ပွဲစဉ်အားလုံးကို အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ဒီဇင်ဘာ ၂၇ ရက်တွင် မြဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် သစ္စာအားမာန်အသင်းနှင့် ဂန္ဓမာအသင်း၊ ဒီဇင်ဘာ ၂၉ ရက်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အမျိုးသမီးလိဂ်ပြိုင်ပွဲယှဉ်ပြိုင်မည့် ကလပ်အသင်းများအား ထောက်ပံ့ကြေးများ ပိုမိုပေးအပ်မည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို ၂၀၁၈ ခုနှစ် မတ်လတွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**



## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝက်ဘာလမ်း၊ အမှတ်(၄)တွင်နေထိုင်သူ ဒေါ်တင်တင်ခိုင်[၅/ရဥန(နိုင်)၀၅၆၇၅၉] ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၂)လမ်း၊ အမှတ်(၂/၅၂) ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ ၃ထပ်တိုက်အဆောက်အအုံမှ မြေညီထပ်(အလယ်ခန်း) ခန့်မှန်းဧရိယာ(အလျား၁၂. ၅ပေ×အနံပေ၅၀)ခန့်ရှိ ရေမီးအပြည့်အစုံတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ မြေပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်နီလာထွန်း [၁၂/လမန(နိုင်)၀၄၆၇၉၆]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်မိတ်ဆွေက ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်မည့်သူရှိပါက ဤကြေညာချက်ပါရှိသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်တင်တင်ခိုင်[၅/ရဥန(နိုင်)၀၅၆၇၅၉]**
**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးအောင်နိုင်စိုး (LL.B)** — **ဒေါ်ဇင်ဇင်နိုင် (LLB.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၈၂)** — **အထက်တန်းရှေ့နေ(စဉ်-၃၅၇၆၉)**
**အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၄၅၇၂၉၃၃၄၄၊ ၀၉-၇၃၁၉၃၃၄၄၊ ၀၉-၇၉၈၁၉၃၂၉၉**








## ဖခင်အမည်မှန်

ဘုတလင်မြို့၊ "မိုး"ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မောင်ဝေယံမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းသန်း[၅/ဘတလ(နိုင်)၀၅၃၃၆၀] ဖြစ်ပါကြောင်း။




## အမည်မှန်

ဦးကျော်မင်း၏သား ဘုတလင်မြို့၊ "မိုး"ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်းမှ မောင်ငြိမ်းလွှမ်းထက်၏ အမည်မှန်မှာ မောင်လွှမ်းထက်ပိုင် ဖြစ်ပါကြောင်း။




# အသိပေးကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Myanmar V-Pile Co.,Ltd မှ တည်ဆောက်လျက်ရှိသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်းဘေးရှိ ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာ (ဒုတိယအဆင့်)ရှိ တိုက်ခန်းများအား မဲဖောက်ရောင်းချပေးခဲ့ပြီး တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသို့ တိုက်ခန်းဖိုးငွေ ပထမအရစ် ကျသင့်ငွေအား ၁၇-၁၀-၂၀၁၇ ရက်မှ ၁၇-၁၂-၂၀၁၇ ရက်အတွင်း ပေးသွင်းရန် ဆက်သွယ်အကြောင်းကြားထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တိုက်ခန်းများအတွက် ပထမအရစ်ငွေပေးသွင်းခြင်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဆယ်ထပ်ရုံး၊ မြေညီထပ်တွင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် နောက်ဆုံးထား ပေးသွင်းပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိသော တိုက်ခန်းများအား ဝယ်ယူခွင့်ရရှိသူစာရင်းမှ ပယ်ဖျက်၍ အခြားဝယ်ယူလိုသူများထံသို့ ထပ်မံရောင်းချပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## Myanmar Economics Association Seminar Invitation

## INVESTMENT INSIDE OUT

Topic 1: Myanmar as a New Destination for FDI:Ready for a turnaround?
Speaker : Dr. Tin Htoo Naing
Topic 2: Striving to Establish More Transparent and Facilitative Investment Environment and Myanmar
Speaker : Daw Cho Cho Wynn

Panel Discussion :
* Dr.Maung Aung -Vice President - MEA, Secretary - YRTA
* Daw Tin May Oo- Executive Director (Retired), Member of Myanmar Security and Exchange Commission
* Daw Cho Cho Wynn- Vice President (2) - Thilawa SEZ, Dy.DG (Retired) - DICA
* Dr. Tin Htoo Naing - Secretary - Dawei SEZ , Founder Center for Economy, Environment and Society (Myanmar)
* Mingalar Hall, UMFCCI, Min Ye Kyaw Swar Rd. Lanmadaw
* 16th December 2017(Saturday) - Registration- 12:30-13:00pm - Seminar-13:00 - 17:00pm

AYA Bank မှအဓိကပံ့ပိုးကူညီသည်။

## ရွှေကုက္ကို ယာဉ်မောင်းသင်တန်း

**အမျိုးသား/အမျိုးသမီး**

နံနက်၇း၀၀နာရီမှ ညနေ၃း၀၀နာရီအထိ မိမိအဆင်ပြေသည့်အချိန် ညှိနှိုင်း၍ မောင်းနှင်နိုင်ပါသည်။
မြောက်ဒဂုံယာဉ်မောင်းသင်တန်းကွင်း (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ မြောက်ဒဂုံမြို့နယ်

**ဖုန်း-၀၉-၄၄၃၂၄၀၉၉၈၊ ၀၉-၄၄၃၀၁၉၄၈၄၊ ၀၉-၇၃၂၄၀၉၉၈၊ ၀၉-၇၃၀၁၉၄၈၄**

## အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သစ်တောသုတေသနဌာနဝင်းနေ အဖ ဦးလှမျိုးအောင်[၉/ကပတ(နိုင်)၀၀၅၁၄၁]နှင့် အမိ ဒေါ်ဖြူဖြူဝေ[၉/ပမန(နိုင်)၁၅၅၁၁၃] တို့၏သမီး မူလတန်းကျောင်း၊ အမက(၁၅၁) သစ်တောသုတေသနဌာနနေ မဇွန်ဖူးထက်အား မဇွန်ဖူးအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဇွန်ဖူးအိမ်**

## မွေးသက္ကရာဇ်အမှန်

ဟသ်ာတမြို့၊ ရွှေကူရပ်ကွက်နေ ဦးသန့်ဇင်နှင့် ဒေါ်သန်းသန်းတို့၏သား မောင်အောင်သော်ဇင်[၁၄/ဟသတ(နိုင်)၃၁၀၀၂၀]၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၆-၁၉၉၈ ဖြစ်ပါသည်။

## စက်ပန်းထိမ်ဝန်ထမ်း အလိုရှိသည်

| | | |
|---|---|---|
| ၁။ | ဖယောင်းမိုထွင်းကျွမ်းကျင်(ကျား/မ) | (၁၀)ဦး |
| ၂။ | စာရင်းကိုင် စာရေးမ ဘွဲ့ရ (မ) | (၁)ဦး |
| ၃။ | Marketing ဘွဲ့ရ(မ) | (၂)ဦး |

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၉၉၀၇၅၊ ၀၉-၄၂၂၄၅၆၈၃၈**

**မှတ်ချက်။ အမှတ်စဉ်(၂)နှင့်(၃)သည် အိမ်ထောင်မရှိသူများသာ လျှောက်ထားရန်။**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# နိုင်ငံသားနှင့် နိုင်ငံသားဖြစ်ခြင်းဆိုင်ရာသိမှတ်စရာ

**မောင်စာဂ**

တိုင်းရင်းသားတိုင်းသည် နိုင်ငံသားများဖြစ်ကြသည်။ သို့သော် နိုင်ငံသားတိုင်းသည် တိုင်းရင်းသားများ မဟုတ်ကြပါ။ ဤတွင် နိုင်ငံသားဟူသည် မည်သို့ဖြစ်လာသနည်းဆိုသည်ကို စာကြောကြည့်မိသည်။ မြန်မာနိုင်ငံသား ဥပဒေ (၁၉၈၂ ခုနှစ်) ကို အကိုးအကားပြု၍ အနှစ်ချုပ်သဘောမျှဝေပါရစေ။

**တိုင်းရင်းသားဆိုသည်မှာ** ။ ။နိုင်ငံတော်တွင်ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့်တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာတိုင်းရင်းသားများ ဖြစ်ကြသကဲ့သို့ မြန်မာနိုင်ငံသားများလည်း ဖြစ်ကြသည် (ပုဒ်မ ၃)။ မည်သည့်မျိုးနွယ်စုသည် တိုင်းရင်းသားဖြစ်သည် မဖြစ်သည်ကို သတ်မှတ်ရန် လိုအပ်လာလျှင်ပြည်ထောင်စုအစိုးရအဖွဲ့က ဆုံးဖြတ်နိုင်သည် (ပုဒ်မ ၄)။ တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည် လည်းကောင်း မွေးရာပါနိုင်ငံသားများဖြစ်သည် (ပုဒ်မ ၅)။

**နိုင်ငံသားဆိုသည်မှာ** ။ ။ နိုင်ငံသားဟုဆိုရာတွင် မွေးရာပါဖြစ်သော နိုင်ငံသားများနှင့် ဥပဒေအရဖြစ်သော နိုင်ငံသားဟူ၍ နှစ်မျိုးတွေ့ရသည်။ တိုင်းရင်းသားမိဘနှစ်ပါးကမွေးသော တိုင်းရင်းသားများသည် အလိုအလျောက် နိုင်ငံသားများဖြစ်သည်။ ဤသို့ဆိုလျှင် တိုင်းရင်းသား မဟုတ်သောသူများသည် ဥပဒေအရ မည်ကဲ့သို့ နိုင်ငံသားဖြစ်ခွင့်ရရှိကြသနည်း။

ပထမအချက်မှာ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ အာဏာတည်သည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများဖြစ်ကြသည် (ပုဒ်မ ၆)။

ဒုတိယအချက်မှာ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ -

- နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသားနှင့်ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများသည် နိုင်ငံသားများဖြစ်သည် [ပုဒ်မ ၇ (က) (ခ) (ဂ)] ။
- ဧည့်နိုင်ငံသားမိဘနှစ်ပါးမှ မွေးသောသားသမီးနှင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ တစ်ဦးဦးတို့ပေါင်းသင်းကြရာမှ မွေးဖွားသူများသည် နိုင်ငံသားများဖြစ်သည် [ပုဒ်မ ၇ (ဃ)]။
- နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတစ်ဦးဦးတို့ ပေါင်းသင်းကြရာမှ မွေးဖွားသူများသည် နိုင်ငံသားများဖြစ်သည် [ပုဒ်မ ၇ (င)]။
- ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတစ်ဦးဦးတို့ ပေါင်းသင်းကြရာမှ မွေးဖွားသူများသည် နိုင်ငံသားများဖြစ်သည် [ပုဒ်မ ၇ (စ)]။

ဤသို့ဆိုလျှင် ဧည့်နိုင်ငံသားနှင့် နိုင်ငံသား ပြုခွင့်ရသူတို့၏ အကြောင်းကိုလည်း သိရှိရန် လိုအပ်ပါမည်။

**ဧည့်နိုင်ငံသားဆိုသည်မှာ** ။ ။ ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ နိုင်ငံသားဖြစ်ရန် လျှောက်ထားသူများသည် သတ်မှတ်ချက်များနှင့် အရည်အချင်းများကိုက်ညီပါက ဧည့်နိုင်ငံသားအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်နိုင်သည်။ ထိုသူများသည် ဧည့်နိုင်ငံသားများဖြစ်ကြသည် (ပုဒ်မ ၂၃) ။

**နိုင်ငံသားပြုခွင့်ရသူဆိုသည်မှာ**။ ။ နိုင်ငံသားပြုခွင့်ရသူအဖြစ် လျှောက်ထားမှုအပေါ် ဗဟိုအဖွဲ့က သတ်မှတ်ခြင်းခံရသော သူကိုဆိုသည်။

## နိုင်ငံသားပြုခွင့်ရသူအဖြစ် လျှောက်ထားနိုင်ခွင့်ရှိသူများ

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ မတိုင်မီကာလတွင် နိုင်ငံတော်အတွင်း၌ ရောက်ရှိ နေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံတော်အတွင်း မွေးဖွားသည့် သားသမီးတို့သည် ၁၉၄၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှုအက် ဥပဒေအရလျှောက်ထားရန် ကျန်ရှိနေကြောင်း ခိုင်လုံသော အထောက်အထားများဖြင့် ဗဟိုအဖွဲ့သို့ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သည် (ပုဒ်မ ၄၂)။

မြန်မာနိုင်ငံသားဥပဒေ အာဏာတည်သည့်နေ့မှစ၍ နိုင်ငံတော်အတွင်းဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ မွေးဖွားသည့်အောက်ပါသူတို့သည်လည်း နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သည် (ပုဒ်မ ၄၃) -

(က) နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊
(ခ) ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှမွေးဖွားသူများ၊
(ဂ) ဧည့်နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊
(ဃ) နိုင်ငံသားပြုခွင့်ရသူမိဘနှစ်ပါးမှ မွေးဖွားသူများ၊
(င) နိုင်ငံသားပြုခွင့်ရသူနှင့် နိုင်ငံခြားသား မိဘနှစ်ပါးမှ မွေးဖွားသူများ။

## လိုအပ်သောအရည်အချင်းများ

ပထမအချက်မှာ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားသူများသည် အသက်တစ်ဆယ့်ရှစ်နှစ် ပြည့်ပြီးသူဖြစ်ရမည်။ တိုင်းရင်းသားဘာသာစကား တစ်မျိုးမျိုးကို ကောင်းစွာ ပြောတတ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။ ရူးသွပ်သူမဟုတ်ရပါ။ (ပုဒ်မ ၄၄)

ဒုတိယအချက်မှာ မြန်မာနိုင်ငံသားဥပဒေ အာဏာတည်သည့်နေ့မတိုင်မီက နိုင်ငံခြားသား လက်မှတ်ကိုင်ဆောင်သူသည် နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ တစ်ဦးဦးနှင့် အိမ်ထောင်ကျခဲ့ခြင်းကြောင့် နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားလျှင် အသက်တစ်ဆယ့်ရှစ်နှစ် ပြည့်ပြီးသူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။ ရူးသွပ်သူ မဟုတ်ရ။ တစ်လင်တစ်မယား ဖြစ်ရမည်။ တရားဝင်ဇနီး သို့မဟုတ် တရားဝင် ခင်ပွန်းအဖြစ် နိုင်ငံတော်အတွင်း အနည်းဆုံးသုံးနှစ်အဆက်မပြတ် နေထိုင်ခဲ့သူဖြစ်ရမည် (ပုဒ်မ ၄၅) ။

## ကတိသစ္စာပြုရခြင်း

ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်ခြင်းခံရသော သူသည် နိုင်ငံတော်၏သစ္စာကို ခံယူကြောင်းစသည်ဖြင့် စာဖြင့်ရေးသား၍ ကတိသစ္စာပြုရပါမည် (ပုဒ်မ ၂၄၊ ၄၆)။ ဧည့်နိုင်ငံသားလက်မှတ် သို့မဟုတ် နိုင်ငံသားပြုခွင့်လက်မှတ်တွင် အမည်ထည့်သွင်းပေးခြင်းခံရသော သားသမီးသည် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်သည် (ပုဒ်မ ၂၅၊ ၄၇)။ ဧည့်နိုင်ငံသားလက်မှတ် သို့မဟုတ် နိုင်ငံသားပြုခွင့်လက်မှတ်တွင် အမည်ထည့်သွင်းပေးခြင်း ခံရသော သားသမီးသည်လည်း အသက်တစ်ဆယ့်ရှစ်နှစ် ပြည့်ပြီးသူဖြစ်ပါက ၎င်းတို့၏မိဘနှင့်အတူ ကတိသစ္စာပြုရသည် (ပုဒ်မ ၂၆၊ ၄၈)။ အကယ်၍ ၎င်းတို့သည် အသက်တစ်ဆယ့်ရှစ်နှစ် မပြည့်သေးပါက အသက်ပြည့်သည့် နေ့မှစ၍ တစ်နှစ်အတွင်း ကိုယ်တိုင်လာရောက်ပြီး ကတိသစ္စာပြုရသည် (ပုဒ်မ ၂၇၊ ၄၉) ။

## တာဝန်နှင့် အခွင့်အရေးများ

နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် နိုင်ငံတော်၏ ဥပဒေများကို ရိုသေလိုက်နာရမည်။ နိုင်ငံတော်၏ ဥပဒေပါ တာဝန်များကို ထမ်းဆောင်ရမည် (ပုဒ်မ ၁၂၊ ၃၀ နှင့် ၅၃)။ နိုင်ငံသားဖြစ်ပါက နိုင်ငံတော်၏ဥပဒေပါ အခွင့်အရေးများကို ခံစားခွင့်ရှိသည် (ပုဒ်မ ၁၂)။ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူဖြစ်ပါက ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ သတ်မှတ်သော အခွင့်အရေးများမှအပ နိုင်ငံတော်၏ ဥပဒေပါ နိုင်ငံသားအခွင့်အရေးများကို ခံစားခွင့်ရှိသည် (ပုဒ်မ ၃၀ နှင့် ၅၃) ။

## အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခွင့်မရှိပါ

နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ကိုပါ တစ်ပြိုင်တည်း ခံယူခွင့်မရှိပါ။ နိုင်ငံတော်ပါဝင်နေသော စစ်မက်ကာလအတွင်း မိမိခံယူထားသောနိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခွင့်မရှိပါ (ပုဒ်မ ၁၃၊ ၁၄၊ ၃၁၊ ၃၂၊ ၅၄၊ ၅၅)။

## နိုင်ငံသားအဖြစ်အလိုအလျောက်မရရှိခြင်း

နိုင်ငံခြားသားတစ်ဦးသည် နိုင်ငံသားတစ်ဦးနှင့် အိမ်ထောင်ပြုကာမျှဖြင့် နိုင်ငံသားအဖြစ် အလိုအလျောက်ရပိုင်ခွင့်မရှိပါ [ပုဒ်မ ၁၅(ခ)]။ ဧည့်နိုင်ငံသား တစ်ဦးသည် နိုင်ငံသားတစ်ဦးနှင့် အိမ်ထောင်ပြုကာမျှဖြင့် နိုင်ငံသားအဖြစ် အလိုအလျောက်ရပိုင်ခွင့်မရှိပါ (ပုဒ်မ ၃၃)။ နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသားနှင့် အိမ်ထောင်ပြုကာမျှဖြင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသားအဖြစ်အလိုအလျောက် ရပိုင်ခွင့်မရှိပါ (ပုဒ်မ ၅၆)။ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ၏ မွေးစားခြင်းခံရသော နိုင်ငံခြားသား တစ်ဦးသည် နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်ကို ရရှိပိုင်ခွင့်မရှိပါ (ပုဒ်မ ၇၃) ။

## ရုပ်စဲခြင်း

နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် နိုင်ငံတော်မှ အပြီးအပိုင်ထွက်ခွာလျှင် ဖြစ်စေ၊ အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ကို ခံယူလျှင် သို့မဟုတ် မှတ်ပုံတင်လျှင် ဖြစ်စေ၊ အခြားနိုင်ငံ၏ နိုင်ငံကူးလက်မှတ် သို့မဟုတ် အလားတူလက်မှတ်ကို ထုတ်ယူလျှင်ဖြစ်စေ မိမိတို့ရရှိထားသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ အဖြစ်မှရုပ်စဲသည် (ပုဒ်မ ၁၆၊ ၃၄၊ ၅၇)။ မွေးရာပါနိုင်ငံသားဖြစ်သော တိုင်းရင်းသားတစ်ဦးကို ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းသဖြင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲသည့်ကိစ္စမှတစ်ပါး အခြားမည်သည့် အခြေအနေတွင်မျှ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်း မပြုနိုင်ပါ (ပုဒ်မ ၁၇)။ နိုင်ငံသားတစ်ဦးသည် နိုင်ငံခြားသားနှင့် အိမ်ထောင်ပြုကာမျှဖြင့် နိုင်ငံသားအဖြစ် အလိုအလျောက်ဆုံးရှုံးခြင်းမရှိပါ [ပုဒ်မ ၁၅(က)]။

## ရုပ်သိမ်းခြင်း

ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူကို အောက်ပါတစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ရုပ်သိမ်းနိုင်သည် (ပုဒ်မ ၃၅ ၊ ၅၈) -

(က) နိုင်ငံတော်ပါဝင်နေသော စစ်မက်ကာလအတွင်း ရန်သူနိုင်ငံများနှင့်ဖြစ်စေ၊ ရန်သူနိုင်ငံကို အထောက်အကူပြုသည့် နိုင်ငံများနှင့်ဖြစ်စေ၊ ထိုနိုင်ငံများ၏ နိုင်ငံသားများ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ ကုန်သွယ်ခြင်း၊ ဆက်သွယ်ခြင်း၊
(ခ) နိုင်ငံတော်ကို ဆန့်ကျင်နေသည့် အဖွဲ့အစည်းနှင့်ဖြစ်စေ၊ ထိုအဖွဲ့အစည်း၏အဖွဲ့ဝင်နှင့်ဖြစ်စေ ကုန်သွယ်ခြင်း၊ ဆက်သွယ်ခြင်း၊
(ဂ) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ၊ ထိပါးစေမည့်အန္တရာယ်တစ်ခုခုကို ပြုလုပ်နေသည်၊ ပြုလုပ်တော့မည်ဖြစ်ခြင်း၊
(ဃ) နိုင်ငံတော်ကို အကြည်ညိုမဲ့ကြောင်း သို့မဟုတ် သစ္စာမဲ့ကြောင်းကို တစ်နည်းနည်း ဖြင့်ပြသခြင်း၊
(င) နိုင်ငံတော်၏လျှို့ဝှက်ကိစ္စတစ်ရပ်ရပ်ကို သူတစ်ဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ အခြားနိုင်ငံတစ်နိုင်ငံကိုဖြစ်စေ သတင်းပေးခြင်း၊
(စ) အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်သောကြောင့် အနည်းဆုံး ထောင်ဒဏ်တစ်နှစ် သို့မဟုတ် အနည်းဆုံး ငွေဒဏ်ကျပ်တစ်ထောင်အဖြစ် ပေးခံရခြင်း။

## အဆုံးအဖြတ်ခံယူခြင်း

ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် အဆုံးအဖြတ်ရယူရန် အကြောင်းပေါ်ပေါက်ပါက ဗဟိုအဖွဲ့သို့ လျှောက်ထားနိုင်သည် (ပုဒ်မ ၆၅)။ ဗဟိုအဖွဲ့သည် လျှောက်ထားသူအား အထောက်အထားများနှင့်တကွ တင်ပြခွင့်ပေးရမည်။ ပြီးလျှင် ဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးရမည်။ အဆုံးအဖြတ်ကို လျှောက်ထားသူထံသို့ ပြန်ကြားရမည် (ပုဒ်မ ၆၆)။ ဗဟိုအဖွဲ့၏ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အယူခံနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည် (ပုဒ်မ ၇၀)။

## နိုင်ငံတော်၏ အကျိုးငှာ သတ်မှတ်ခွင့်နှင့် ရုပ်သိမ်းခွင့်

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏အကျိုးငှာ မည်သူကိုမဆို နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ် သတ်မှတ်နိုင်သည်။ နိုင်ငံတော်၏အကျိုးငှာ မွေးရာပါနိုင်ငံသားမှအပ မည်သူ့ကိုမဆို နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ရုပ်သိမ်းနိုင်သည်။ (ပုဒ်မ ၈)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၄၆ တွင် နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်ဟု ပြဋ္ဌာန်းချက်ကိုလည်း မှတ်သားကြရပါမည်။

## ဥပဒေကိုရိုသေလေးစားလိုက်နာပါ

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံတော်ကြီးအတွင်း အတူတကွ ပေါင်းစည်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသား (မွေးရာပါနိုင်ငံသားများ)၊ ဥပဒေအရဖြစ်လာရသည့် နိုင်ငံသားများ၊ ဧည့်နိုင်ငံသားများ၊ နိုင်ငံသားပြုခွင့်ရသူများအားလုံးသည် နိုင်ငံတော်၏ဥပဒေများကို ရိုသေလေးစားလိုက်နာကြပြီး နိုင်ငံတော်နှင့်နိုင်ငံသူနိုင်ငံသားများ၏ကောင်းကျိုးချမ်းသာကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ကြခြင်းဖြင့် အစဉ်ထာဝရတည်ငြိမ်အေးချမ်းသော တရားဥပဒေစိုးမိုးသည့် လူ့ဘောင်အဖွဲ့အစည်းအဖြစ် တည်ဆောက်နေထိုင်ကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းလိုက်ပါရစေ။

## ကျောင်းသား၊ ကျောင်းသူများနှင့်ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ခြောက်သောင်းကျော် ပေးအပ်

**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ၊ ချမ်းအေးသာစံမြို့နယ်နှင့် အမရပူရမြို့နယ်အတွင်းရှိ ပြည်သူများနှင့် မန္တလေးခရိုင်ရှိ သတ်မှတ်ချက် ပြည့်မီသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၈၃၉၁ ကတ် ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်းအတွင်းရှိမြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "နိုင်ငံသားစိစစ်ရေးကတ်ဆိုတာ နိုင်ငံသားအဖြစ် အသိအမှတ်ပြုတာပါ၊ နိုင်ငံသားဖြစ်သွားရင် နိုင်ငံသားစိတ်ဓာတ်ရှိရမယ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိရမယ်၊ နိုင်ငံသားစိစစ်ရေးကတ်မရှိရင် ပညာဆက်လက်သင်ယူလို့မရနိုင်ဘူး၊ လူ့အခွင့်အရေးအရ နိုင်ငံသားဆိုတာရှိကို ရှိရမယ်" ဟု ပြောသည်။

ယခုအစိုးရလက်ထက်တွင် တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူ ၁၃၅၁၆၉ ဦးအနက် ပထမနှစ်ကာလတွင် ၁၀၀၀၈၉၀ ဦးကို ထုတ်ပေးနိုင်ခဲ့ပြီး ဒုတိယနှစ်ကာလတွင် ဆောင်ရွက်ရန် ၈၃၇၂၈ ဦးအနက် ယင်းနေ့တွင် ၆၇၀၇၅ ဦးကို ထုတ်ပေးနိုင်ခဲ့ကာ ဆက်လက်ဆောင်ရွက်ရမည့် ကျောင်းသား၊ ကျောင်းသူစာရင်းမှာ ၁၇၆၅၃ ဦးကျန်ရှိနေပြီး စာရင်းမကောက်ယူရသေးသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ချယ်က ပြောသည်။

"တစ်နိုင်ငံလုံးမှာ ကျောင်းသား၊ ကျောင်းသူ လေးသိန်းကျော်ကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးတဲ့နေရာမှာ မန္တလေးတိုင်းဒေသကြီးအနေနဲ့ တစ်သိန်းကျော် ထုတ်ပေးပြီးဖြစ်တဲ့အတွက် ပြီးစီးမှုရာခိုင်နှုန်းက အကောင်းဆုံးအနေအထားဖြစ်ပါတယ်၊ ကျွန်တော်တို့ ဌာနမှာက ဝန်ထမ်းအင်အားနည်းပါးတဲ့အတွက် ပြည်သူကိုဝန်ဆောင်မှုပေးတဲ့နေရာမှာ အခက်အခဲတွေရှိနိုင်ပါတယ်၊ အခုလို နိုင်ငံသားစိစစ်ရေးကတ် ၆၈၀၀၀ ကျော်ကို ထုတ်ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာ ပညာရေးဌာနက ဆရာ၊ ဆရာမတွေရဲ့ ဝိုင်းဝန်းကူညီမှုတွေနဲ့ ကုန်ကျတဲ့အသုံးစရိတ်တွေကို ပံ့ပိုးပေးတဲ့ United Pacific ကုမ္ပဏီလိမိတက်နဲ့ Advanced Myanmar Star ကုမ္ပဏီလိမိတက်တို့ကြောင့်လည်း အခုလိုအရေအတွက်များများ ဆောင်ရွက်ပေးနိုင်တာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ယင်းနေ့ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်သည့်အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူ ၆၇၀၇၅ဦး၊ ချမ်းအေးသာစံမြို့နယ်နှင့် အမရပူရမြို့နယ်အတွင်းမှ ပြည်သူ ၁၂၈၄ ဦးနှင့် ပုဏ္ဏားလူမျိုး ၃၂ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ် ၆၈၃၉၁ ကတ်အား ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ခုနစ်လအတွင်း ခရီးသွားဇုန်ငါးခုသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှု ၁၄ ရာခိုင်နှုန်းကျော်မြင့်တက်

**မုံရွာ ဒီဇင်ဘာ ၇**



၂၀၁၇ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ ခုနစ်လတာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ စစ်ကိုင်း၊ ကလေး၊ ကသာနှင့် ရွှေဘိုခရီးသွားဇုန်များသို့ ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်မှုသည် ယခင်နှစ်ကာလတူ ထက် ၁၄ ဒသမ ၆၈ ရာခိုင်နှုန်း ပိုမိုဝင်ရောက်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးကြပ်ပြီး လုပ်ဆောင်လျက်ရှိရာ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်သည့်အခါတွင် အလွယ်တကူ တည်းခိုနေထိုင်ရေး၊ သမိုင်းမှတ်တမ်းဝင် အထင်ကရနေရာများကို သိရှိနိုင်ရန်အတွက် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မှတ်တမ်းဗီဒီယိုများ ရိုက်ကူးပြသခြင်းများကို လုပ်ဆောင်နိုင်ခဲ့သဖြင့် ယခုနှစ်တွင် ခရီးသွား ဝင်ရောက်မှုများ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

"အခုနှစ်ရဲ့ ခရီးသွားရာသီက အခုမှ စတယ်လို့ ပြောရမှာပါ၊ အဲဒါတောင်မှ ခရီးသွားဝင်ရောက်မှုက အရင်နှစ် ကာလတူထက် အတော့်ကိုများပါတယ်၊ ခရီးသွားဇုန် ငါးခုမှာ ခရီးသည်ဝင်ရောက်မှုက မုံရွာဇုန်ကအများဆုံးပါ၊ ဒုတိယအများဆုံးကတော့ ကလေးဇုန်ပါ၊ ကျန်တဲ့ဇုန်သုံးခုကတော့ ခရီးသွားဝင်ရောက်မှုများပေမယ့် မုံရွာ၊ ကလေးဇုန်လောက်တော့ မများပါဘူး၊ အခုနှစ်ထဲမှာ တိုင်းဒေသကြီးအတွင်းမှာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း တစ်ခုလည်းဖွင့်ထားပါပြီ၊ နောက်လည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေလည်ပတ်နိုင်တဲ့ နေရာတွေလည်းဆက်ပြီး ဖွင့်လှစ်ပေးသွားဖို့ အစီအစဉ်တွေလည်းရှိပါတယ်၊ ခရီးသည်ဝင်ရောက်မှုက ဧပြီလကနေ အောက်တိုဘာလကုန်အထိ တွက်ချက်ထားတာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သူဦးကပြောသည်။

ယခုနှစ် ခရီးသွားဝင်ရောက်မှုအဖြစ် ဧပြီမှ အောက်တိုဘာအထိ မုံရွာဇုန်အတွင်းသို့ ပြည်တွင်း၊ ပြည်ပခရီးသွား ၅၇၆၆၆ ဦး၊ ကလေးဇုန်အတွင်းသို့ ၁၂၁၃၉ ဦး၊ စစ်ကိုင်းဇုန်အတွင်းသို့ ၇၁၀၁ ဦး၊ ရွှေဘိုဇုန်အတွင်းသို့ ၂၇၁၈ ဦးနှင့် ကသာဇုန်အတွင်းသို့ ၄၁၃၁ ဦး စုစုပေါင်း ၈၃၇၅၅ ဦး ဝင်ရောက်တည်းခိုလည်ပတ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဧပြီမှ အောက်တိုဘာအထိ မုံရွာဇုန်အတွင်းသို့ ပြည်တွင်း ခရီးသွား ၅၃၃၂၄ ဦး၊ ကလေးဇုန်အတွင်းသို့ ၉၁၁၄ ဦး၊ စစ်ကိုင်းဇုန်အတွင်းသို့ ၄၉၄၆ ဦး၊ ရွှေဘိုဇုန်အတွင်းသို့ ၃၅၇၄ ဦးနှင့်ကသာဇုန်အတွင်းသို့ ၂၀၇၈ ဦး စုစုပေါင်း ၇၃၀၃၆ ဦး ဝင်ရောက်တည်းခိုလည်ပတ်ခဲ့ကြောင်းနှင့် ယခုနှစ်တွင် ပြည်တွင်း၊ ပြည်ပခရီးသွား ၁၀၇၁၉ ဦး ပိုမိုဝင်ရောက်ခဲ့သဖြင့် ၁၄ ဒသမ ၉၆ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## ကျောက်ကပ်သန့်စင်ဆေးစက်များ မြင်းခြံမြို့တွင် စတင် အသုံးပြု

**မြင်းခြံ ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မင်းကျောင်းတိုက်အတွင်းရှိ ဆန္ဒတော်ပြည့် အာယုပါလ ကျောက်ကပ်သန့်စင်ဆေးခန်းရှိ ကျောက်ကပ်သန့်စင်ဆေးစက်များ စတင်အသုံးပြု၍ ကျောက်ကပ် ဝေဒနာရှင်များအား ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီမှ စတင်၍ ကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆန္ဒတော်ပြည့် အာယုပါလ ကျောက်ကပ် ဆေးခန်းကို ရွှေစင်တိပိဋကဆရာတော် ဘဒ္ဒန္တဂန္ဓမာလာနှင့် မြင်းခြံမြို့မှစေတနာရှင်များမှ ဆောက်လုပ် လှူဒါန်းခဲ့ပြီး ကျောက်ကပ် သန့်စင်စက်များကို Myanmar Kidney Foundation မှ စက် ခြောက်လုံးနှင့် အသုံးပြုသူများ ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်စေရန် အတွက် သင်တန်းများပို့ချခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ဆန္ဒတော်ပြည့် အာယုပါလ ကျောက်ကပ်ဆေးခန်းသို့ ပထမဆုံးနေ့တွင် လူနာ ၅ ဦးကို လက်ခံကုသပေးခဲ့ပြီး တစ်ပတ်လျှင် ၆ ရက်ဖွင့်ပြီး တနင်္ဂနွေတစ်ရက်သာပိတ်၍ ပိတ်သည့်နေ့တွင် ကျောက်ကပ်သန့်စင်စက်များ ပြန်လည်စစ်ဆေးခြင်းတို့ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် Myanmar Kidney Foundation မှ ဥက္ကဋ္ဌ ဒေါက်တာ လှအောင် (ကျောက်ကပ်အထူးကုသမား တော်ကြီး)ကလည်း မိမိတို့အဖွဲ့သည် စင်ကာပူ၊ ဘရူနိုင်းနိုင်ငံများမှ ကျွမ်းကျင် ဆရာဝန်၊ သူနာပြုများဖြင့် ဖွဲ့စည်းထားပြီး ယခုလို ကုသိုလ်ဖြစ်ဆေးခန်းများအတွက် စက်များလှူဒါန်းပေးခြင်း၊ သင်တန်းများပို့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြင်းခြံမြို့တွင် ယခုဖွင့်လှစ်သည့် ဆန္ဒတော်ပြည့် အာယုပါလ ဆေးခန်းနှင့်ပါဆိုလျှင် ငါးခုမြောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ မြင်းခြံမြို့တွင် ပထမဆုံး ကျောက်ကပ်သန့်စင်ဆေးခန်း ဖွင့်လှစ်ကုသနိုင်ပြီဖြစ်၍ မြင်းခြံမြို့နှင့် အနီးတစ်ဝိုက်မှ ကျောက်ကပ်ဝေဒနာရှင်များအနေဖြင့် ဆေးဖိုးသာကုန်ကျခြင်း၊ မန္တလေးမြို့သို့သွားရောက်ကုသစရာမလိုသဖြင့် စရိတ်သက်သာခြင်းစသည့် ကုန်ကျစရိတ်များလျော့နည်းကာ ခရီးပန်းမှုလည်းခံစားရခြင်းမရှိခြင်းတို့ကြောင့် လာရောက်ကုသသူများပြောလျက်ရှိသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**



## ရွှေနန်းတော်ကျောင်းရှိသစ်သားများထိန်းသိမ်းခြင်းနှင့်ပြုပြင်မွမ်းမံခြင်းဟောပြော

**အောင်မြေသာစံ ဒီဇင်ဘာ ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့၏ ပံ့ပိုးမှုဖြင့် ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့သည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေနန်းတော်ကျောင်းကြီးအား ရှေးမူမပျက်သစ်သားထည်များအား ထိန်းသိမ်းစောင့်ရှောက်ပြုပြင်မွမ်းမံလျက်ရှိသည်။

ရွှေနန်းတော်ကျောင်း မွမ်းမံထိန်းသိမ်းရေးစီမံကိန်း ကြီးကြပ်အကြံပေးအဖြစ်တာဝန်ယူထားသော သစ်သားဆောက်လုပ်ရေးပညာရှင် မစ္စတာရူဒီခရစ်ရှန်က ရွှေနန်းတော်ကျောင်း ဝရန်တာပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွင် အသုံးပြုခဲ့သည့် မြန်မာ့ရိုးရာ လက်သမားပညာနှင့် သစ်သားထိန်းသိမ်းခြင်းနည်းစနစ်များ ဟောပြောဆွေးနွေးပွဲကို ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီက ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ အမေရိကန်သံရုံး ပြန်ကြားရေးဌာနခွဲ ဂျက်ဖာဆန်စင်တာတွင် ကျင်းပခဲ့ရာ ရှေးဟောင်းသုတေသနပညာရှင်များ၊ မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ ဆရာ ဆရာမများ၊ ဗိသုကာပညာရှင်များ၊ စိတ်ဝင်စားသူများ တက်ရောက်ဆွေးနွေးကြသည်။

ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံများ ရန်ပုံငွေအဖွဲ့သည် ကမ္ဘာ့နေရာဒေသများရှိ ရှေးဟောင်းအဆောက်အအုံများအား ထိန်းသိမ်းလျက်ရှိသည်။ မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံ ၉၀ရှိ ရှေးဟောင်းသစ်သားအဆောက်အအုံများအား ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

**မကွေး ဒီဇင်ဘာ ၇**

ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်သောကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်များ၊ မြို့နယ်များအလိုက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးမှ သိရသည်။

မီးဘေးလုံခြုံရေးအတွက် စက်ရုံအလုပ်ရုံများ၊ ဈေးများ၊ ဘဏ်များ၊ စာသင်ကျောင်းများ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းများအား စစ်ဆေးအကြံပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်းနှင့် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

"ပြည်သူဆိုတာ ပထမ မီးသတ်သမားပါ၊ မီးသတ်တပ်ဖွဲ့က ဖုန်းဆက်သွယ်မှ၊ မီးခိုးမြင်မှသွားရတဲ့ ဒုတိယမီးသတ်သမားပေါ့၊ ဒါကြောင့် မီးလောင်မှုဖြစ်တဲ့အခါ ပြည်သူက ကြိုတင် ငြိမ်းသတ်ထားတာ ဆုံးရှုံးမှုသက်သာတာပေါ့၊ ကြိုတင်ကာကွယ်ရေးအနေနဲ့ ဓာတ်ဆီထည့်ပြီး ပြည့်-မပြည့် ဖယောင်းတိုင်မီးနဲ့ မကြည့်ဖို့၊ အိမ်ကနေ အပြင်ထွက်ရင် လျှပ်စစ်မိန်းတွေချသွားဖို့၊ ခြင်ဆေးခွေကို အောက်ခံခွက်နဲ့ထွန်းဖို့စတဲ့ အသိတရား၊ သတိတရားတွေရှိဖို့ လိုပါတယ်၊ အိမ်တိုင်းမှာ မီးသတ်ဆေးဘူးဆောင်ထားဖို့လိုပါတယ်" ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်က ပြောသည်။

မကွေးတိုင်း ဒေသကြီးအတွင်း အောက်တိုဘာလမှ နိုဝင်ဘာလကုန်အထိ တစ်အိမ်တက်ဆင်း စစ်ဆေးမှု ၁၂၃၁၄ ကြိမ်၊ စက်ရုံ အလုပ်ရုံစစ်ဆေးမှု ၂၇ ကြိမ်၊ ဟိုတယ်၊ မိုတယ်၊ Inn၊ တည်းခိုခန်းစစ်ဆေးမှု ၁၇ ကြိမ်၊ KTV စစ်ဆေးမှု ၁၃ ကြိမ်၊ ဈေးစစ်ဆေးမှု ၂၅ ကြိမ်၊ စက်သုံးဆီဆိုင် စစ်ဆေးမှု ၄၅ ကြိမ်၊ ဇာတ်တိုက်လေ့ကျင့်မှု ၇၁ ကြိမ်ပြုလုပ်နိုင်ခဲ့ကြောင်း၊ လူဦးရေ ၆၀၅၈ ဦးအား ဟောပြောပို့ချမှု အကြိမ် ၅၀ ပြုလုပ်နိုင်ခဲ့ကြောင်း ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးမင်းဦး(မကွေး)**

# ပဲခူးမြို့တွင်းလမ်းများ LED လမ်းမီးတိုင်များ ပြုလုပ်ရန် ညှိနှိုင်းစည်းဝေး



**ပဲခူး ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့တွင်းလမ်းများ LED လမ်းမီးတိုင်များပြုလုပ်ရန် လျှပ်စစ်ကုမ္ပဏီသုံးခုမှ လုပ်ငန်းဆောင်ရွက်ချက်များ လာရောက်ရှင်းလင်းတင်ပြသည့် အခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးမြို့ မြို့အဝင်ဂိတ်မှ မြို့အထွက်ထိ LED မီးတိုင်များ ပြုလုပ်ရန်အတွက် ကုမ္ပဏီများအား ဖိတ်ခေါ်ရခြင်းဖြစ်ကြောင်း၊ LED မီးတိုင်များ ပြုလုပ်ခြင်းသည် ယာဉ်အန္တရာယ်ကင်းရှင်းရန်၊ ဒုစရိုက်မှုလျော့နည်းရန်နှင့် သာယာလှပစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရခြင်းဖြစ်ပြီး တက်ရောက်လာသည့် ကုမ္ပဏီများမှ လုပ်ငန်းဆောင်ရွက်မည့် စီမံချက်များအား တင်ပြပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် Dream Light Technology Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်၊ Krislite Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးကျော်မိုးနိုင်နှင့် Aryan Land Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးထွန်းလင်းစိုးတို့က ပဲခူးမြို့တွင် လမ်းများ၌ Street Light နှင့် High Light တပ်ဆင်မည့်နေရာများ၊ တပ်ဆင်သွားမည့် LED အမျိုးအစားနှင့် နည်းပညာအချက်အလက်များအား Power Point ဖြင့် အသီးသီး ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ မေးမြန်းချက်များအပေါ် တက်ရောက်လာသည့် ကုမ္ပဏီများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ လျှပ်စစ်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ရန်ကုန်အနောက်ပိုင်းခရိုင်ကမ္ဘာ့ခုခံအားကျရောဂါတိုက်ဖျက်ရေးနေ့ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်အနောက်ပိုင်းခရိုင်၌ ၂၀၁၇ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက ကြည့်မြင်တိုင် အ-ထ-က ၁ မြတ်ဝတ်ရည်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးမှူးက အထိမ်းအမှတ်အခန်းအနားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပညာရေးမှူး နှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အနောက်ပိုင်းပြည်သူ့ဆေးရုံအုပ်ကြီးတို့က စာစီစာကုံး၊ ပန်းချီနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲမှ ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ကြပြီး ပြခန်းအား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူး၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် ၁၃ ခုမှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ တက်ရောက်ခဲ့ကြသည်

**ထိန်ဝင်း(ကြည့်မြင်တိုင်)**

# အားကစားအကြောင်းသိကောင်းစရာဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၇**

အင်းစိန်မြို့နယ် အမှတ် ၃ အခြေခံပညာအထက်တန်းကျောင်းတွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားဆိုင်ရာ သိကောင်းစရာများ ဟောပြောခြင်း၊ အားကစားပစ္စည်းများပေးအပ်ခြင်းနှင့် ဝူရှူးနှင့် ကျွမ်းဘားအားကစားများ သရုပ်ပြသခြင်း အခမ်းအနားကို အောင်ဆန်း အ-ထ-က ၃ ကျောင်း၌ ဒီဇင်ဘာ ၅ ရက် နံနက် ၁၁ နာရီက ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အားကစားသမားများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်အေးအေးမော်က အားကစားအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်နှင့် ကျွမ်းဘားအဖွဲ့ချုပ် အားကစားသမားများမှ အားကစားသရုပ်ပြသကြပြီး မြို့နယ်ဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမောင်မွှေးနှင့် မြို့နယ် မြန်မာ့သိုင်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးသိန်းသန်းတို့က ဝူရှူးနှင့် ကျွမ်းဘားသရုပ်ပြသကြ သည့် အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မြို့နယ်အားကစားမှူးက အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# သဇင်လမ်းမ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ ဦးဆောင်ပြီး အရှေ့ပိုင်းခရိုင်အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) အင်ဂျင်နီယာ ခရိုင်မှူး ဦးထွန်းလှ ကြီးကြပ်မှုဖြင့် အင်ဂျင်နီယာ ဒေါ်ယုယုလှိုင်နှင့် လမ်းနှင့် တံတား ဝန်ထမ်းများက ဒီဇင်ဘာ ၄ ရက်က မြောက်ဥက္ကလာပ မြို့နယ် (၅) ရပ်ကွက် မြဥယျာဉ်စိုက်ပျိုးရေးခြံအဝင်-အထွက် ပေရှည် ၁၉၇၀၊ အကျယ် ၂၄ ပေ၊ ဒု ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။

ယခု ကွန်ကရစ်လမ်းခင်းနေတဲ့ သဇင်လမ်းမကြီးမှာ ပျက်စီးခဲ့တာကြာပြီ၊ အခုလို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) ဦးဆောင်မှုနဲ့ ဆောင်ရွက်ပေးလို့ ရဟန်းရှင်လူ သက်ကြီးရွယ်အို ကျောင်းသား၊ ကျောင်းသူများ သွားလာမှုလွယ်ကူချောမွေ့တော့မှာဖြစ်သလို မြဥယျာဉ်စိုက်ပျိုးရေးခြံထွက် ဟင်းသီးဟင်းရွက်များ ထိစပ်မြို့နယ်ဈေးများသို့ မြန်ဆန်သွက်လက်စွာ ဖြန့်ဖြူးရောင်းချနိုင်ပြီး မိသားစု စားဝတ်နေရေးလည်း အဆင်ပြေချောမွေ့ကြမှာဖြစ်ကြောင်း ဌာနေရပ်မိရပ်ဖ ဦးဝက ပြောသည်။

ဒီသဇင်လမ်းမကြီးက ပျက်စီးပြီး ချိုင့်ခွက်တွေလည်းများတယ်၊ လမ်းသားမြေခံညှိမှု လုပ်ငန်း ဦးစားပေးဆောင်ရွက်ရတယ်၊ ဒါမှ စံချိန်စံညွှန်းပြည့် နှစ်ရှည်ခံ ကွန်ကရစ်လမ်းဖြစ်အောင် ပေါင်းစပ်ပြီး လုပ်ငန်းများဆောင်ရွက်နေကြောင်း တာဝန်ခံတစ်ဦးက ပြောသည်။

**ထွန်းဝင်း**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်တွင် ဒီဇင်ဘာလ ပထမပတ်မှစ၍ မြို့နယ်စည်ပင်သာယာရေး (ရေ/သန့်)ဌာနမှ GI ပိုက်များမှာ သက်တမ်းကြာပြီဖြစ်၍ HD PE ပိုက်အသစ်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ ဓာတ်ပုံ - ကျော်စိုးမိုး

# ကမာရွတ်မြို့နယ်၌ မြဝတီဘဏ်ခွဲသစ် ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၇**

ပြည်သူလူထုအတွင်း ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ပေးနိုင်ရန် မြဝတီဘဏ်လီမိတက်(ကမာရွတ်ဘဏ်ခွဲ)ကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက အမှတ် ၁၂၈ မြေညီထပ်၊ ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



"ကျွန်မတို့ ဘဏ်အနေနဲ့ အနီးပတ်ဝန်းကျင်က စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ရယ်၊ လုပ်ငန်းရှင်တွေကို ငွေကြေးအထောက်အပံ့ပေးပြီး လုံခြုံစိတ်ချမှုအပြည့်ရှိစေတဲ့ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းနဲ့ ဒေသတွင်း ငွေပေးချေမှုစနစ် လွယ်ကူလျင်မြန်စေဖို့ ရည်ရွယ်ပြီး ထပ်မံဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါတယ်" ဟု မန်နေဂျာ ဒေါ်နုရည်ထွန်း (ကမာရွတ်ဘဏ်ခွဲ မြဝတီဘဏ်လီမိတက်) က ပြောသည်။

ယခုဖွင့်လှစ်သည့် ကမာရွတ်ဘဏ်ခွဲသည် မြဝတီဘဏ်၏ ၅၄ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး ယင်းဘဏ်တွင် အပ်ငွေများ၊ ခေါ်ယူအပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆု ဝန်ဆောင်မှုအပ်ငွေများ၊ ကတ်စာရင်းအပ်ငွေများ လက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များကို လိုအပ်သော ငွေကြေးအရင်းအနှီးများအတွက် မရွှေ့ပြောင်းနိုင်သောမြေနှင့် အဆောက်အအုံများကို အာမခံအဖြစ်ရယူ၍ တစ်နှစ်လျှင် အတိုးနှုန်း ၁၃ ရာခိုင်နှုန်းဖြင့် ချေးငွေများထုတ်ချေးခြင်း၊ မြဝတီဘဏ် ဘဏ်ခွဲအသီးသီးနှင့် အခြားချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန်ငွေလွှဲပို့နိုင်ခြင်းများ အပါအဝင် Modern Banking အနေဖြင့်လည်း Mobile Banking ဆိုင်ရာ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

"အခုက Semi-Online Core-Banking စနစ်ကနေ နိုင်ငံတကာ Core Banking စနစ်ကို ပြောင်းလဲဖို့ဆောင်ရွက်နေတာမို့ အကောင်အထည်ဖော် ဆောင်ရွက်ပြီးပြီဆိုရင် မြဝတီဘဏ်အနေနဲ့ VISA၊ Master တို့နဲ့ ချိတ်ဆက်ပြီး ATM ဝန်ဆောင်မှုတွေအပြင် Credit Card ဝန်ဆောင်မှု၊ အခြားဝန်ဆောင်မှုအသစ်တွေကိုလည်း ပေးသွားဖို့ရှိပါတယ်" ဟု ဒေါ်နုရည်ထွန်းက ဆက်လက်ပြောသည်။

**ကြေးမုံ**

# ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် တွံတေး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**တွံတေး၊ ဒီဇင်ဘာ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေး၊ ဒလ၊ သန်လျင် သုံးမြို့နယ် စုပေါင်း၍ တွံတေးမြို့နယ်တွင် ကရင်သက္ကရာဇ် ၂၇၅၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ တွံတေးမြို့ မြို့မဘောလုံးကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၁၆ ရက်မှ စတင်ကာ ကရင်ရိုးရာ ဝတ်စားဆင်ယင်မှု ဖက်ရှင်ရှိုးပြိုင်ပွဲများ၊ ရိုးရာပြခန်းများ၊ ကရင်ရိုးရာ လက်ဝှေ့ပြိုင်ပွဲနှင့် ညပိုင်းတွင်ကရင်ရိုးရာဒုံးအကများ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ကရင်တိုင်းရင်းသားရိုးရာ ဓလေ့များ ပြန်လည်ဖော်ထုတ်ခြင်း၊ မျက်မမြင်တေးဂီတဖြင့် ဖျော်ဖြေခြင်း၊ နှစ်သစ်ကူး အလံတင် အခမ်းအနား ကျင်းပခြင်းနှင့် The Cruz Music Band ဖြင့် ကရင်တိုင်းရင်းသား နိုင်ငံကျော်အဆိုတော်များက ဖျော်ဖြေခြင်းများဖြင့် တွံတေး၊ ဒလ၊ သန်လျင် သုံးမြို့နယ်စုပေါင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ကျင်းပရေး တာဝန်ရှိသူတစ်ဦးက အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ကရင်ယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာဓလေ့များ မပပျောက်ရေး၊ ကရင်စာပေ ပိုမိုထွန်းကားလာစေရေး၊ အနာဂတ် ကရင်အဆက်အနွယ်လူငယ်များ မိမိတို့ ကရင်ဘဝဓလေ့နှင့် ကိုက်ညီစစ်မှန်သည့် ယဉ်ကျေးမှုမြတ်နိုးစွာဖြင့် ထိန်းသိမ်း မြှင့်တင်စေရန်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် နယ်နိမိတ်အတွင်း စုစည်းညီညွတ်ရေးနှင့် တိုင်းရင်းသား လူမျိုးစုံစည်းလုံး ညီညွတ်ရေးကိုရှေးရှု၍ကျင်းပခြင်းဖြစ်ကြောင်း အတွင်းရေးမှူးစောသောင်းလှိုင်က ပြောသည်။

**မျိုးလှိုင် (တွံတေး)**

# ရန်ကုန်မြို့နှင့် ရေကြီးရေလျှံမှု ပြဿနာ

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်မြို့တွင် နှစ်စဉ်မိုးရာသီအချိန်အခါကာလ ရေကြီးရေလျှံမှုပြဿနာကို ကြုံတွေ့နေရဆဲပင်ဖြစ်သည်။ ယခုလို ပွင့်လင်းရာသီကာလတွင် ရေကြီးရေလျှံမှုပြဿနာကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မြဲဖြစ်သော်လည်း မိုးရာသီသို့ ရောက်ရှိချိန်တွင် ရေကြီးရေလျှံမှုကို ကြုံတွေ့နေရသည့်အပြင် တစ်နှစ်ထက် တစ်နှစ် ပိုမိုဆိုးရွားစွာ ကြုံတွေ့လာရလျက်ရှိသည်။

ရန်ကုန်မြို့တွင် နှစ်တိုင်းလိုလို ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ချက်များကို ဘဏ္ဍာငွေများစွာ အသုံးပြုကာ ပြုလုပ်လျက်ရှိသော်လည်း တိုးပွားလာသော လူဦးရေ၊ လူနေတိုက်ခန်းများနှင့် အမှိုက်စွန့်ပစ်မှုပမာဏ များပြားလာပြီး စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ၊ မြစ်ထွက်ပေါက်များ ပိတ်ဆို့နေမှုများ၊ ချောင်းမြောင်းများ ပိတ်ဆို့နေမှုများ၊ ယခင်ရှိခဲ့သော ရေစစ်ကန်၊ ရေစုကန်များအား မြေဖို့ကာ အဆောက်အအုံများ ဆောက်လုပ်ခဲ့ခြင်းများကြောင့် မိုးသည်းထန်စွာ ရွာသွန်းသည့်အခါတိုင်း ရေကြီးရေလျှံမှုများ ကြုံတွေ့နေရသည်။

လျှပ်စစ်မီးလုံလောက်စွာ ရရှိပါက ရန်ကုန်တွင် မြေအောက်မြို့တော် တည်ဆောက်နိုင်မည်ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြီးခဲ့သည့် ဇွန်လက ပြောကြားမှုရှိခဲ့သည်။ သို့ရာတွင် မြို့တော်ဝန် ပြောကြားထားခဲ့သည့် မြေအောက်မြို့တော် အကောင်အထည်မဖော်နိုင်ခင်မှာပင် နှစ်စဉ် ရေကြီးရေလျှံမှုများကြောင့် ရေအောက်မြို့တော်ဖြစ်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက ဒီဇင်ဘာ ၄ ရက်က ပြုလုပ်ခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးသွားခဲ့သည်။

၎င်းအနေဖြင့် လွှတ်တော်သို့ တင်ပြဆွေးနွေးသွားခဲ့ရာတွင် မြေပုံအရ တရားဝင် သတ်မှတ်ထားသော ရေစုကန်များနှင့် မြေပုံတွင် မပါဝင်သော်လည်း ရေစစ်ကန်၊ ရေစုကန်အဖြစ် တည်ရှိနေသော ရေကန်များကို မြေဖို့၍ အဆောက်အအုံများ ဆောက်လုပ်ခြင်းကို လုံးဝခွင့်မပြုရန်နှင့် သဘာဝကန်၊ ရေစုကန်၊ ရေစစ်ကန်များအဖြစ် တည်ရှိခဲ့သော နေရာများကို ပြန်လည်ဖော်ထုတ်ပေးပါရန် အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်သည်။

"ရေကြီးရေလျှံမှုတွေ ဆက်လက်ဖြစ်ပွားနေမယ်ဆိုရင် မြို့တော်ဝန်ကြီး ပြောထားသလို မြေအောက်မြို့တော်ဆိုတာကို အကောင်အထည်ဖော်နိုင်မှာ မဟုတ်ပါဘူး၊ မြေအောက်မြို့တော်ကြီးဟာ ရေကြီးရေလျှံရင် ရေတွေဝင်ပြီး ရေအောက်မြို့တော်ကြီး ဖြစ်သွားမှာပါ"ဟု လွှတ်တော်တွင် ဆွေးနွေးသွားခဲ့ပြီး ယင်းအဆိုနှင့် ပတ်သက်၍လည်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြန်လည်ဖြေကြားမှုများရှိခဲ့သည်။

ရန်ကုန်မြို့ ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့် ဇွန် ၉ ရက်က ပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ တစ်နှစ်တာကာလ သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားထားခဲ့သလို အဆိုပါ ကမ္ဘာ့ဘဏ်ချေးငွေ ဒေါ်လာသန်း ၁၀၀ ကျော်ဖြင့် ခြောက်နှစ်စီမံကိန်း ဆောင်ရွက်သွားမည်ဟု ဩဂုတ် ၃၁ ရက်တွင် ကျင်းပခဲ့သည့် တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင်လည်း မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြန်လည်ဖြေကြားထားမှုများရှိသည်။

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "အကောင်အထည်ဖော်မယ့် လုပ်ငန်းစဉ် အပိုင်း(၁)မှာ ပါတာကတော့ အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံရန်ပုံငွေ ထူထောင်တဲ့နေရာမှာ ပါဝင်ဆောင်ရွက်ခြင်းဆိုပြီးတော့ အမေရိကန်ဒေါ်လာ သန်း ၂၀ နဲ့ ထောက်ပံ့ငွေ ၁ သန်း သတ်မှတ်ထားပါတယ်၊ လုပ်ငန်းအပိုင်း(၂)မှာ မြို့ပြ ရေကြီးရေလျှံအန္တရာယ်များ စီမံခန့်ခွဲခြင်း အမေရိကန်ဒေါ်လာ ၇၇ သန်းဖြစ်ပါတယ်၊ အကုန်လုံးအတွက် မဟုတ်ပါဘူး၊ အပိုင်းအလိုက် ခွဲထားပါတယ်၊ လုပ်ငန်းအပိုင်း(၃)မှာဆိုရင် အများပြည်သူ ဝန်ဆောင်မှု အဆောက်အအုံများ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် ဆောင်ရွက်ခြင်း အမေရိကန်ဒေါ်လာ ၂၂ သန်း၊ အသိပညာပေးခြင်းနဲ့ စီမံကိန်း စီမံခန့်ခွဲခြင်းအတွက် အမေရိကန်ဒေါ်လာ ငါးသန်းဖြစ်ပါတယ်၊ အဲဒါကြောင့် အပိုင်းအလိုက်ကြည့်မယ်ဆိုရင် ရတဲ့ချေးငွေက နည်းတောင် နည်းနေပါသေးတယ်၊ အကုန်ခြုံကြည့်မယ်ဆိုရင် ရေကြီးရေလျှံမှုအတွက် ၁၂၅ သန်းလို့ မြင်လို့ရှိရင်တော့ ရေကြီးရေလျှံမှုအပိုင်းအတွက်က ဒေါ်လာ ၇၇ သန်းပဲ ရမှာဖြစ်ပါတယ်"ဟု ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ယခု ဒီဇင်ဘာ ၄ ရက်က လွှတ်တော်ကိုယ်စားလှယ် တင်သွင်းခဲ့သောအဆိုကို ပြန်လည်ဖြေကြားခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီး၏ ချေးငွေသည် ပြည်ထောင်စုအစိုးရထံတွင် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်ပြီး ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်အတွက် ချေးငှားရသည့်ငွေသည် ပြည်ထောင်စုအစိုးရအနေဖြင့် ချေးငှားရသည်ဖြစ်သည့်အတွက် ကြွေးမြီပြဿနာသည် တစ်မျိုးသားလုံးအထိ ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်းနှင့် ယင်းကို အထူးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ ချေးငွေသည် ပြီးခဲ့သည့် အစိုးရလက်ထက်က ချေးငှားခဲ့ခြင်းဖြစ်ပြီး ယခုအစိုးရလက်ထက်တွင် အကောင်အထည်ဖော်နေခြင်းဖြစ်ကာ ရေစုကန်၊ ရေစစ်ကန်များကို စနစ်တကျ ထိန်းသိမ်းခဲ့ပါက ယခုကဲ့သို့ ချေးငှားဆောင်ရွက်ရမည့် အခြေအနေမဟုတ်ကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက ပြောသည်။

"ဥပဒေအထက်မှာ ဘယ်သူမှမရှိရဘူးဆိုတဲ့ No one Above The Law ဆိုထားပေမယ့် ဖြစ်တဲ့ပြဿနာက တစ်ချိန်တုန်းက Someone Above The Law ဖြစ်သွားတဲ့အတွက်ကြောင့် ဒီအဖြစ်အပျက်များကြောင့် ဖြစ်ရခြင်းဖြစ်ပါတယ်၊ ဒါကို သတိကြီးကြီးထားပြီးတော့ ကိုင်တွယ်ဆောင်ရွက်မှာဖြစ်ပါတယ်၊ လိမ္မာပါးနပ်စွာ ကိုင်တွယ်ဆောင်ရွက်ရမယ့် လုပ်ငန်းလည်းဖြစ်ပါတယ်၊ ဥပဒေဆိုတာ ခိုင်မာစွာ ရှိပြီးသားဖြစ်နေလို့ပါ၊ တစ်ခုသတိထားရမှာက Above The Law ကို မကိုင်ဘဲနဲ့ Under The Law က လူတွေချည်းပဲ ခံနေမယ့်အဖြစ်မျိုးဆိုလို့ရှိရင်တော့ အထူးဂရုစိုက်ဖို့လိုတယ်"ဟု မြို့တော်ဝန်က ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

ရေကြီးရေလျှံမှု ကာကွယ်ရေး၊ ရေကြီးရေလျှံမှု လျော့နည်းရေးအတွက် ခြောက်နှစ်စီမံကိန်းအဖြစ် ဆောင်ရွက်ရာတွင် စီမံကိန်းပြီးစီးပါက မြို့တွင်း ခြောက်မြို့နယ်အပြင် နယ်နိမိတ်ထိစပ်နေသည့် ဆိပ်ကမ်း၊ ဒဂုံ၊ အလုံ၊ ဗဟန်းနှင့် မင်္ဂလာတောင်ညွန့်စသည့် ဆက်စပ်မြို့နယ်တွေမှာလည်း သွယ်ဝိုက်အကျိုးခံစားဖို့ရှိကြောင်း ဩဂုတ် ၃၁ ရက်က ကျင်းပခဲ့သော လွှတ်တော်တွင် မြို့တော်ဝန်က ဖြေကြားထားခဲ့သည်။ ထို့စဉ်က ဆိပ်ကြီးခနောင်တိုမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက အဆိုပါချေးငွေ ဒေါ်လာ ၁၂၄ သန်းကို မည်ကဲ့သို့ အသုံးပြုသွားမည်ကို လွှတ်တော်တွင် မေးမြန်းခဲ့ခြင်းဖြစ်ပြီး ဆက်လက်စောင့်ကြည့်သွားမည်ဟု ၎င်းက ပြောကြားခဲ့သည်။ အလားတူ ယခုကျင်းပနေသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက လာမည့်နှစ်များတွင် ရန်ကုန်မြို့ကြီး ရေအောက်မြို့တော်ကြီး မဖြစ်စေရေးအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်ပြီး ယင်းအဆိုကို လွှတ်တော်တွင် မှတ်တမ်းတင် လေ့လာစောင့်ကြည့်အဆင့်အဖြစ် ထားရှိစေကာ အနာဂတ်ကာလတွင် မဖြစ်ပေါ်စေရေးအတွက် တစ်မျိုးသားလုံး ဝိုင်းဝန်းစောင့်ကြပ်ပြီး ဆောင်ရွက်သွားနိုင်ရန် လွှတ်တော်တွင် တင်သွင်းသွားခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့တော်ကြီး ရေအောက်မြို့တော် မဖြစ်စေရေး ခြောက်နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်နေလျက်ရှိသည်။

**ဆုနှင်းလဲ့**

# ပဲစင်းငုံ ရိုတ်သိမ်းချိန်နီးသဖြင့် ပြည်ပဈေးကွက်အပြောင်းအလဲကို တောင်သူများ မျှော်လင့်နေ

**မန္တလေး ဒီဇင်ဘာ ၇**

မြန်မာထွက်ကုန်ပဲစင်းငုံများ ရိတ်သိမ်းရာသီ ရောက်ရှိတော့မည်ဖြစ်သည့်အတွက် အောင်မြင်ဖြစ်ထွန်းနေသော ပဲစင်းငုံအခင်းကြီးနှင့်အတူ ပြည်ပဈေးကွက် အပြောင်းအလဲကိုလည်း တောင်သူများက မျှော်လင့်လျက်ရှိကြောင်း မန္တလေးပဲဈေးကွက်မှ သိရသည်။

ယခုအချိန်တွင် ပခုက္ကူ၊ မုံရွာ၊ ကျောက်ပန်းတောင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အသီးအပွင့်များဖြင့် ဝေဆာနေသော ပဲစင်းငုံအခင်းကြီးများကို မြင်တွေ့နေရပြီး လာမည့် ဇန်နဝါရီနောက်ဆုံးပတ်တွင် စတင်ရိတ်သိမ်းထွက်ရှိတော့မည်ဖြစ်ရာ တောင်သူများအားထားရာ တစ်ခုတည်းသောဈေးကွက်ဖြစ်သည့် အိန္ဒိယနိုင်ငံသို့ ပြန်လည်တင်ပို့ရောင်းချနိုင်ရန် မျှော်လင့်လျက်ရှိနေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"အိန္ဒိယအစိုးရက ပြည်ပကပဲဝယ်ယူမှုကို ၂၀၁၈ ခုနှစ် မတ်လအထိ တားမြစ်ထားတာဆိုတော့ ဒီကြားကာလမှာ ဖြစ်ပေါ်လာမယ့် အပြောင်းအလဲကို တောင်သူတွေ ရင်တထိတ်ထိတ်နဲ့ စောင့်မျှော်နေကြတယ်၊ လက်ရှိမှာ ပဲစင်းငုံကို အိန္ဒိယက အဝယ်ရပ်ထားလို့ အခြားသီးနှံပြောင်းပြီး စိုက်ပျိုးဖို့ဆိုတာ တောင်သူတွေအတွက် အခက်အခဲတွေ အများကြီးရှိတယ်"ဟု ၎င်းက သုံးသပ်ပြောကြားသည်။

တောင်သူများအနေဖြင့် တစ်နှစ်တွင် ဆောင်းရာသီတွင်သာ စိုက်ပျိုးထွက်ရှိသည့် ပဲစင်းငုံစိုက်ပျိုးသည့်မြေတွင် အခြားသီးနှံစိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းမှု နည်းပါးသည့်အပြင် မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မျိုးစရိတ်ကြီးမြင့်မှုတို့ကြောင့် လက်ရှိပဲစင်းငုံကိုသာ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီရာသီမှာ ပဲစင်းငုံနဲ့အပြိုင်ထွက်တာက ကုလားပဲပါ၊ ဒါပေမယ့် မျိုးစရိတ်ကျတော့ ပဲစင်းငုံက တစ်တင်းကို တစ်သောင်းပဲရှိပြီး ကုလားပဲကတော့ ငါးသောင်းအထိရှိနေတဲ့အပြင် ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာကလည်း ပဲစင်းငုံထက်ပိုပြီးတော့ သုံးရတယ်၊ ဒါကြောင့် တောင်သူတွေက အစားထိုးသီးနှံကို မစိုက်ပျိုးတာပါ"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

လက်ရှိတွင် မန္တလေးပဲဈေးကွက်၌



ပဲစင်းငုံဈေးနှုန်းအနေဖြင့် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်သုံးသောင်းနှုန်းအထိ ကျဆင်းလျက်ရှိနေသော်လည်း အိန္ဒိယမှ ဝယ်ယူခဲ့သည့် ယခင်နှစ်များတွင် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ အထိ အမြင့်ဆုံးဈေးရောက်ရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းဝင် ဦးအောင်ချစ်သန်း (၆၉)နှစ် စာတည်း(ငြိမ်း) မြန်မာ့သတင်းစဉ် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုသို့ အသင်းအမှုဆောင်များက ဒီဇင်ဘာ ၇ ရက်တွင် ကူညီထောက်ပံ့ငွေကျပ် တစ်သိန်း ပေးအပ်ကူညီစဉ်။ **ကြေးမုံ**

# အခြေခံအပ်ချုပ်စက်သင်တန်း ဖွင့်လှစ်

**ပေါင်းတည် ဒီဇင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးလက်နေ အမျိုးသမီးများအား ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ မိသားစုဝင်ငွေရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ဒေသဝင်ငွေဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်း အမှတ်စဉ်(၁/၂၀၁၇)ဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက်က ပျဉ်ပုံအုပ်စု ဂူကြီးလေးမျက်နှာဘုရားကြီး၏ ဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ရွှေဝါက သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ပျဉ်ပုံ၊ ညောင်းဖြူ၊ မကျီးပင်၊ ကြို့ပင်အုပ်စုတို့မှ သင်တန်းသူ ၃၅ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# စိုက်ပျိုးရေး အသိပညာပေး ဆွေးနွေး

**သန်လျင် ဒီဇင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့ ပူးပေါင်း၍ သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ယခုနှစ် သီးထပ်တိုးချဲ့ဧရိယာများတွင် နွေစပါး သီးထပ်စိုက်ပျိုးရေးနှင့် ဆောင်းသီးနှံမတ်ပဲအစားထိုး ပဲတီစိမ်းကို GAP စနစ်ဖြင့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၆ ရက်က ဆေးလုံးကြီး၊ ချောင်းစောက်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး တောင်သူများအား စတင်ထွန်ယက်စိုက်ပျိုးချိန်မှစ၍ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ ယူရီးယားနှင့် လက်ချား အသုံးပြုစိုက်ပျိုးမှုစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးစာစောင်များ ဖြန့်ဝေ၍ တောင်သူပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# ဒီကားကိုရိုက်ကူးတာ အမြတ်အစွန်းအတွက် ရိုက်ကူးတာမဟုတ်ဘဲ အမေ့အတွက်ရိုက်ကူးတာပါ

ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း(အသည်း)

**ရန်ကုန် ဒီဇင်ဘာ ၇**

အမေ၏ ကြီးမားသည့် မေတ္တာတရားများကို ဖော်ကျူးပြီး အမေကိုချစ်သည့် သားတစ်ယောက်အနေဖြင့် ခံစားရေးဖွဲ့ သီကုံးထားသော ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း(အသည်း)၏ (ဝတ္ထု) ဘဝဖြစ်ရပ်မှန်ဇာတ်လမ်းကို ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်၊ ဇာတ်ညွှန်း မိုးနီလွင်တို့က ပုံဖော်ရိုက်ကူးထားပြီး ထပ်ဆင့်အကယ်ဒမီများ ဖြစ်ကြသည့် နေတိုး၊ ဝတ်မှုန်ရွှေရည်၊ ရဲအောင်၊ မေသန်းနု၊ ထွန်းကိုကိုနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားသော "ထာဝရအမေ" ရုပ်ရှင်ဇာတ်ကားကြီးကို ဒီဇင်ဘာ ၈ ရက်တွင် အဆင့်မြင့်ရုပ်ရှင်ရုံကြီးများ၌ ရုံတင်ပြသသွားမည် ဖြစ်သည်။ အထူးပွဲပြသမှုအနေဖြင့် ဒီဇင်ဘာ ၆ ရက် နံနက် ၇ နာရီက သမ္မတရုပ်ရှင်ရုံတွင် ပြသခဲ့ရာ အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသော အနုပညာရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်-



ပါမောက္ခဒေါက်တာခင်မောင်ဝင်း (အသည်း)



ဒါရိုက်တာ အကယ်ဒမီ စင်ရော်မောင်မောင်



အကယ်ဒမီ နေတိုး



သရုပ်ဆောင် ထွန်းကိုကို



အကယ်ဒမီ မေသန်းနု



အကယ်ဒမီ ဝတ်မှုန်ရွှေရည်

### ပါမောက္ခဒေါက်တာ ခင်မောင်ဝင်း (အသည်း)

ဒီဇာတ်ကားနဲ့ ပတ်သက်ပြီး ရင်ထဲမှာ ဝမ်းနည်းဝမ်းသာဖြစ်မိပါတယ်။ ဝမ်းနည်းတာက ဘယ်တော့ ကြည့်ကြည့် မရိုးနိုင်တဲ့ ဇာတ်ကား ကြည့်လိုက်တိုင်း အမေ့ကိုသတိတွေရ မျက်ရည်တွေ စိမ့်လာတယ်။ ဒီခံစားချက်က တစ်သက်လုံး ပျောက်တော့မှာမဟုတ်ဘူး။ အမေ့ကို ဘာမှ လုပ်မပေးနိုင်ခဲ့ဘူး။ အမေဆုံးတဲ့ အချိန်မှာ ဘာမှမရှိဘူး။ ကိုယ်က မရှိလိုက်ဘူး။ အဲဒါတစ်သက်လုံး မေ့လို့မရမယ့် အချက်ပါ။ ဝမ်းသာတာကတော့ အမေ့အကြောင်းကို ဒီလိုရုပ်ရှင် ရိုက်ကူးပြီး မြန်မာတင်မက ကမ္ဘာသိအောင် ပြသခွင့်ရပြီ၊ ကျေးဇူးဆပ်ခွင့်ရပြီ၊ အမေများ ရောက်လေရာ ဘဝ ဘယ်ဘဝဖြစ်ဖြစ် သိမယ်မြင်မယ် ကြားမယ်ဆိုရင် ဘယ်လောက်များ ပီတိဖြစ်လိုက်မလဲ တွေးတွေးပြီး ကျွန်တော် ဝမ်းသာမိပါတယ်။ ဒီဇာတ်ကားကြီး ဖြစ်မြောက်အောင် ကျွန်တော့်ဝတ္ထုကို ရိုက်ကူးသရုပ်ဖော်ပေးတဲ့ ဒါရိုက်တာစင်ရော်မောင်မောင်နှင့် ပါဝင်ကြတဲ့သရုပ်ဆောင် အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒီကားကို ရိုက်ကူးတာ အမြတ်အစွန်း အတွက် ရိုက်ကူးတာ မဟုတ်ဘဲ အမေ့အတွက် ရိုက်ကူးတာပါ။ မြတ်စွန်းခဲ့သည်ရှိသော်လည်း သာသနာရေး၊ ဘာသာရေးအတွက် အလှူတွေလုပ်ဖို့ အကုန်စီစဉ်ပြီးသားပါ။

### အကယ်ဒမီဒါရိုက်တာ စင်ရော်မောင်မောင်

ဒီကားဟာ ၁၉၅၅၊ ၁၉၇၅၊ ၂၀၁၇ ခုနှစ်သုံးခု တည်နေရာ သုံးခု၊ မျိုးဆက်သုံးခုကို သုံးနှစ်အချိန် ယူပြီး ပြင်ဆင်ခဲ့တယ်။ ခြောက်လ အလိုမှာ အကြီးအကျယ် ဆက်တင်တွေ လုပ်တယ်။ အဝတ်အစား၊ ကား၊ ရှေးခေတ်ရထား၊ ဘူတာရုံတွေ မရှိတော့တဲ့ လေယာဉ်ကွင်း၊ မန္တလေးဆေးတက္ကသိုလ်တွေ အားလုံးလုပ်တယ်။ အသံပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ကာလာတွေကအစ နိုင်ငံတကာ အဆင့်မီအောင်ရိုက်တယ်။ နိုင်ငံတကာမှာပြဖို့ အစီအစဉ်တွေလည်း ရှိပါတယ်။ ဒီကားကို ရိုက်ဖို့တာဝန်ပေးတဲ့ အချိန်မှာ ကျွန်တော့်ရဲ့ အသိပညာ၊ အတတ်ပညာ၊ အနုပညာ နှလုံးသားထဲမှာ ဆရာကြီးရဲ့ဝိညာဉ်ကိုထည့်ပြီး ရိုက်ခဲ့တာပါ။ ဒီကားကို ကြည့်ပြီး ဒီလို အမေမျိုးတွေ ဒီလိုသားတွေ ကမ္ဘာကြီးမှာ အများကြီးပေါ်ထွန်းလာဖို့ လိုပါတယ်။ တကယ်လည်း ဒါမျိုးတွေဟာ ထွက်ပေါ်နေဆဲပါ၊ ဒီကားကိုကြည့်ပြီး မိမိကိုယ်တိုင်သည် အမေဆီသွားချင်မယ်၊ ဂရုစိုက်ချင်မယ်၊ ပြုစုချင်မယ် အမေမရှိလည်း ရှိတဲ့ဘဝတွေမှာ အမေ့ကိုတမ်းတနေမယ်၊ ဒီစိတ်တွေ ပေါ်လာရင် ကျွန်တော်ရိုက်ရကျိုးနပ်ပါပြီ။ ဆရာကြီးကိုလည်း ကတိပေးခဲ့ပါတယ်။ ဒီကားက ငွေရေးကြေးရေး အရတော့ မသိဘူး၊ အနုပညာအရ အမေရဲ့ ချစ်ခြင်းမေတ္တာတရားကို ပေါ်လွင်အောင်ရိုက်ဖို့ ဒီကားကြီးဟာ ကမ္ဘာတည်သရွေ့ ကျွန်တော်တို့ မရှိလည်း ရှိနေဖို့ ကတိပေးပြီး ရိုက်ခဲ့တာပါ။

### အကယ်ဒမီ နေတိုး

ဆရာကြီး ဒေါက်တာခင်မောင်ဝင်းရဲ့ နေရာမှာ သရုပ်ဆောင်ရတဲ့အတွက် ဆရာကြီးနဲ့ ပတ်သက်တဲ့ အသုံးအဆောင်၊ အဝတ်အစားကအစ ပြောဟန်ဆိုဟန်တွေ အားလုံးကို လေ့လာရပါတယ်။ သရုပ်ဆောင်တစ်ယောက်အနေနဲ့ ဒီလိုဖြစ်ရပ်မှန်တွေကို ပြန်ရိုက်တဲ့အခါ အနီးစပ်ဆုံး ကြိုးစားသရုပ်ဆောင်ရပါတယ်။ ဒီဇာတ်ကားကို ရိုက်ကူးစဉ် ခံစားမှုကလည်း အမေ့မေတ္တာကို တကယ်သိရှိနားလည်ပြီးတော့ ဆရာကြီးရဲ့ နေရာကနေ အတတ်နိုင်ဆုံး အပီပြင်ဆုံး မိခင်မေတ္တာကို ဖော်ကျူးခွင့်ရခဲ့ပါတယ်။ ဒါကြောင့်လည်း အမေကို ချစ်တဲ့သား တစ်ယောက်အနေနဲ့ ဒီကားကို ရိုက်ကူးရခြင်းက အလွန်ကျေနပ်ပီတိဖြစ်ရပါတယ်။ ဒီနေ့ ကြည့်တဲ့ အချိန်မှာလည်း အားရကျေနပ်ဖြစ်ပြီးတော့ ဆရာကြီးရဲ့ဆန္ဒ လူသားတိုင်း လူသားတိုင်းအတွက် မိခင်ရဲ့မေတ္တာ ဘယ်လောက်ကြီးမားတယ်ဆိုတာ ဖော်ကျူးခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ ဒီဇာတ်ကားကိုလည်း လာရောက်အားပေးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

### သရုပ်ဆောင်ထွန်းကိုကို

ထာဝရအမေ ရုပ်ရှင်ဇာတ်ကားကြီးမှာ တစ်ခန်းတစ်ကဏ္ဍကနေ ပါဝင်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဧည့်သည်သရုပ်ဆောင် တစ်ယောက်အနေနဲ့ ကိုယ်ပါတဲ့ အခန်းက နည်းတယ်ဆိုပေမယ့် မိဘမေတ္တာကို ဖော်ကျူးတဲ့ ကားတစ်ကားဖြစ်တဲ့အတွက် ကျေနပ်ဂုဏ်ယူမိပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း အမေချစ်တဲ့ သားတစ်ယောက်ပါ။ အမေကလည်း ချစ်သလို ကိုယ်ကလည်း အမေ့ကို ချစ်တယ်။ ဒီကားကို ပြန်ကြည့်တဲ့ အခါမှာလည်း ဝမ်းနည်းသလို ခံစားရတယ်။ ဒါရိုက်တာရဲ့ စွမ်းဆောင်မှု၊ ဆရာကြီးရဲ့ခံစားမှုတွေဟာ ပရိသတ်ရဲ့ရင်ထဲကို ထိစေမယ့် ကားတစ်ကားပါ။ ကျွန်တော့်အနေနဲ့လည်း ရုပ်ရှင်ကားတွေ ဆက်တိုက် ရိုက်နေပါတယ်။

### အကယ်ဒမီ မေသန်းနု

ဒီဇာတ်ကားမှာ ဆရာကြီး ဒေါက်တာခင်မောင်ဝင်းရဲ့ အမေနေရာက သရုပ်ဆောင်ရတာဆိုတော့ တာဝန်ယူမှုအပိုင်းက အလွန်ကို တာဝန်ကြီးပါတယ်။ အမေဆိုတာ သားသမီးအားလုံးကို ချစ်ပါတယ်။ တချို့ အမေတွေကျတော့ သားသမီးတွေ ဘယ်လောက်များများ မျှော်လင့်ချက်ရှိတဲ့ သားသမီးကို ပိုပြီးတော့ သံယောဇဉ်ရှိမှာပေါ့။ အမေဖြစ်စေချင်တာကို နားလည်ကြတဲ့ သားတွေကလည်း အမေ့ကိုပိုပြီး သံယောဇဉ်တွယ်တာပေါ့။ ဒီအမေနဲ့ ဒီသားမှာ အမေကလည်း ဂိုက်လိုင်းပေးတာ အရမ်းကောင်းတယ်။ အမေက မျှော်မှန်းချက်အရမ်းကြီးတဲ့ အခါကျတော့ ခံယူတဲ့သားသမီးတွေကလည်း အရမ်းတာဝန်ကြီးတယ်။ တချို့သားသမီးတွေက မခံယူဘူး။ တချို့သားသမီးတွေက ခံယူကြတယ်။ ဒီမိသားစုမှာ အမေနဲ့သားတွေက လိုက်ဖက်ညီတယ်။ အမေက စည်းကမ်းကြီးတယ်။ ရည်ရွယ်ချက်ကြီးတယ်။ သားသမီးတွေကလည်း လိုက်နာတဲ့ အခါကျတော့ အောင်မြင်တဲ့ မိသားစုဖြစ်တာပေါ့။ ဒါကြောင့် ဆရာ့ရဲ့ မိသားစုက စံပြမိသားစုလို့ ပြောလို့ရပါတယ်။ ဒီကားဟာ မိဘဖြစ်လာမယ့်သူတိုင်း အတုယူစရာကောင်းတဲ့ ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။ လာရောက်ကြည့်ရှုအားပေးသင့်တယ်လို့ ဖိတ်ခေါ်ချင်ပါတယ်။

### အကယ်ဒမီ ဝတ်မှုန်ရွှေရည်

ဒီဇာတ်ကားမှာ ဆရာကြီးဒေါက်တာခင်မောင်ဝင်းရဲ့ ချစ်သူ ဇနီးနေရာက ပါဝင် သရုပ်ဆောင်ထားတာပါ။ ဒီကားကြီးနဲ့ ပတ်သက်ပြီးတော့ အဝတ်အစားဒီဇိုင်းကအစ ပြင်ဆင်မှုတွေလည်း အများကြီးရှိပါတယ်။ အမေကိုချစ်တဲ့ သမီးတစ်ယောက်အနေနဲ့ အမေဇာတ်ကားမှာ ပါဝင်ခွင့်ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ ဒီဇာတ်ကားကို ပြန်ကြည့်လိုက်တဲ့ အချိန်မှာ အမေ့ကိုပိုပြီးတော့လည်း တန်ဖိုးထားတတ်လာတယ်။ အမေ့မေတ္တာဘယ်လောက် ကြီးမားသလဲ ဆိုတာကို ဖော်ကျူးပြီးရေးသားခဲ့တဲ့ ဆရာကြီးနဲ့ ရိုက်ကူးပေးတဲ့ ဦးမောင်ကိုလည်း ကျေးဇူးတင်ပါတယ်။ မိခင်မေတ္တာကို ဖော်ကျူးထားတဲ့ ဇာတ်ကားဆိုတော့ ထူးခြားမှုတွေ အများကြီး ပါဝင်တဲ့အတွက် ပရိသတ်တွေကို လာရောက်ကြည့်ရှုစေချင်ပါတယ်။

**တွေ့ဆုံမေးမြန်း**
**အေးမင်းသူ**
**ဓာတ်ပုံ-ဇာနည်မောင်**



ဝ

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၄ ရက်က လန်ဒန်မှာရှိတဲ့ ရွိုင်ယယ် အဲလ်ဘာ့ထ်ခန်းမမှာ ပြုလုပ်ခဲ့တဲ့ ဗြိတိန်ဖက်ရှင် ဆုပေးပွဲကို တက်ရောက် လာခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ် ကော်ဇော နီပေါ် လျှောက်လှမ်းစဉ်။ (ယင်း ဆုပေးပွဲကြီးကို တက်ရောက်ခဲ့ ကြသော ကြယ်ပွင့်များ၏ ဝတ်စုံများ အနက် ဆယ်လီနာဂိုမက်ဇ် ဝတ်ဆင်ခဲ့သော ဝတ်စုံသည် လည်း အကောင်းဆုံး ဝတ်စုံ စာရင်းတွင် ထည့်သွင်း ဖော်ပြခြင်း ခံခဲ့ရသည်။)

ဝ

## တေးမင်ရဲ့ တေးဗီဒီယိုသစ် စမ်းသပ်ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "SHINee"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ တေးမင်ဟာ တစ်ကိုယ်တော် တေးသီချင်းတစ်ပုဒ်ကို ဖန်တီးနေပြီး လတ်တလောမှာတော့ ယင်း တေးသီချင်းရဲ့ တေးဗီဒီယိုကို စမ်းသပ်ထုတ်လွှင့်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



တေးမင်ဟာ သူ့ရဲ့ ဒုတိယမြောက် တစ်ကိုယ်တော် တေးအယ်လ်ဘမ် "MOVE"မှာ ပါဝင်တဲ့တေးသီချင်းကို ပြန်လည်စုစည်းပြီး တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Day and Night"ကို ထည့်သွင်းကာ တေးအယ်လ်ဘမ်သစ်အဖြစ် ပြန်လည်ထုတ်လွှင့်ပေးနိုင်ဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်ကိုတော့ "MOVE-ing"လို့ အမည်ပေးထားပြီး တေးအယ်လ်ဘမ်သစ်မှာတော့ "Day and Night"တေးသီချင်းကို ခေါင်းစီးတေးအဖြစ် ထည့်သွင်းဖန်တီးထားတာ ဖြစ်ပါတယ်။ အဆိုပါ ခေါင်းစီးတေးသစ်ကိုတော့ လတ်တလောမှာ တေးမင်က စမ်းသပ်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒ့ါအပြင် "MOVE-ing"တေးအယ်လ်ဘမ်မှာ တေးသီချင်းသစ်လေးပုဒ်ထည့်သွင်းထားပြီး မူလတေးအယ်လ်ဘမ်ဟောင်းမှာ တေးသီချင်း ကိုးပုဒ်ပါဝင်နေတာကြောင့် တေးအယ်လ်ဘမ်သစ်မှာတော့ တေးသီချင်း စုစုပေါင်း ၁၃ ပုဒ်ပါဝင်မှာဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်တစ်ခုလုံးကို လာမယ့်ဒီဇင်ဘာ ၁၀ ရက်မှာ အွန်လိုင်းမီဒီယာတွေကနေ တစ်ဆင့် ထုတ်လွှင့်သွားမှာဖြစ်ပြီး ဒီဇင်ဘာ ၁၁ ရက်မှာတော့ တေးအယ်လ်ဘမ်တွေကို စတင်ဖြန့်ချိသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# စီမံအုပ်ချုပ်မှုစနစ်နှင့် ပြည်သူ့အခြေပြု တာဝန်ခံယူမှုဆိုင်ရာ သင်တန်းဆွေးနွေးပွဲကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၇**
နိုင်ငံတော်အတွင်း ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ်ဖြစ်ထွန်းရေးနှင့် ပြည်သူအခြေပြုတာဝန်ခံယူမှုများဖြစ်ပေါ်စေရေးအတွက် Oxfam မှတာဝန်ယူ၍ ဆွေးနွေးပွဲများကို ဦးဆောင်ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ပြည်နယ်လွှတ်တော်အဆောက်အအုံရှိ အစည်းအဝေးခန်းမငယ်၌ စီမံအုပ်ချုပ်မှုစနစ်နှင့် ပြည်သူ့ အခြေပြုတာဝန်ခံယူမှုဆိုင်ရာသင်တန်းဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ Oxfam မှ ကချင်ပြည်နယ် တာဝန်ခံ ဒေါ်ဝါဝါရှိန်က Oxfam၏စီမံချက်လုပ်ငန်းများအား မိတ်ဆက်ရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ)ခန်လင်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားကာ Oxfam မှစီမံကိန်းမန်နေဂျာ ဦးသီဟကိုကိုက "ပြည်သူ့အခြေပြု တာဝန်ခံယူမှုနှင့် ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုသဘောတရားတွေကို သိရှိစေရန်၊ ပြည်သူ့အခြေပြုတာဝန်ခံယူမှု လုပ်ဆောင်ချက်များမှာ ပူးပေါင်းပါဝင်လုပ်ဆောင်လာစေရန်၊ ဒေသအစိုးရရဲ့တာဝန်ခံယူမှုကို စဉ်းစားတဲ့အခါမှာ ဒေသရဲ့အခြေအနေ စိန်ခေါ်မှုများနဲ့ သင့်လျော်တဲ့ Federal သဘောတရားတွေကို ဆွေးနွေးနိုင်ရေးရည်ရွယ်ကျင်းပရခြင်းဖြစ်ပါတယ်"ဟု သင်တန်းဆွေးနွေးပွဲနှင့်ပတ်သက်၍ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အလားတူဆွေးနွေးပွဲများကို Oxfam,Spectrun IDN နှင့် Scholar Institute တို့ပူးပေါင်း၍ ကချင်ပြည်နယ် အပါအဝင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ကျင်းပခဲ့ပြီး ယခုဆွေးနွေးပွဲတွင် Oxfam မှ တာဝန်ရှိသူများ၊အသိပညာရှင်အတတ်ပညာရှင်များဖြစ်သည့် ဆရာဦးကျော်ဝင်း၊ ဆရာဦးနေဇင်လတ်တို့က ပွင့်လင်းမြင်သာမှု၊တာဝန်ခံယူမှုနှင့် ပူးပေါင်းပါဝင်မှု၊ စီမံအုပ်ချုပ်မှုစနစ်၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ်၊ ဒေသန္တရစီမံအုပ်ချုပ်ခြင်းနှင့် ဖက်ဒရယ်မူဝါဒ၊ ကောင်းမွန်သော ဒေသန္တရစီမံအုပ်ချုပ်မှု၊ ဒီမိုကရေစီဖော်ဆောင်ရေးဆိုင်ရာများ၊ ပြည်သူ့အခြေပြုတာဝန်ခံယူမှုနှင့် နည်းနိသယများအား အသုံးချနိုင်မည့်နည်းလမ်းများ စသည့်ခေါင်းစဉ်များဖြင့် ဒီဇင်ဘာ ၈ ရက် အထိ နှစ်ရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကာ ဆွေးနွေးပွဲသို့ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးလအောင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်မှ ဝန်ထမ်းအင်အား ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

# ကျောင်းသားကျောင်းသူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ဖြစ်ပေါ်စေရေး စာဖတ်ဝိုင်းပြုလုပ်

**ပြည်ကြီးတံခွန် ဒီဇင်ဘာ ၇**
ကျောင်းသားကျောင်းသူများစာပေဖတ်ရှုသည့် အလေ့အကျင့်ဖြစ်ပေါ်စေရန်နှင့် အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းပြုလုပ်ကာ ပြန်လည်ရေးသားခြင်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။



ထိုသို့ဆောင်ရွက်ရာတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းနှင့် ဝန်ထမ်းများ၊ အလက-၂၅ ကျောင်းမှ ဆရာဦးဝင်းကိုတို့က ဦးဆောင်၍ ကျောင်းသား ကျောင်းသူကလေးများ စာပေဖတ်ရှုသည့် အလေ့အကျင့် ဖြစ်စေရေးနှင့်အသိပညာဗဟုသုတ ရရှိစေရန် စာဖတ်ဝိုင်းများပြုလုပ်၍ ပြန်လည်ရေးသားခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြသည်။

"ကျောင်းသား ကျောင်းသူများစာပေဖတ်ရှုသည့်အလေ့အကျင့်ဖြစ်ပေါ်လာစေရန်နှင့် စာပေဖတ်ရှုမှု ရင့်သန်လာစေရန်၊ မိမိတို့ ဖတ်ရှုသော စာများကို စာစီစာကုံး၊ ကျပန်း၊ ပုံပြော၊ စာစွမ်းရည်ပြိုင်ပွဲများတွင် ထည့်သွင်းဆွေးနွေး ပြောကြားနိုင်ရေးအတွက် ပြန်လည်ရေးသားခြင်း အစီအစဉ်ပါ ထည့်သွင်း ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ အပတ်စဉ် ပြုလုပ်ပေးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် လွတ်လပ်ရေးနေ့အကြို ပုံပြောပြိုင်ပွဲများ၊ စာစွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ပရိတ်ကြီး ၁၁ သုတ်နှင့် မင်္ဂလသုတ်သင်ကြား

**စစ်တွေ ဒီဇင်ဘာ ၇**
ရခိုင်ပြည်နယ် စစ်တွေမြို့ အကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင်၏ စီစဉ်ဆောင်ရွက်မှုဖြင့် အကျဉ်းသား ၁၂၀ တို့အား ပရိတ်ကြီး ၁၁ သုတ်၊ မင်္ဂလသုတ်တို့ကို ဌာန်ကရိုဏ်းကျရွတ်ဖတ်ပူဇော်နိုင်ရန် သင်တန်းအမှတ်စဉ်(၂/၂၀၁၇) ကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းကဖွင့်လှစ်သင်ကြားခဲ့ပြီး ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြတ်သူရိန်**

# မြဝတီမြို့ရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များအား အထူးကုန်စည်ခွန်ဥပဒေအကြောင်း အသိပညာပေးရှင်းလင်း

**မြဝတီ ဒီဇင်ဘာ ၇**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်းရှိအရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးအပါအဝင် ကုန်စုံ ရောင်းချလျက်ရှိသည့် ကုန်စုံဆိုင် လုပ်ငန်းရှင်များအား အထူးကုန်စည်ခွန်ဥပဒေအား အသိပညာပေး ရှင်းလင်းခြင်း အခမ်းအနားကို မြို့နယ်စုပေါင်းရုံးရှိ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးတွင် ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်အောင်က အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးတို့အား တရားမဝင်ဝယ်ယူရောင်းချခြင်း မပြုလုပ်ရန်နှင့် အထူးကုန်စည်ခွန်ဥပဒေအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တွဲဖက်မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးလွင်က အထူးကုန်စည်ခွန်ဥပဒေပါ ပြစ်မှုနှင့်ပြစ်ဒဏ်များအား ရှင်းလင်း ပြောကြားသည်။

ဆက်လက်ပြီး တက်ရောက်လာသည့် ကုန်စုံဆိုင်ပိုင်ရှင်များက သိရှိလိုသည်များအား မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် တွဲဖက်မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က ပြန်လည်ရှင်းလင်း ပြောကြားခဲ့ပြီး အခမ်းအနားသို့ မြဝတီမြို့နယ် အတွင်းရှိ အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးအပါအဝင် ကုန်စုံရောင်းချလျက်ရှိသည့် ကုန်စုံဆိုင်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# လက်တွေ့ မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ ဘုတလင်မြို့ မြို့မဈေးတွင် သရုပ်ပြလေ့ကျင့်

**ဘုတလင် ဒီဇင်ဘာ ၇**
မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဘုတလင်မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ လက်တွေ့ မီးငြိမ်းသတ်ခြင်း လုပ်ငန်းများကို ဒီဇင်ဘာ ၆ ရက်က ဘုတလင်မြို့ မြို့မဈေး၌ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဇော်ဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ကားများ အလျင်အမြန် ဝင်ရောက်နိုင်ရေး လမ်းကြောင်းများ ရှင်းလင်းခြင်း၊ အပေါ့စား မီးသတ်စက်များဖြင့် မီးငြိမ်းသတ်ခြင်း၊ သာမန်မီးလောင်ခြင်း၊ လောင်စာဆီအမျိုးမျိုးကြောင့် လောင်ကျွမ်းခြင်း၊ ဂက်စ်ကြောင့် လောင်ကျွမ်းခြင်းနှင့် လျှပ်စစ်ဝါယာရှော့ကြောင့် လောင်ကျွမ်းခြင်းများကို မီးသတ်ဆေးဘူးများ အသုံးပြုပြီး အချိန်တိုအတွင်း မီးငြိမ်းသတ်နိုင်မှုကို လက်တွေ့သရုပ်ပြသခဲ့ကြပြီး မြို့နယ်စည်ပင် သာယာရေးဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့်အတူ လက်တွေ့စုပေါင်းလေ့ကျင့်ခဲ့ကြသည်။



"မြို့မဈေးမှာ ရေဂါလန် ၃၂၀ ဆံ့ ရေကန်ပါ ရေစင်နဲ့ ရေကန် နှစ်ကန် ရှိပါတယ်၊ မီးသတ်ဆေးဘူးတွေလည်း အသင့်ထားရှိပြီး ဈေးဆိုင်ခန်းများမှာရှိတဲ့ လျှပ်စစ်ဝါယာကြိုးများ သွယ်တန်းထားမှုကိုလည်း မြို့နယ်လျှပ်စစ်က တာဝန်ရှိသူများနဲ့ စစ်ဆေးထားပါတယ်၊ ဒါ့အပြင် မီးလောင်မှုဖြစ်ခဲ့လို့ လျှပ်စစ်ပြတ်တောက်မှု ဖြစ်ခဲ့ရင်လည်း ရေရယူနိုင်အောင် မီးစက်လည်း ထားရှိထားပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမြင့်က ပြောသည်။

အဆိုပါ လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်၊ အမှုဆောင်အရာရှိ ဦးလှမြင့်၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးခါး**

# အုန်းသီးမှ လက်မှုနည်းပညာဖြင့် တန်ဖိုးမြင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့်ပညာရပ်များ သင်ကြားပေး

**ရေဦး ဒီဇင်ဘာ ၇**
စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ရေဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း၍ အုန်းသီးမှတန်ဖိုးမြင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသည့်သင်တန်းကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီဦးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင် တက်ရောက်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

ယင်းနောက်သင်တန်းနည်းပြများဖြစ်သည့် တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးမှူး ဦးသိန်းဇော်၊ ဒေါ်ဇင်ဇင်မော်တို့က အုန်းသီးမှ လက်မှုနည်းပညာဖြင့် အဆင့်မြင့်လူသုံးကုန်ပစ္စည်းအမျိုးမျိုးပြုလုပ်ပုံ၊ အုန်းသီးအဆံကို ကြေးဒယ်အိုးဖြင့် စားစရာပြုလုပ်နည်းတို့ကို လက်တွေ့ ပြသသင်ကြားပေးသည်။



ထို့နောက် သင်တန်းသား ၂၀တို့မှ လက်တွေ့ လေ့ကျင့်မှုများ ပြုလုပ်မှတ်သားသင်ယူခဲ့ကြပြီး သင်တန်းကာလမှာ ရက်တိုသင်တန်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

**FORWARD (YGN) Travel & Tour Co., Ltd** 09-977890964, 01-8569783

- ဟလောင်းဗေး-ဟနွိုင်း ....Dec 15, 22, 29 | Jan 4
- မွေနဲ၊ ဒါလတ်ပန်းမြို့တော် ....Dec 15, 22, 29 | Jan 4
- ဝက်ဘူ ခရီးစဉ် ....Dec 15, 22, 29 | Jan 4
- ဘန်ကောက်-ပတ္တရား ....Dec 15, 22, 29 | Jan 4
- ရှုတိုင်း/ဂျပန် ခရီးစဉ် ....Dec 22 | Jan 4

January ခရီးစဉ်များ ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် Discount အထိအခွင့်အရေးကို ရယူလိုက်ပါ။
Build (C/248), Room (A/1), Laydauntkan Road, Thingangyun Township, Yangon.

**POPULAR STAR** ပြည်တွင်းပြည်ပခရီးစဉ်

ဘားအံ-မြဝတီ-မဲဆောက် (DEC 22)
(၁၀ဦး၊ ၁ဦး အခမဲ့ /၅ဦး၊ ဒေါ်ငေကာင် ၁ဦး ၅၀% လျှော့)(၃ည/၄ရက်)-၁.၂သိန်း

ဖိုးကပ်နှမ်ခရီးစဉ် (DEC 31)
(ဟိုချီမင်း-မွေ့နဲ-ဒါလတ်) (၄ည/၅ရက်)-၄၇၀ဒေါ်လာ

အမှတ်(၇၄)နံ့သာလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ Ph: 01 2301866, 09-5129134, 09795429379

**သုခမိန်စာပေ** 01-253079 / 09 51 55654 / 09 76 51 55654
23,DEC ခရီးစဉ် ထန်းသာရီတိုင်းဒေသကြီး ၈,သုံး ၃ရီး

**ကိုကျော်နိုင် CAR RENTAL**
ALPHARD, HIACE
09 25 358 2510
09 515 8803

မိဘနှင့် ကျောင်းသူ/ကျောင်းသားများ အကြိုက်တွေ့လျက်ရှိသော
**MCC/Siam University BBA Program**




- ပထမနှစ်နှင့် ဒုတိယနှစ် MCC Training Institute
- တတိယနှစ်နှင့် စတုတ္ထနှစ် SIAM University, Bangkok
- ကျောင်းသားရေး၊ မိဘများပါ သွားလိုက်လာလိုက်လုပ်နိုင်သော Bangkok
- နိုင်ငံတကာအဆင့်ရှိပြီး နိုင်ငံတကာအတွေ့အကြုံများရရှိကာ နိုင်ငံတကာကုမ္ပဏီများတွင် အလုပ်ဝင်နိုင်မည့် Bangkok
- ကုန်ကျစရိတ်သက်သာပြီး ဘာသာရေး၊ ယဉ်ကျေးမှု၊ အစားအသောက်များပါတူညီပြီး လုံခြုံစိတ်ချရသော လူနေမှုပတ်ဝန်းကျင်

SIAM University မှ Bangkok မြို့လယ်ရှိ SIAM Square Shopping နေရာအရောက်သို့ Sky Train ဖြင့် (၁၅) မိနစ်

MCC.i (Yangon Campus)
Ph : 01-395512, 01-245762
MCC.i (Mandalay Campus)
Ph : 09-441034062, 09-788411256
09-402671562

Opening Date 27 Nov

**Call - 01-395512, 245762**

**ရောင်းရန်ရှိသည်**

| | | |
|---|---|---|
| အင်းယားမြိုင်လမ်းမ မြေ 50 x 75 ထောင့်ကွက်အိုးအွားနိုင် အရှေ့ဘက်လှည့် ကမ္ဘာ့ဇလမ်းအနီး | တောင်ဥက္ကလာ မင်းဓလင်လမ်းမ ထောင့်ကွက် အရှေ့ဘက်လှည့် ဂရစ်မြေ | River View Condo 1954 sq ft အရှေ့ဘက်လှည့် အခန်းတိုင်း ရွှေတိဂုံဘုရားမြင်ရ |
| သိန်း ၁၇၀၀၀ | သိန်း ၄၉၀၀ | သိန်း ၂၉၅၀ |

Contact No: 09-400363644, 09-400363655, 09-421157036

**NEW MOTION** TRAVELS & TOURS
ESCAPE FROM EVERYDAY LIFE

| | | | | | |
|---|---|---|---|---|---|
| ဥရောပ | Apr (10 - 17) | ရှုတိုင်း | Dec (22 - 26) | ဗုဒ္ဓဂယာ | Dec (19 - 26) |
| စင်္ကာပူ-မလေးရှား | Apr (11 - 19) | ထိုင်ဝမ် | Dec (22 - 27) | | Feb (06 - 13) |
| ဂနီ | Apr (13 - 21) | ဟောင်ကောင် | Dec (29 - 03) | ဝက်ဘူ | Dec (29 - 02) |
| ကော်နီ | Apr (09 - 21) | ဒီယက်နမ် | Dec (14 - 18) | | Apr (12 - 16) |
| ရုရှား | Apr (12 - 18) | | Dec (15 - 19) | ဘန်ကောက် | Dec (22 - 26) |
| ဂျပန် | Dec (21 - 26) | | Dec (22 - 26) | | Dec (29 - 02) |
| | | | Dec (29 - 02) | | |

April ခရီးစဉ်များအတွက်လည်း ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ
Yangon Office : 09-73148944-55-66, 09-260792885-6-7 Mandalay Office : 09-91021122, 09-43147870, 09-5034185

ကလေးငယ်များအတွက်
ခက်ခဲမှုနည်းပါးပြီးလွယ်ကူရိုးရှင်းသောနည်းပညာဖြင့် ခွဲစိတ်ကုသမှု
Minimally Invasive Surgery for Children



Totally Truly Care
45 DMS
01-378583 SAMITIVEJ

**STANDARD** your affordable quality
**Vinyl Floor**
* ၁၀၀% ရေစိုခံ * မြဲမြံ
WATER PROOF



Special Offers
Skirting အခြီးအစီး လက်ဆောင်
Showroom : အမှတ် B1-012, ...
Hotline: 09 4555 444 30, 09 4555 444 03

Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ကျွမ်းကျင်နှင့် အလုပ်သင်ဝန်ထမ်းများ အလိုရှိသည်။
09-5191361

**မြင့်မိုရ် CAR RENTAL**
ALPHARD, HIACE
09-5191361, 09-765191361

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| ၁။ တာဝန်ခံအယ်ဒီတာ (စာပေပညာနှင့်ပတ်သက်သူဖြစ်ရမည်) | - ၂ဦး |
| ၂။ စာပြင် အယ်ဒီတာ | - ၂ဦး |
| ၃။ ကွန်ပျူတာစာစီစာရိုက်(ကျွမ်းကျင်) | - ၂ဦး |
| ၄။ သတင်းထောက် | - ၂ဦး |
| ၅။ အနုပညာသတင်းထောက် | - ၂ဦး |
| ၆။ Designer | - ၂ဦး |

ဆက်သွယ်ရန်
Email - lifecare1967@gmail.com

**ကန့်ကွက်နိုင်ကြောင်း**

Room Owner Record Book ...
(၁)... Myawaddy Bank Luxury Complex ... (B) ... B-၁၀၀၁ ...
(၂)... Myawaddy Bank Luxury Complex ... (B) ... B-၁၀၀၂ ...

ဒေါ်မွှေသိန်း (LL.B, D.B.L)

သစ် ပင် စိုက် ပါ ဒို့ က မ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ




ကျပ်သိန်း (၅၀၀) တန်ဖိုးရှိ OKs ငွေသားကံစမ်းမဲဆုများ ပါရှိသည်။

ONE TEA နို့ဆီ

09 5178737

CGMFandB

ကံစမ်းမဲ နံပါတ် ရိုက်ထည့်ရန်

လိုင်းမင်းလတ်
စာရင်းကိုင်သင်တန်း တန်းခွဲသစ် ဖွင့်မည်။
LCCI & Dip: IFR

| Level I+II | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 7-9 (am) | 16.Dec |
| Sec(B) | Sat+Sun | 9-11 (am) | 23.Dec |
| Sec(C) | Sat | 11-3 (pm) | 30.Dec |
| Sec(D) | Sun | 11-3 (pm) | 31.Dec |
| Sec(E) | Mon+Tue | 6-8 (pm) | 1. Jan |
| Sec(F) | Fri | 12-4 (pm) | 5.Jan |
| Sec(G) | Mon to Fri | 12-3 (pm) | 8. Jan |

| Level III | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 3-8 (pm) | 16.Dec |
| Sec(B) | Wed to Sun | 6-8 (pm) | 23.Dec |
| Sec(C) | Mon to Fri | 8-12 (am) | 1.Jan |

တန်းခွဲသစ်ဖွင့်မည်
နံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ။
Ph: 09 510 9922




| ငွေဖြည့်ပမာဏ(ကျပ်) | ငွေဖြည့်ကတ်ဖြင့် အပိုဆု(ကျပ်) | E-Topup ဖြင့်အပိုဆု(ကျပ်) |
|---|---|---|
| ၅၀၀ | — | ၅၀ |
| ၁,၀၀၀ | ၁၀၀ | ၁၅၀ |
| ၃,၀၀၀ | ၄၅၀ | ၅၅၀ |
| ၅,၀၀၀ | ၁,၀၀၀ | ၁,၅၅၀ |
| ၁၀,၀၀၀ | ၂,၅၀၀ | ၄,၀၀၀ |

- MPT ၏ Prepaid စနစ်အသုံးပြုသော GSM / WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး သောကြာနေ့တိုင်းတွင် ဖုန်းငွေဖြည့်ပြီး ငွေဖြည့်အပိုဆု ရယူလိုက်ပါ။
- ငွေဖြည့်အပိုဆုကို MPT အချင်းချင်းဖုန်းခေါ်ဆိုခြင်းနှင့် SMS ပေးပို့ခြင်း ၊ သုံးသလောက် ကျသင့်မည့် အင်တာနက်အသုံးပြုခြင်းတို့အတွက် အသုံးပြုနိုင်ပါသည်။

www.mpt.com.mm · www.facebook.com/mptofficialpage · MPTOFFICIAL · CALL CENTER 106 call free 24 hours everyday

ဒေါ်သီတာဦး
B.Com (Q), CPA, Dip IFR(ACCA)
LCCI I,II&III 2018 June Exam
Level -II (7.1.18 စမည်) Level -III(14.1.18 စမည်)
(A)Sun 8:00 to 12:00 am
(B)Thur - Fri 9 to 11 am
(A) Fri - Sat 6:00 to 8:00 pm, Sun 2:00 to 8:00 pm
(B) Sat 4:00 to 8:00 pm, Sun 2:00 to 8:00 pm
Ph,095178297-09 785178297-09 965178297

WIN Japanese Language School

| | | |
|---|---|---|
| Basic,Intermediate | 13-12-2017 | Wed~Fri |
| N3 Grammar+Reading | 16-12-2017 | Sat,Sun |
| Inter Conversation | 16-12-2017 | Sat,Sun |
| N2 Kanji | 6-1-2018 | Sat,Sun |
| N2 Grammar+Reading | 6-1-2018 | Sat,Sun |
| Basic Conversation | 10-1-2018 | Wed~Fri |
| Basic,Inter,Pre Adv(I) | 3-2-2018 | Sat,Sun |

Tel: 01-299493
Tel: 09-780390093,09780390094

ကွန်ဒိုတိုက်ခန်းများရောင်းမည်
Ph:09-788630314, 09-953717149

"ကွန်ဒိုတိုက်ခန်း အမြန်ရောင်း/ငှါးမည်"

| | | | | |
|---|---|---|---|---|
| ၁။ရွှေအုန်းပင်အိမ်ရာ | (900Sqft) | 4/F | M1,BR,A/C | 1400L |
| ၂။အလုံ၊သီပွဲလမ်း | (15x55) | 4/F | Hall | 550L |
| ၃။မရမ်းကုန်းလမ်းသွယ် | (15x60) | 2/F | Hall | 470L |
| ၄။ကမာရွတ် | (14x50) | G/F | Hall | 20L |
| ၅။ကမာရွတ် | (18x45) | 3/F | BR1 | 4.2L |
| ၆။ | (25x35) | 2/F | B2,A/C2 | 4.2L |
| ၇။လှိုင် | (25x55) | 5/F | B2 | 4L |
| ၈။စမ်းချောင်းလမ်း | (18x65) | 4/F | BB2 | 3.7L |

Ph: 01 510600, 09 5012951, 09 5185539


## ဦးကျော်သူ(ခ)ဘိုသူနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက(၂၆)လမ်း၊ အမှတ်(၇၉၄)နေ ဒေါ်ပွင့်သီတာစိုး[၁၂/ဥကတ(နိုင်)၀၀၆၅၁၉]မှ တရားလိုပြုလုပ်၍ ဦးကျော်သူ(ခ)ဘိုသူ[၁၂/သဃက(နိုင်)၀၃၉၀၅၆]အား တရားပြိုင်ထားရှိကာ သင်္ဃန်းကျွန်းမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်-၁၄/၂၀၁၇ဖြင့် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုခဲ့ရာ တရားလို ဒေါ်ပွင့်သီတာစိုး စွဲဆိုသည့်အတိုင်း တရားပြိုင် ဦးကျော်သူ(ခ)ဘိုသူအား လင်မယားအဖြစ်မှ ကွာရှင်းခွင့်ရထိုက်ကြောင်း (၅-၆-၂၀၁၇)နေ့၌ အနိုင်ဒီကရီ ရရှိခဲ့ပါသည်။

